# ရန်ကုန်တက္ကသိုလ်

မဟာဝိဇ္ဇာ (မနုဿဗေဒ) ဘွဲ့အတွက် တင်သွင်းသောကျမ်း

# ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ်ပတ်ဝန်းကျင်ကျေးရွာများရှိ
# အရှို (မြေပြန့်) ချင်းတိုင်းရင်းသားတို့၏
# လူမှုရေးဖွဲ့စည်းပုံ

ကျမ်းတင်သွင်းသူ – မညွန့်ညွန့်ဝင်း

ဿ – ၃

( ၁၉၉၄ – ၉၆ )

မနုဿဗေဒ

# ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ်ပတ်ဝန်းကျင်ကျေးရွာများရှိ အရှို (မြေပြန့်) ချင်းတိုင်းရင်းသားတို့၏ လူမှုရေးဖွဲ့စည်းပုံ

ကျမ်းတင်သွင်းသူ

မညွန့်ညွန့်ဝင်း

သသ - ၃

(၁၉၉၄- ၉၆)

မနုဿဗေဒဌာန

ရန်ကုန်တက္ကသိုလ်

မာတိကာ


| စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ကျေးဇူးတင်လွှာ | | | | |
| နိဒါန်း | | | | ၁ |
| **အခန်း ၁။** | **သမိုင်းကြောင်းနှင့်ပထဝီဝင်အနေအထား** | | | |
| | (က) | အရှိုချင်းများပန်းတောင်းမြို့နယ်အတွင်းသို့ ရောက်ရှိလာပုံသမိုင်း | | ၃ |
| | (ခ) | ပထဝီဝင်အနေအထား | | ၇ |
| | | (၁) | ကျေးရွာများ၏တည်နေရာအကျယ်အဝန်း | ၈ |
| | | (၂) | အိမ်ခြေ၊ လူဦးရေ | ၁၀ |
| | | (၃) | အိမ်ပုံစံ | ၁၁ |
| | | (၄) | မြေမျက်နှာသွင်ပြင်နှင့်သဘာဝပေါက်ပင် | ၁၂ |
| | | (၅) | ရာသီဥတု | ၁၃ |
| | | (၆) | လမ်းပန်းဆက်သွယ်ရေး | ၁၃ |
| | (ဂ) | ကျေးရွာနေလူတို့၏ရုပ်ပိုင်းနှင့်ဝတ်စားဆင်ယင်ပုံ | | ၁၄ |
| **အခန်း ၂။** | **လူမှုရေးဖွဲ့စည်းပုံ** | | | |
| | (က) | မိသားစုဖွဲ့စည်းပုံ | | ၁၈ |
| | (ခ) | ဆွေမျိုးတော်စပ်ပုံစနစ် | | ၁၉ |
| | (ဂ) | ဆွေမျိုးအခေါ်အဝေါ်များ | | ၂၂ |
| | (ဃ) | အရိုက်အရာခံယူခြင်းနှင့်အမွေဆက်ခံခြင်း | | ၂၄ |
| | (င) | အပျိုလူပျိုဘဝ | | ၂၅ |
| | | (၁) | အချင်းချင်းဆက်ဆံရေး | ၂၇ |
| | (စ) | စေ့စပ်ကြောင်းလမ်းခြင်း | | ၂၉ |
| | (ဆ) | လက်ထပ်ထိမ်းမြားခြင်း | | ၃၂ |
| | | (၁) | ဝက်သည်းကြည့်မင်္ဂလာ | ၃၄ |
| | | (၂) | မင်္ဂလာလတ် | ၃၆ |
| | | (၃) | မင်္ဂလာကြီး | ၃၇ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|


| | | | |
|---|---|---|---|
| | (ဇ) | လင်မယားကွာရှင်းခြင်း | ၄၃ |
| | (ဈ) | မီးဖွားခြင်း | ၄၅ |
| | (ည) | ကင်ပွန်းတပ်ခြင်း | ၄၆ |
| | (ဋ) | မိခင်ကလေးကျန်းမာရေးနှင့်ကလေးပြုစုစောင့်ရှောက်ပုံ | ၄၈ |
| | (ဌ) | ကလေးငယ်ဘဝ | ၅၀ |
| | | (၁) ကစားခုန်ကစားနည်းများ | ၅၁ |
| | (ဍ) | နာမကျန်းဖြစ်ခြင်းနှင့်သေဆုံးခြင်း | ၅၃ |
| | | (၁) အသုဘအခမ်းအနား | ၅၇ |
| | | (၂) အေးမသာချခြင်း | ၆၂ |
| | | (၃) အစိမ်းသေခြင်း | ၆၃ |
| | | (၄) လိပ်ပြာခေါ်ခြင်း | ၆၄ |
| အခန်း ၃။ | | စီးပွားရေး | |
| | (က) | စိုက်ပျိုးရေး | ၆၆ |
| | (ခ) | မွေးမြူရေး | ၇၀ |
| | (ဂ) | အမဲလိုက်ခြင်း | ၇၂ |
| | (ဃ) | ငါးမျှားခြင်း | ၇၇ |
| | (င) | လက်မှုလုပ်ငန်း | ၇၇ |
| | (စ) | ရောင်းဝယ်ဖောက်ကားမှု | ၈၀ |
| | (ဆ) | အခစားလုပ်ငန်း | ၈၁ |
| | (ဇ) | လုပ်ငန်းခွဲခြားမှု | ၈၂ |
| | (ဈ) | လုပ်အားဖွဲ့စည်းပုံ | ၈၃ |
| | | (၁) အများနှင့်ဆိုင်သောလုပ်ငန်းများအတွက်စုပေါင်း ဆောင်ရွက်နည်းဖြင့်လုပ်အားဖွဲ့စည်းမှု | ၈၄ |
| | | (၂) ပုဂ္ဂလိကလုပ်ငန်းများအတွက်အပြန်အလှန်ကူညီ ခြင်းဖြစ်သော လက်စားလိုက် လုပ်အားဖွဲ့စည်းမှု | ၈၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း ၄။ | ဘာသာရေး၊ ရိုးရာယဉ်ကျေးမှုနှင့်စာပေ | |
| | (က) ယုံကြည်ကိုးကွယ်မှု | ၈၇ |
| | (၁) စုန်း၊ နတ်၊ ကဝေ စသည်တို့အပေါ် စွဲလမ်းယုံကြည်မှု | ၈၉ |
| | (၂) နတ်ကွန်းနှင့်နတ်ဆရာ | ၈၉ |
| | (ခ) ရိုးရာပွဲတော်များ | ၉၁ |
| | (၁) မြေတိုင်တည်ခြင်း | ၉၁ |
| | (၂) ပုန်းမကြည်တင်ခြင်း | ၉၁ |
| | (၃) လယ်ရှင်ကြီးတင်ခြင်း | ၉၂ |
| | (၄) ကောက်သစ်စားပွဲ | ၉၃ |
| | (၅) စပါးလိပ်ပြာသိမ်းပွဲ | ၉၆ |
| | (၆) တောင်ယာစပါးတင်း (၁၀၀) ပြည့်ပွဲ | ၉၈ |
| | (၇) မိုးကောင်းနတ်ကိုးပူဇော်ပွဲ | ၉၈ |
| | (၈) အိမ်သစ်တက်ပွဲ | ၁၀၀ |
| | (ဂ) စာပေ | ၁၀၁ |
| | (ဃ) တေးဂီတနှင့်အကအခုန် | ၁၀၄ |
| | (၁) ရိုးရာအကများ | ၁၀၅ |
| | (င) အုပ်ချုပ်ရေးနှင့်ထုံးတမ်းဥပဒေ | ၁၀၆ |
| နိဂုံး | | ၁၀၉ |
| ကျမ်းကိုးစာရင်း | | |
| တွေ့ဆုံဖြေကြားပေးသူများစာရင်း | | |

# ကျေးဇူးတင်လွှာ

ဤကျမ်းပြုစုရာတွင် အထွေထွေကြီးကြပ်သူ ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှူး ဆရာမကြီးဒေါ်တင်ရီနှင့်၊ ပြင်ပစာစစ်ဆရာမကြီး ဒေါ်သန်းနု(အငြိမ်းစား) တို့အားလည်းကောင်း၊ တွဲဘက်ကြီးကြပ်သူ ဆရာမကြီးဒေါ်နွဲ့နွဲ့၊ မနုဿဗေဒ ဌာနမှူး (အငြိမ်းစား) နှင့် ဆရာမကြီး ဒေါ်ကြင်ကြင်၊ မနုဿဗေဒဌာနမှူး(အငြိမ်းစား) အားလည်းကောင်း၊ ဤကျမ်းကို ကူညီ အကြံဉာဏ်ပေးသော ဆရာမကြီး ဒေါ်စိန်စိန်၊ အဆင်မြင့်ပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူး(အငြိမ်းစား) အားလည်းကောင်း၊ ဆရာမကြီးဒေါ်အေးမြင့်အားလည်းကောင်း၊ မနုဿဗေဒဌာနမှကထိကဆရာ ဦးကျော်ဟန် အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ဤကျမ်းဖြင့်မှတ်တမ်းတင် အပ်ပါသည်။

ဤကျမ်းဖြစ်မြောက်ရန် အဖက်ဖက်မှ ဝိုင်းဝန်းကူညီကြသော –

- ဦးမျိုးမင်း (ဒုတိယညွှန်ကြားရေးမှူး) နှင့် ဒေါ်မြသိန်း ကစလ (၄) ထုံးဘိုအားလည်းကောင်း၊
- ဒုအရာခံဗိုလ်ကျော်မြင့်နှင့်ဒေါ်တင်တင်နွဲ့(ဆောက်လုပ်ရေးတပ်ဆွယ်)ပြည်မြို့အားလည်းကောင်း၊
- ဆလိုင်းစိန်မောင် (အကျိုးဆောင် သာသနာ့ဝန်ထမ်း) နှင့် ဆမိုးနူးလုရီ၊ အထက်တန်းကျောင်းအုပ် (ငြိမ်း)အားလည်းကောင်း၊
- ဆမိုးအောင်ရှန်း (ခရစ်ယာန်ဓမ္မဆရာ) အားလည်းကောင်း၊
- ကျွဲရဲရွာ ဦးစိန်ဆန်းနှင့် ဒေါ်ခင်အေးအားလည်းကောင်း၊
- အရှင်အာလောက၊ ရေလယ်ကြီးကျောင်း (သရက်တော) အားလည်းကောင်း၊
- ဂုံညှင်းတန်း အထက မှ ဆရာမ ဒေါ်တင်နွယ်လှိုင် ၊ ဒေါ်ခင်ဝင်း၊ ဦးတင်ရှိန်၊ ဦးလှအေး၊ ဦးအောင်ချိုအေးတို့အားလည်းကောင်း၊
- ကျေးရွာငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များနှင့် ဝိုင်းဝန်းကူညီဖြေကြားပေးကြသော ရွာသူရွာသားများအားလည်းကောင်း၊ အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂါရဝပြုအပ်ပါသည်။

မညွှန့်ညွှန့်ဝင်း

ဿ – ၃

၁၉၉၄–၉၆

# နိဒါန်း

မြန်မာနိုင်ငံတွင် ထူးခြားသော အင်္ဂါရပ် အများအပြားရှိသည့်အနက် တိုင်းရင်းသားလူမျိုးစုများ မျိုးနွယ်အလိုက် များပြားစွာ ရှိနေသည်မှာ ထူးခြားသော အင်္ဂါရပ် တစ်ရပ်ဖြစ်သည်။ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ်ကြငှန်းဖြင့် မြန်မာနိုင်ငံသည် အာရှတိုက်တွင် ဘုန်းမီးနေလ တောက်ပခဲ့သည်မှာ သမိုင်းအထင်အရှား ရှိပေသည်။ ကမ္ဘာက အသိပင် ဖြစ်ပေသည်။ သို့သော် ဗြိတိသျှလက်အောက် ကျွန်သဘောက်ဘဝ ကျရောက်ခဲ့ခြင်းနှင့်တကွ လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင်လည်း တိုင်းရင်းသားလူမျိုးစုချင်း သွေးကွဲမှု၏ အဓိကပြဿနာကြောင့် တိုင်းပြည်မှာ တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပေ။ ယခုအခါ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်သော် စီးပွား ရေးတွင် များစွာ နောက်ကျကျန်ရစ်သည်ကို အထင်းသား တွေ့မြင်နိုင်ပေသည်။

ထိုသို့ နောက်ကျ ကျန်ရစ်ရခြင်းသည် တိုင်းရင်းသား လူမျိုးစုများ စည်းလုံးညီညွတ်မှုကို မတည်ဆောက်နိုင်ခြင်းသည် အဓိကဖြစ်သည်ဟု ဆိုနိုင်ပေသည်။ တိုင်းပြည်တွင်း အချင်းအချင်း မညီညွတ်လျှင် တည်ငြိမ်အေးချမ်းမှု မရရှိနိုင်ဘဲ တည်ဆောက်ရေး လုပ်ငန်းများ ဖွံ့ဖြိုးရေး အစီအစဉ်များကို မည်သည့်နည်းနှင့်မျှ အကောင်အထည်ဖော် ဆောင်ရွက်နိုင် မည်မဟုတ်ပေ။ တိုင်းရင်းသား လူမျိုးစုများသည် နှစ်ပဒိုင်းဆွေဒ ကြာမြင့်စွာကပင် တအူတုံဆင်း၊ ညီရင်းအစ်ကိုပမာ အေးအတူ၊ ပူအမျှအတူတကွ ငြိမ်းချမ်းစွာ နေထိုင်လာခဲ့ကြသည်ကို သမိုင်း တလျောက် တွေ့မြင်နိုင်ပေသည်။ သမိုင်းတလျောက်လုံးတွင် ပဒေသရာဇ် အုပ်ချုပ်ရေးစနစ်အောက်၌ တိုင်းရင်းသားအပေါင်းသည် တစည်းတလုံးတည်းရှိနေကြသည်။ ထိုသို့သော တိုင်းရင်းသား စည်းလုံးညီညွတ်မှုပျက်ပြားကာ အချင်းချင်း လက်နက်စွဲကိုင် တိုက်ခိုက်သည်အထိ ပဋိပက္ခဖြစ်ရခြင်း၏အကြောင်းရင်းကို ရှာဖွေသော် ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ရေးစနစ်ကို လက်ညှိုးထိုး၍ ပြနိုင်ပေသည်။ ဗြိတိသျှတို့သည် ကျူးကျော်စစ် သုံးကြိမ်ဖြစ်၍ မြန်မာနိုင်ငံအား သိမ်းပိုက်ခဲ့သည်။ ဗြိတိသျှတို့သည် သိမ်းပိုက်ကျွန်ပြုရုံမက တိုင်းရင်းသား အချင်းချင်း သွေးကွဲအောင် သွေးကွဲအုပ်ချုပ်ရေးစနစ်ကို ထိုစဉ်က ကျင့်သုံးခဲ့သည်။

[၁] မြန်မာနိုင်ငံတွင် အုပ်ချုပ်ရေးအရာရှိကြီး တစ်ဦးဖြစ်ခဲ့သူ ဖာနီဗယ်ကပင် "ဗြိတိသျှတို့၏ အုပ်ချုပ်ရေးသည် အမျိုးသားစည်းလုံးညီညွတ်ရေးကို လုံးဝ အားမပေးကြောင်း၊ ကျဉ်းမြောင်းသော လူမျိုးစုစိတ်၊ သီးခြားနေလိုသောစိတ်၊ သံသယစိတ်များ ပွားများစေရန် သွေးထိုးပေးကြောင်း၊ တောင်တန်းသားတို့ကို ဗမာတို့နှင့် ခွဲခြားရုံမက တောင်တန်း သားအချင်းချင်းကိုပင် လူမျိုးစုအလိုက် တသီးတခြား အကွဲကွဲအပြားပြား ရှိစေခဲ့ကြောင်း"[၁] အတိအလင်းထုတ်ဖော် ပြောဆိုခဲ့သည်ကပေါ်လွင်နေသည်။ ထို့ကြောင့်ပင် [၂]အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း က ပင်လုံစာချုပ် သဘောတူညီချက်ရသည့် အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် ညစာစားပွဲကျင်းပစဉ် အောက်ပါအတိုင်း ပြောကြားလိုက်ပါသည်။

"တတိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အား တိုက် လုပ်နိုင်မှသာ အကျိုးခံစားခွင့်ရရှိကြမှာဘဲ၊ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တစ်ခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှ သာ အကျိုးရှိနိုင်မယ်"[၂]

မျက်မှောက်အခြေအနေတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရန် မျှော်မှန်းထားသည်ဖြစ်ရာ ရှေးဦးစွာ တိုင်းရင်းသားလူမျိုးစုများ ညီညွတ်ရေးသည် မဖြစ်မနေ တည်ဆောက်အရယူမည်ဖြစ်သည်။ စည်းလုံးညီညွတ်ရေး တည်ဆောက်ယူသည့် နေရာ၌ လူမျိုးစု အချင်းချင်း တစ်ဦး၏ ဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုကို တစ်ဦးက အသိအမှတ်ပြုလျက် သိရှိနားလည်ထားမှသာ ထိုဓလေ့ထုံးတမ်း ယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်း စောင့်ရှောက် နိုင်ခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှာ ပိုမိုခိုင်မာလာမည် ဖြစ်ပေသည်။

နိုင်ငံအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အခိုင်အမာ တည်ဆောက်ပြီးနောက် နိုင်ငံ တကာနှင့်ရင်ဘောင်တန်းကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်စေရန် ကြိုးပမ်းနိုင်ရေးအတွက် တိုင်းရင်းသား လူမျိုးစုတို့၏ နေထိုင်မှု စရိုက်လက္ခဏာနှင့် ဓလေ့ထုံးတမ်း အစဉ်အလာများကို လေ့လာကာ မှတ်တမ်းတင်ကြရန် လိုအပ်ပေသည်။ သို့ဖြစ်၍ တိုင်းရင်းသား လူမျိုးတစ်မျိုးဖြစ်သည့် **အရှိုချင်းများ** ၏လူမှုရေးဖွဲ့စည်းပုံကို မနုဿဗေဒ ရှုထောင့်မှ ရေးသား ပြုစုရခြင်း ဖြစ်ပါသည်။

---

[၁] J.S. Furmival, The Governmance of Modern Burma, Institute of Pacific Relations, New York, 1960, P. 22

[၂] တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ ခုနှစ်အခြေခံဥပဒေ ပထမတွဲ စာ - ၂၇၇

## အခန်း ၁။

## သမိုင်းကြောင်းနှင့်ပထဝီဝင်အနေအထား

### (က) အရှိုချင်းများပန်းတောင်းမြို့နယ်အတွင်းသို့ရောက်ရှိလာပုံသမိုင်း

ပြည်ထောင်စု မြန်မာနိုင်ငံတွင် နေထိုင်လျက်ရှိကြသော ပြည်ထောင်စုသား တိုင်းရင်းသားများသည် တိဗက်–မြန်မာ၊ မွန်–ခမာနှင့် ထိုင်း–တရုတ် အနွယ် လူမျိုးကြီး သုံးမျိုးမှ ဆင်းသက်ပေါက်ဖွားလာကြသည်ဟု ဆိုပါသည်။ ထို့ကြောင့် အားလုံးသော ပြည်ထောင်စုဘွား တိုင်းရင်းသားလူမျိုးများသည် သွေးတူ၊ သားတူ ဆွေမျိုးတော်စပ်လျက်ရှိသော ညီအစ်ကို ဆွေမျိုးသားချင်းများဖြစ်ကြပါသည်။

[၁]ချင်းတို့သည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သော လူမျိုးအုပ်စု သုံးစုအနက် တိဗက်–မြန်မာ အုပ်စုဝင်များဖြစ်သည်။ မြန်မာရာဇဝင်အရ မြန်မာပြည် မြောက်ပိုင်း တကောင်းပြည်တည်စ အခါသမယတွင် မြန်မာပြည်သို့ လူမျိုးကြီး (၃) မျိုး ဝင်ရောက်လာသည်ဟုအဆိုရှိလေသည်။ ယင်းတို့မှာ ပျူ၊ ကမ်းယံ၊ သက် တို့ဖြစ်ကြသည်။ သက်လူမျိုးမှာ အရှိုချင်းလူမျိုးများပင်ဖြစ်သည်။

သမိုင်းပညာရှင် အိပ်(ချ)ဘီဟာဗေးက ချင်းနှင့်သက် ဆက်နွယ်ပုံကို အောက်ပါအတိုင်း ဖော်ပြထားပေသည်။ ချင်းတို့သည် မွန်ဂို လူမျိုးကြီးအနွယ်၊ တိဗက်–မြန်မာ အဆက်ဖြစ်သော သက်လူမျိုးများအဖြစ်နှင့် ရှေးဦးစွာ ထင်ရှားခဲ့ကြသည်။ သက်လူမျိုးများသည် (၁၁) ရာစုနှစ်ထက်စော၍ အရှေ့ပိုင်း တိဗက်ဒေသမှ မြန်မာပြည်တွင်းသို့ သက်ဆင်းဝင်ရောက်လာကာ အခြေစိုက်နေထိုင်ခဲ့ကြပြီးဖြစ်၏။[၁]

သမိုင်းပါမောက္ခ လူစ်၏ တွေ့ရှိချက်အရ ချင်းလူမျိုးများသည် မြန်မာပြည်အတွင်းသို့ ခရစ်သက္ကရာစ် (၄၀၀) နှင့် (၈၀၀) အကြားဝင်ရောက်သည်ဟု ၁၉၉၄ ခုနှစ် အောက်ချင်းငှက်စာစောင်က ဖော်ပြထားသည်။

---

[၁] မင်းတပ်ဘုန်းနိန်း။ ချင်းတောင်သမိုင်း၊ ၁၉၈၆ စာ – ၉၊ ၁၉

[၁]၉၆၈–၆၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ချင်းတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှု ဆပ်ကော်မတီနှစ်ပတ်လည်မဂ္ဂဇင်းစာမျက်နှာ(၄)နှင့် (၅) တွင် ဆလိုင်းစောဖေ (ရန်ကုန်တက္ကသိုလ်) က ချင်းလူမျိုးများအကြောင်း လေ့လာချက် ဆောင်းပါးတွင် ဤသို့ရေးသား ဖော်ပြထားသည်။

မြန်မာ့သမိုင်း၊ မြန်မာရာဇဝင်တို့တွင် 'သက်' လူမျိုးတို့သည် များစွာအရေးပါသည်ကို တွေ့ရ၏။ သာကီဝင်မင်းမျိုး အဘိရာဇာသည် မြန်မာနိုင်ငံသို့ ဝင်ရောက်မလာမီအချိန်ကပင် "တကောင်းပြည်" ကို သက်တို့က တည်ထောင်ခဲ့ကြသည်ဟုအချို့သောသုတေသီတို့ကယူဆကြ၏။

တဖန် မြန်မာ့သမိုင်းတွင် ရှေးဟောင်းမြို့နိုင်ငံအဖြစ်သို့ ထင်ရှားခဲ့သော သရေခေတ္တရာတွင် ပျူ၊ မြန်မာ၊ သက်နှင့် ကမ်းရံတို့ တရင်းတနှီး အတူတကွ နေထိုင်ခဲ့ကြသည်ဟု သမိုင်းသုတေသီတို့က ဆိုကြ၏။ ပျူလူမျိုးတို့သည် မြန်မာများနှင့် ရောနှောကာ မြန်မာများဖြစ်လာကြပြီး၊ ကမ်းရံများသည်ကာ ရခိုင်တိုင်းသို့ ထွက်ခွာကာ ရခိုင်လူမျိုးများ ဖြစ်လာကြသည်ဟု သုတေသီတို့က ယူဆကြသည်။ သက်လူမျိုးများမှာမူ မည်သည့်အရပ်ဖက် ထွက်ခွါသွားသည်ဟူ၍ သမိုင်းတွင် ဖော်ပြထားခြင်း မရှိပေ။ ထို့ကြောင့် သက်လူမျိုးများသည် သရေခေတ္တရာ အနီးတဝိုက်တွင်လည်းကောင်း၊ (သို့မဟုတ်) ပြည်ခရိုင်အတွင်းတွင်လည်းကောင်း ပျံ့နှံ့နေထိုင်လျက်ရှိကြပြီး ယခုအခေါ် ချင်းလူမျိုးများ ဖြစ်လာနိုင်စရာ အကြောင်းများစွာရှိပါသည်။ ယခုအချိန်တွင်လည်း ချင်းလူမျိုးများကို ပြည်မြို့ပေါ်တွင်သာမက ပြည်ခရိုင်အတွင်းတွင်ပင် များစွာ ပျံ့နှံ့နေထိုင်လျက်ရှိကြပေသည်။

မြန်မာသမိုင်းစတင်သော ပုဂံခေတ်တွင် ကျွန်ုပ်တို့ချင်းလူမျိုးများအား သက်လူမျိုးဟု ခေါ်ဝေါ်ခဲ့၏။ယင်းသို့ချင်းလူမျိုးများအား သက် ဟုခေါ်ခြင်းသည် အင်းဝခေတ်၊ ကုန်းဘောင်ခေတ် တိုင်အောင် တည်မြဲလျက်ရှိခဲ့၏။ ထို့နောက်တွင်မှ သက်တို့အား ချင်းဟု တဖြည်းဖြည်း ခေါ်ဝေါ်လာကြကြောင်း အောက်ပါ ကျောက်စာ အထောက်အထားများအရ သိရှိရပေသည်။

(၁) "သက်မြန်ချင်းကို အစိုးရသော ကစ္စပတိ၊ အသပတိမည်သော ပန်းသေမင်းတို့၏ အမျိုး အနွယ်ဖြစ်သော ရခိုင်မင်းသည် ပိုးခေါင်ဆဲထပ်ကို ကျူး၍ အဘိုးအတိုင်းမသိဖြစ်သော မြရှင်လက်ကောက်ကို ဦးတင်၍ ဆက်ပြီးသော" ။ ၈၀၆ – ခုစွဲ၊ စစ်ကိုင်းမြို့ ထူပါရုံ စေတီကျောက်စာ။ ၂၁/၂၂။

(၂) "ချင်းလင်းအပြင်၊ ရခိုင်သံတွဲ သက်ခပဲတို့၊ တမူလေည်းအစိုဝ်းရစင်ပြီးထသော"။ ၈ဝ၈–ခုစွဲ၊ စစ်ကိုင်းမြို့ မဟာသီဟသူရကျောင်း[၁] ကျောက်စာ။ ၅။ ၈၁၆–ခုစွဲ၊ စစ်ကိုင်းမြို့ သစ်ဆိမ့်ကတော်ကျောင်းကျောက်စာ။ ၅။

(၃) "ရခိုင်ဟဲးရမ်၊ သက်မြမ်ကံးရမ်၊ တောင်ဗမ်းတလျောက်၊ အနောက်ပဋိတ္တရား စသော၊ သဘော်ကုလား၊ ကန်ဂူ၊ နေားကြီး၊ ရေပေါ်မီးက (တောက်)၊ အမြီးရောက်တသင်း၊ ချင်းလင်းသိန်းပေါ၊ ထမုန်တဂူ စသော အရိုင်းစုနေရာ ဟိမဝန္တာတောဖျား "။ ၁၁၄၆ – ခုစွဲ၊ အမရပူရ မန္တလေး မဟာမြတ်မုနိဘုရား ကျောက်စာ။ ၂၈၊ ၂၉။

အထက်ဖော်ပြပါ ကျောက်စာကို ကြည့်ခြင်းအားဖြင့် ချင်းလူမျိုးအား 'သက်' ဟူ၍လည်းကောင်း၊ မြန် (မြမ်) ဟုလည်းကောင်း ခေါ်ဝေါ်ခဲ့ကြသည်ကို တွေ့ရသည်။ အမှန်မှာ 'သက်' သည်လည်း ချင်း လူမျိုးဖြစ်ပြီး၊ 'မြန် (မြမ်)' သည်လည်း ချင်းလူမျိုးပင်ဖြစ်သည်။ မြမ် အား ယခုအခါ 'မျို' ဟု ခေါ်ဆိုပါသည်။[၁]

သံလယ်ကြီးကျေးရွာ၊ ချင်းစာပေ ဥက္ကဋ္ဌ ဖုံဂျီဆိုင်၏ ပန်ကြားလွှာတွင် အရှိုချင်းလူမျိုးများသည် နှစ်ပေါင်း ၂ဝဝ စုလောက်က ရွာပိုင်သူကြီး၊ တောင်ပိုင်သူကြီး၊ နယ်ပိုင်သူကြီး၊ ချောင်းပိုင်သူကြီး ဟူသော ကြီးလေးကြီးသည် ပဒေသရာဇ်စနစ်ဖြင့် အုပ်စိုးနေကြသည်။ တောင်ယာများတွင် စိုက်ပျိုးထားသော စပါး၊ ပြောင်း၊ ဝါ၊ နှမ်းများကို အခွန်တော် ထမ်းဆောင်ရသည့် ပဒေသရာဇ်တို့၏ တန်ခိုးပြိုင်ဆိုင်မှုကြောင့် အရှိုချင်း လူမျိုးလေးစုကွဲပြီး တရွေ့ရွေ့နှင့် ရေကြည်ရာ မြက်နုရာ ဆိုသလို ဆင်းသက်လာကြကာ ယခု ပြည်ထောင်စုအတွင်းမှာ မြေပြန့် အရှိုချင်း အမည်ခံပြီး လယ်ယာကိုင်းကျွန်း စိုက်ပျိုးလုပ်ကိုင်ပြီး အေးအေးဆေးဆေး နေထိုင်ကြပါသည်။

ထိုမျိုးနွယ်စုလေးစုမှာ အရှေ့ရိုးမတောင်တန်းဘက်သို့ ခွဲထွက်သွားသော အရှိုချင်းလူမျိုး ကွန်စစ်ကန် အုပ်စု၊ အနောက်ဘက် ရခိုင်ရိုးမတောင်တန်းဘက်သို့ ခွဲထွက်သွားသော အရှိုချင်းလူမျိုး ပအဆံတုံ အုပ်စု၊ ချင်းတွင်းမြစ် အထက်ပိုင်း မြောက်ဘက် ပုံတောင်၊ ပုံညာသို့ ခွဲထွက်သွားသော အရှိုချင်းလူမျိုး ကျွမ်းတလံတိုင်အုပ်စု သားပေးသမီးယူ မတည့်ကြ၍ တောင်ဘက် ရောဝတီဖြစ် တစ်ခြမ်းသို့ ခွဲထွက်သွားသော အရှိုချင်းလူမျိုး၊ ဇော်ဂျီ–မြင်တက် အုပ်စုဟူ၍ ဖြစ်သည်။

---

[၁] မင်းတပ်ဘူနိန်း။ ချင်းတောင်သမိုင်း၊ ၁၉၆၅ ရ။ စာ – ၁၆၊ ၁၇၊ ၁၈၊၁၉

ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းများသည် ဇော်ဂျီ–မြင်တက် မျိုးနွယ်စုတွင် ပါဝင်သည်။ ထိုမျိုးနွယ်စု အစုအတွင်းတွင် မျိုးနွယ်စုပေါင်း (၃၅) စုပါဝင်ကြောင်း လေ့လာသိရှိရသဖြင့် [၁] **ဆွေမျိုးတော်စပ်ခြင်းအလိုက်အုပ်စုဖွဲ့ခြင်း** မျိုးတွေ့ရသည်။ အရှိုချင်း အမျိုးသမီးတစ်ဦးသည် မိမိမျိုးနွယ်စုထဲမှ မဟုတ်ဘဲ အခြားမျိုးနွယ်စုထဲမှ ယောကျာ်းလေးတစ်ဦးနှင့် လက်ဆက်ပါက မိမိအမျိုးပျောက် ရလေသည်။ မွေးလာသော သားသမီးများမှာ အဖ၏ ဆွေမျိုးနွယ်စုဝင်များဖြစ်သည်။ ထို့ကြောင့် အရှိုချင်းများတွင် [၂] **ဖမျိုးဆက်ယူစနစ်**ကို ယခုတိုင် ကျင့်သုံးကြောင်း လေ့လာတွေ့ရှိရပါသည်။ အရှိုချင်းများတွင် ရှေးယခင်က နာမည်ရှေ့တွင် ဖခင်၏ အမည်ထည့်ကာ [၃] **ကလင်အုပ်စုလိုက်** မှည့်ခေါ် ခြင်းဖြစ်သည်။ (ကင်ပွန်းတပ်မင်္ဂလာတွင်ရှုပါ) ယခုအခါ အမျိုးသားများ၏ နာမည်ရှေ့တွင် 'ဆလိုင်း' ၊ မြန်မာစကားဖြင့် 'မောင်' ၊ အမျိုးသမီးများ၏ နာမည်ရှေ့တွင် 'မိုင်'၊ မြန်မာဘာသာ စကားဖြင့် 'မ' ဟု တည့်ခေါ်လာကြသည်။

၁၉၃၃ ခုနှစ် ပျဉ်းမနားမြို့၌ ပြုလုပ်သော ချင်းနှစ်ခြင်း ကွန်ဖရင့် အစည်းအဝေးကြီးမှ တောင်ပိုင်းချင်းကို အရှိုချင်းဟူသော အမည်သတ်မှတ်၍ အမျိုးသားအမည်ရှေ့တွင် 'ဆလိုင်း' အမျိုးသမီးအမည်ရှေ့တွင် 'မိုင်' ဟူ၍ သတ်မှတ်အသုံးပြုရန် ချင်းနေရှယ်နယ် အသင်းကြီးမှ ဆုံးဖြတ်ပြီး ပြည်ပိုင် အင်္ဂလိပ်အစိုးရထံသို့ တင်ပြအသိအမှတ်ပြုစေခဲ့ပါသည်။

မြေပြန့်နေ ချင်းများသည် မိမိတို့ကိုယ့်ကို အရှို ဟု ခေါ်ဆိုခဲ့ကြပြီး မြန်မာပြည်တွင် ချင်းအုပ်စုထဲ ပါဝင်နေခြင်းကြောင့် အရှိုချင်း (Asho-Chin) ဟု သတ်မှတ် ခေါ်တွင်ခဲ့သည်။ အမျိုးသား အမည်ရှေ့တွင် အသုံးပြုသော 'ဆလိုင်း ' (Salai)အဓိပ္ပါယ်မှာ ရဲရင့်ခြင်း၊ သူရသတ္တိနှင့် ပြည့်စုံခြင်းဖြစ်သည်။ အမျိုးသမီးများ၏ အမည်ရှေ့တွင် သုံးစွဲသော 'မိုင်' (Mai)မှာ ပြည့်စုံခြင်း၊ ကျက်သရေ မင်္ဂလာရှိခြင်းကို ဖော်ညွှန်းပါသည်ဟု ဆလိုင်းတိုက်မောင်၊ သိက္ခာတော်ရ (နှစ်ကျပ်ခွဲရွာ) ၏အရှိုနှစ်ခြင်း ခရစ်ယာန် သာသနာ့သမိုင်း မှတ်တမ်းများတွင် ဖော်ပြထားပါသည်။

---

၁ Social grouping based on kinship

၂ Patrilineal descent rule

၃ Clan

အရှိုချင်းများမှာ လူဦးရေ လေးသိန်းကျော်ရှိ၍ သံတွဲ၊ ကျောက်ဖြူ၊ စစ်တွေ၊ ပုသိမ်၊ ဟင်္သာတ၊ ပြည်၊ သရက်၊ မင်းဘူး၊ မကွေး၊ ရမည်းသင်း၊ တောင်ငူ၊ ပဲခူး၊ သာယာဝတီ၊ အင်းစိန်၊ ရန်ကုန်စသော ခရိုင်များ၌ အသီးသီးပျံ့နှံ့လျက် ယနေ့တိုင် နေထိုင်ကြသည်။

## (ခ) ပထဝီဝင်အနေအထား

ပဲခူးတိုင်း၊ ပြည်ခရိုင် အနောက်ပိုင်းရှိ ပန်းတောင်းမြို့သည် မြောက်လတ္တီတွဒ် (၁၈) ဒီဂရီ (၂၁) မိနစ် နှင့် (၁၈) ဒီဂရီ (၅) မိနစ် အကြား၊ အရှေ့လောင်ဂျီတွဒ် (၅၄) ဒီဂရီ (၄၁) မိနစ် နှင့် (၉၅) ဒီဂရီ (၁၃) မိနစ်အကြား တည်ရှိပြီး ရန်ကုန်မြို့မှ အနောက်ဘက်ယွန်းယွန်း (၁၄၆) မိုင် အကွာအဝေးတွင်တည်ရှိသည်။ အရှို (မြေပြန့်) ချင်းအများဆုံး စုဝေးနေထိုင်ရာ မြို့နယ် တစ်ခုဖြစ်သည်။ သို့ဖြစ်၍ အရှိုချင်းတိုင်းရင်းသားတို့၏ လူမှုရေးဖွဲ့စည်းပုံကို လေ့လာရန် ပန်းတောင်း မြို့နယ်ကို ရွေးချယ်ခဲ့ပါသည်။ ပန်းတောင်းမြို့သည် တောင်ကုတ်သို့သွားသော ကားလမ်းပေါ်တွင် တည်ရှိပါသည်။ မြို့နယ်များအရ ကြည့်လျှင် တောင်ဘက်တွင် ကြို့ခင်းမြို့နယ်၊ အနောက်ဘက်တွင် တောင်ကုတ်မြို့နယ် မြောက်ဘက်တွင် ကမ္မမြို့နယ်၊ အရှေ့ဘက်တွင် ဧရာဝတီ မြစ်တဘက်ကမ်းရှိ ပြည်မြို့နယ် တို့နှင့် ဆက်စပ်လျက်ရှိသည်။ မြို့နယ် နှင့် မြို့တည်ရှိပုံကို ကြည့်လျှင် မြောက်ဘက် တွင် ပူပြင်းခြောက်သွေ့ပြီး အပူပိုင်းသီးနှံဖြစ်သည့် နှမ်း၊ မြေပဲ နှင့် ပဲအမျိုးမျိုး ထွက်သည့် မကွေးတိုင်းနှင့်လည်းကောင်း၊ တောင်ဘက်တွင် ဧရာဝတီတိုင်းနှင့် လည်းကောင်း၊ အရှေ့ဘက်တွင် ဆန်စပါး၊ ဂုံလျှော် စသည်တို့ထွက်ရှိသည့် ပဲခူးတိုင်းနှင့် သစ်ဝါးများ ထွက်ရှိရာ ပဲခူးရိုးမနှင့်လည်းကောင်း၊ အနောက်ဘက်တွင် သစ်ဝါးနှင့် ပင်လယ်ထွက် ပစ္စည်းထွက်ရှိရာ ရခိုင်ရိုးမနှင့် ရခိုင်ပြည်နယ်များ အကြားတွင် တည်ရှိပါသည်။

မြို့နယ်၏ အကျယ်အဝန်းမှာ ဧရိယာစတုရန်းမိုင်ပေါင်း (၉၆၈) မိုင်ရှိသည်။ ပန်းတောင်း မြို့နယ်သည် မြန်မာနိုင်ငံ အလယ်ပိုင်းမိုးနည်းဒေသနှင့် တောင်ဘက်ရှိ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသ၏ အကူးအပြောင်းဇုံဖြစ်သည်။ မြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းဧရိယာမှာ မြို့နယ်၏ တစ်ဝက်နီးပါးရှိပြီး သစ်ပင်ဝါးပင်များ စိမ်းလန်းစိုပြေကာ သာယာလှသော မြို့နယ် တစ်ခုပင် ဖြစ်ပေသည်။ ပန်းတောင်းမြို့နယ် အတွင်းတွင် အရှိုချင်း ကျေးရွာပေါင်း (၃၅) ရွာရှိသည့် အနက် ဂုံညှင်းတန်းချင်းရွာ၊ ပဲကြီးချင်းရွာနှင့် သံလယ်ကြီးချင်းရွာများကို ကွင်းဆင်း

သုတေသနပြုကာ ထိုရွာများအတွင်းရှိ အရှိုချင်းတို့၏ လူမှုရေးဖွဲ့စည်းပုံကို ကျမ်းပြုရေး သားရခြင်း ဖြစ်ပေသည်။ ပန်းတောင်းမြို့နယ် အတွင်းတွင် အရှိုချင်း လူဦးရေ စုစုပေါင်း (၆၀၀၀) ကျော် ရှိရာ မြို့နယ် လူဦးရေ၏ (၆) ရာခိုင်နှုန်းပင် ဖြစ်လေသည်။ ထို့ကြောင့် "ပန်းတောင်းမှန်လျင် ချင်း"ဟု အဆိုရှိခြင်းဖြစ်ပေမည်။ ပန်းတောင်းမြို့နယ် တစ်ခုလုံးတွင် မြို့နယ်တွင်း ဆိုင်းဘုတ်များ၊ ပညာပေး ပိုစတာများ၊ ချိတ်ဆွဲထားသည်မှာ မြန်မာဘာသာနှင့်သာမက အရှိုချင်း ဘာသာနှင့်ပင် စိုက်ထူထားသည်ကိုလည်း တွေ့မြင်ရပါသည်။

## (၁) ကျေးရွာများ၏တည်နေရာအကျယ်အဝန်း

ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်ရှိ ကျေးရွာများထဲမှ ဂုံညှင်းတန်းချင်းရွာ၊ ပဲကြီးချင်းရွာ၊ သံလယ်ကြီးချင်းရွာစသည့် ရွာသုံးရွာတွင်ရှိသည့် အရှိုချင်း တိုင်းရင်းသား များ၏ လူမှုရေးဖွဲ့စည်းပုံကို လေ့လာခဲ့ပါသည်။

**ဂုံညှင်းတန်းချင်းရွာ** သည် ကွင်းလှကျေးရွာအုပ်စုတွင် ပါဝင်ပြီး ပန်းတောင်းမြို့၏ တောင်ဘက် (၁၆) မိုင်ကွာတွင် တည်ရှိကာ အကြီးစား စက်မှုလုပ်ငန်း က.စ.လ (၄) ၏ အရှေ့ဘက် (၁) ဖာလုံအကွာတွင် တည်ရှိသည်။ ဂုံညှင်းတန်းချင်းရွာနှင့် ဂုံညှင်းတန်း မြန်မာရွာတို့ကို ဒိုးနွယ်ချောင်းဖြင့် ပိုင်းခြားထားသည်။ ဒိုးနွယ်ချောင်းနဘေးတွင် ဂုံညှင်းပင် များပေါက်သည့်ချောင်း၏ တစ်ဖက်တစ်ချက်စီတွင် ချင်းရွာသတ်သတ်၊ မြန်မာရွာသတ်သတ် သီးသန့်စီ တည်ရှိသည်။ ဒိုးနွယ်ချောင်းမှ ရေများရရှိသဖြင့် ယာခင်း လယ်ကွက်များ၊ သစ်ပင်၊ ဝါးပင်များ နှင့် ညှို့မှိုင်းအုံ့ဆိုင်းကာ သာယာလှသည်။ ပုသိမ်၊ မုံရွာလမ်းမှ အနောက်ဘက်သို့ ခွဲထွက်သွားသော မြေလမ်းအတိုင်း သွားရ၍ ဂုံညှင်းတန်း ကျေးရွာ ရောက်သည်အထိ ကားလမ်းပေါက်သည်။ ရွာဦးထိပ်တွင် တွေ့ရသော စေတီ၊ ရွာအတွင်း တွင် တွေ့ရှိလေ့လာခွင့်ရခဲ့သော ခရစ်ယာန် ဘုရားရှစ်ခိုးကျောင်းစသည် တို့ကို တွေ့ရ သဖြင့် ယခုအခါ ဗုဒ္ဓဘာသာတို့၏ ထုံးတမ်းစဉ်လာအလေ့အထများကို ကျင့်သုံးသည် သာမက ခရစ်ယာန်တို့၏ ထုံးတမ်းစဉ်လာများကိုလည်း ကျင့်သုံးကြသည် ဖြစ်ကြောင်း တွေ့ရှိရလေသည်။ ဂုံညှင်းတန်းချင်းရွာကို လွန်ခဲ့သည့် နှစ်ပေါင်း (၃၅၀) လောက်မှ ချင်းအမျိုးသား စေလေရောင်ထု ဆိုသူက စတင်တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ယခုအခါ

ရွာ၏ အကျယ်အဝန်းမှာ အလျား (၂၁၄၅) ပေ၊ အနံ (၁၃၂၀) ပေ ရှိပြီး ဧရိယာ စတုရန်းမိုင်ပေါင်း (၀.၁၀) မိုင်ရှိသည်။

ထိုဂုံညှင်းတန်းရွာမှ ထွက်ခွါ၍ ပုသိမ်၊ မုံရွာ ကားလမ်းမအတိုင်း မြောက်ဘက်သို့ ဆက်လက်ထွက်ခွါရာ ကားလမ်းတစ်လျောက်တွင် ရွာငယ်များနှင့် ကာကွယ်ရေးပစ္စည်း စက်ရုံ အမှတ် (၃) ကိုလည်းတွေ့ရသည်။ သူရဲတန်းချောင်း တံတားကိုဖြတ်အပြီး ကားလမ်းနံဘေးတွင်ပင် ပဲကြီးရွာကို တွေ့ရသည်။ ပဲကြီးမြန်မာရွာကို ဖြတ်ပြီးမှ ပဲကြီးချင်း ရွာသို့ ရောက်သည်။ **ပဲကြီးချင်းရွာ** သည် ပန်းတောင်းမြို့မှ (၁၁) မိုင်ခန့် အကွာအဝေးတွင် တည်ရှိသည်။ ပဲကြီးချင်းရွာသည် သူရဲတန်းချောင်းနံဘေးတွင်တည်ရှိ သဖြင့် လယ်ကွင်းများ၊ ယာကွင်းများ၊ ကိုင်းကွက်များ ဝိုင်းရံကာ စိမ်းလန်းစိုပြေ လျက်ရှိသည်။ ရွာဦးထိပ်တွင် သရက်ပင်ကျင်းဘုန်းတော်ကြီးကျောင်းကို တွေ့ရသည်။ ခရစ်ယာန် ဘုရားရှစ်ခိုးကျောင်း ကိုလည်း တွေ့ရသဖြင့် ထိုရွာရှိ အရှိချင်းများသည် အချို့မှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ပြီး၊ အချို့မှာ ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြကြောင်းသိရသည်။ ပဲကြီးချင်းရွာတွင် ယခုအခါ တွဲဘက် အလယ်တန်းကျောင်း တစ်ကျောင်းရှိသည်။ ထိုအလယ်တန်းကျောင်းမှ အောင်လျင် သူရဲတန်း တွဲဘက် အထက်တန်းကျောင်းသို့ စက်ဘီးများနှင့် တက်ကြရသည်။ သို့ဖြစ်၍ စာပေတတ်သူ အတော်များကာလမ်းပန်းဆက်သွယ်ရေးလည်းကောင်းမွန်သည်။ ပဲကြီးချင်းရွာ ကို လွန်ခဲ့သော နှစ်ပေါင်း (၃၅၀) လောက်မှ ချင်းအမျိုးသား ထောင်ဖောက်ငန်းကြီး ဆိုသူ စတင်တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ယခုအခါ ပဲကြီးချင်းရွာ၏ အကျယ်အဝန်းမှာ အလျား (၁၉၈၀) ပေ၊ အနံ (၁၃၂၀) ပေ ရှိပြီး ဧရိယာစတုရန်းမိုင် (၀. ၀၉) မိုင်ရှိသည်။

ပဲကြီးချင်းရွာမှ ပုသိမ်၊ မုံရွာလမ်းအတိုင်း မြောက်ဘက်သို့ ဆက်လက်ထွက်ခွါ လာရာ (၉) မိုင်အကွာတွင် သံလယ်ကြီးရွာသို့ ရောက်ရှိသည်။ **သံလယ်ကြီးကျေးရွာ**တွင် လည်း သံလယ်ကြီးမြန်မာရွာ နှင့် ချင်းရွာကို စည်းရိုးနှင့်ပိုင်းခြားထားသည်။ တောင်တန်း အစိတ်အပိုင်းဖြစ်သည့် ကုန်းရိုးများ ပေါ်များသဖြင့် ရွာမရောက်မီ ကုန်းရိုးနှစ်ခုကြား မြေ လမ်းအတိုင်း ရွာအတွင်းသို့ ဝင်သွားရသဖြင့် လျှိုတစ်ခုအတွင်းဝင်သွားရသကဲ့သို့ ခံစားရ သည်။ ရွာထိပ်မှ လှမ်းကြည့်လျင် (၅) ဖာလုံ အကွာတွင်လည်း အရိုးတောင်ရှိသည်။

ရွာထိပ်တွင်ပင် စာသင်ကျောင်းနှင့်ဘုန်းတော်ကြီးကျောင်းရှိသည်။ ခရစ်ယာန် ဘုရားကျောင်းမှာ ရွာအနောက်ပိုင်းတွင်ရှိသည်။ ရွာအဝင် မြေနိမ့်ပိုင်းတွင်လည်း စပါးခင်းများ တွေ့ရသည့်အပြင် သစ်ပင်များစိမ်းစိုကာ တောင်များ၊ ကုန်းရိုးများ ဝိုင်းရံလျက် သာယာလှပသည့် ရွာလေးပင်ဖြစ်ပေသည်။ သံလယ်ကြီးချင်းရွာကို လွန်ခဲ့သည့် နှစ်ပေါင်း (၃၀၀) လောက်က ဆိုင်ဒုံတိုင်ဆီ နှင့် ဆိုင်ဒုံတောင်ဆီ ညီအစ်ကို (၂) ယောက် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ သံလယ်ကြီးချင်းကျေးရွာ၏ အကျယ်အဝန်းမှာ အလျား(၂၃၁၀) ပေ နှင့် အနံ (၂၁၄၅) ပေ ရှိပြီး ဧရိယာ စုတုရန်းမိုင် (၀.၁၈) မိုင်ရှိသည်။

အထက်ပါချင်းရွာ (၃) ရွာကို ခြုံ၍ လေ့လာကြည့်လျှင် ခရစ်ယာန် ဘုရားကျောင်းနှင့် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းပါ တွေ့ရသဖြင့် ယခုအခါ အရှိုချင်းများမှာ ခရစ်ယာန် ဘာသာဝင်နှင့် ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြပြီဖြစ်သည်။ သို့သော် ပုစ္ဆာန်းဆရာ (နတ်ဆရာ) များရှိနေသေးသဖြင့် ရိုးရာယုံကြည်မှုများကိုလည်း ပစ်ပယ်ထားခြင်းမရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။ ထို့ပြင် မြန်မာရွာများနှင့် အရှိုချင်း ကျေးရွာများမှာ နီးကပ်လျက်ရှိကြသော်လည်း ရောနှောခြင်းမရှိကြောင်း၊ မြန်မာနှင့် အရှိုချင်းလူမျိုးများ လက်ထပ်ကြသည်မှာပင် လွန်စွာရှားပါးကြောင်း၊ အရှိုချင်းများမှာ မိမိတို့၏ ရိုးရာဓလေ့များဖြင့် သီးသန့်နေထိုင်ကြ ကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၂) အိမ်ခြေ၊ လူဦးရေ

ပန်းတောင်းမြို့နယ် အတွင်းရှိ ချင်းရွာလေးများတွင် အများစုမှာ အရှိုချင်းများ ဖြစ်ကြ၍ ကရင်နှင့်ဗမာအနည်းငယ်သာနေထိုင်ကြသည်။ ဂုံညှင်းတန်းချင်းရွာ၊ ပဲကြီးချင်းရွာ နှင့် သံလယ်ကြီးချင်းရွာတို့၏ ၁၉၉၆ ခု၊ လူဦးရေစာရင်းအရ ဂုံညှင်းတန်းချင်းရွာတွင် အိမ်ခြေ(၁၂၀) ရှိသည့်အနက် (၁၀၈) အိမ်မှာ အရှိုချင်းအိမ်ဖြစ်ပြီး ကရင် (၄) အိမ်၊ မြန်မာ (၈) အိမ်ဖြစ်သည်။ လူဦးရေ စုစုပေါင်း (၅၄၄) ရှိပြီး ၊ အရှို ချင်း လူဦးရေမှာ (၄၅၀) ရှိသည်။ အရှိုချင်း (ရ၂) အိမ်မှာ ဗုဒ္ဓဘာသာ ဖြစ်ပြီး (၃၆) အိမ်မှာ ခရစ်ယာန်ဘာသာ ဖြစ်ကြောင်းသိရသည်။

ပဲကြီးချင်းရွာတွင် ၁၉၉၅ ခု သန်းခေါင်စာရင်းအရ အိမ်ခြေ (၈၉) အိမ်တွင် အရှိုချင်းအိမ် (၈၀) နှင့် မြန်မာ (၉) အိမ်ရှိသည်။ လူဦးရေ စုစုပေါင်းမှာ (၃၄၄) ရှိပြီး၊ အရှိုချင်းလူဦးရေမှာ (၂၉၀) ရှိသည်။ အရှိုချင်း (၆၆) အိမ်မှာ ဗုဒ္ဓဘာသာဖြစ်ပြီး (၁၄) အိမ်မှာ ခရစ်ယာန်ဘာသာ ဖြစ်ကြောင်း သိရသည်။


သံလယ်ကြီးချင်းရွာတွင် ၁၉၉၆ ခုနှစ် သန်းခေါင်စာရင်းအရ အိမ်ခြေ (၁၅၂) အိမ်တွင် အရှိုချင်းအိမ် (၁၁၅) အိမ်နှင့် မြန်မာ (၅၇) အိမ်ရှိသည်။ လူဦးရေ စုစုပေါင်းမှာ (၅၂၄) ယောက်ရှိပြီး အရှိုချင်းဦးရေပေါင်းမှာ (၃၄၉) ယောက်ရှိသည်။ အရှိုချင်း (၆၄) အိမ်မှာ ဗုဒ္ဓဘာသာဖြစ်ပြီး (၅၁) အိမ်မှာ ခရစ်ယာန် ဘာသာဖြစ်ကြောင်းသိရသည်။

## (၃) အိမ်ပုံစံ


ပြည်ထောင်စု မြန်မာနိုင်ငံတွင် တိုင်းရင်းသားများစွာရှိရာ မိမိတို့၏ ရိုးရာဓလေ့ ထုံးစံအရ လည်းကောင်း၊ စီးပွားရေး အခြေအနေအရ လည်းကောင်း၊ ရာသီဥတု အခြေ အနေအရလည်းကောင်း၊ ဆောက်လုပ်နေထိုင်ကြသည့် အိမ်ပုံစံ အမျိုးမျိုးကို တွေ့ရှိရပါ သည်။

ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းများ၏ အိမ်ပုံစံမှာ ရှေးအခါက အိမ်ခေါင်တွင် ချိုတတ်ထားလေ့ရှိသည်။ အိမ်မှာလည်း ခြေတံရှည်အိမ်များဖြစ်ပြီး အိမ် အောက်ဖက်တွင် အကာအကွယ်များ မရှိဘဲ ကြက်၊ ဝက် စသည့် တိရစ္ဆာန်များ မွေးမြူရန် အတွက်ဖြစ်ပါသည်။ လှေကားမှာ ထင်းလုံးကို အထစ်များထစ်ပြီး တတ်ဆင်ထားခြင်းမျိုး ဖြစ်သည်။ ဧည့်ခန်းအကျယ်ဖွဲ့ထားပြီး အတွင်းဖက် ခြေရင်းတွင် သမီးပျိုခန်း၊ သမီးပျို၏ ခေါင်းရင်းဘက်တွင် သားပျိုအခန်း၊ အိမ်ဦးခန်းဖက်တွင် အဖေ၊ အမေ၊ အဖိုးကြီး၊ အဖွားကြီးများ အတွက် အခန်းဖွဲ့ထားလေ့ရှိသည်။ အရှိုချင်း ဘာသာစကားဖြင့် "အိမ်ဖူး" ဟုခေါ်သော ဧည့်သည်များအတွက် အခန်းကိုမူ ကြမ်းပြင်နှင့် တစ်ထွာလောက် အမြင့်တွင် အမိုးသတ်သတ်မိုးပြီး အိမ်၏ခေါင်းရင်းဖက်တွင် ဆောက်လုပ် ထားလေ့ရှိသည်။

ယခုအခါတွင် အရှိုချင်း အိမ်ပုံစံများမှာ ခြေတံရှည်အိမ်များဖြစ်ပြီး ခေါင်ဝင်တွင် ချိုတတ်ထားခြင်း မရှိတော့ပါ။ အခန်းဖွဲ့စည်းပုံမှာ အနည်းငယ် ဆက်လက်ကျင့်သုံးလျက်



အရှိုချင်းရှေးအိမ်ပုံစံ



ယခုခေတ်အိမ်

ရှိကြောင်း တွေ့မြင်ရသည်။ အိမ်နောက်ဖက်တွင် ဝါး (သို့မဟုတ်) သစ်သားများခင်းပြီး လသာဆောင်အဖြစ်ထုတ်ထားကြသည်။ အညစ်အကြေးများစွန့်သောအခါ အိမ်ပေါ်ထပ်မှ ထိုးဝါး (သို့) သစ်သားခင်းများကြားမှ စွန့်ပစ်လေ့ရှိကြပြီး အိမ်အောက်ဖက်တွင် မွေးမြူ ထားသော ကြက်၊ ဝက်များက စားသောက်ကြသည်။ ယခုအခါတွင် သံလယ်ကြီးချင်းရွာ တွင် အရှိုခရစ်ယာန်အိမ်များ၏ ခေါင်ဝင်တွင် ရှေးအခါက ချိတတ်သည့်ဓလေ့အစား လက်ဝါးကပ်တိုင်များ တတ်ထားသည်ကို တွေ့ရသည်။

## (၄) မြေမျက်နှာသွင်ပြင်နှင့်သဘာဝပေါက်ပင်

ပန်းတောင်းမြို့နယ်သည် ယေဘူယျအားဖြင့် မြေနိမ့်လွင်ပြင်ဒေသ တစ်ခုဖြစ်သည်။ မြို့နယ်၏ မြောက်ဖက်တွင် ပဲခူးရိုးမအစိတ်အပိုင်း ကုန်းရိုးများရှိပြီး၊ မြို့နယ်၏ တောင်ဘက်တွင် ပြည်တောင်တန်း အစိတ်အပိုင်း ကုန်းရိုးများရှိသည်။

ပန်းတောင်းမြို့နယ်၏ မြေမျက်နှာတစ်ခုလုံးကို ခြုံကြည့်လျှင် အလယ်ပိုင်းနှင့် အရှေ့ပိုင်းတွင်နိမ့်ပြီး မြောက်ဖက်ပိုင်းရှိ ပဲခူးရိုးမ အစိတ်အပိုင်းကုန်းရိုးများမှ ချောင်းများသည် မြေနိမ့်လွင်ပြင်ပိုင်းကို ဖြတ်သန်း၍ စီးဆင်းလာပြီး အရှေ့ဖက်ရှိ ဧရာဝတီ မြစ်ထဲသို့စီးဝင်ကြသည်။

အနောက်ဖက်တွင် ရခိုင်ရိုးမတောင်ရိုးတစ်လျှောက် မတ်စောက်သော မြေမျက်နှာပြင် ရှိ၏။ အလယ်တွင် တောင်ကုန်းကလေးများ ပေါ်များကာ အရှေ့ဖက် ဧရာဝတီမြစ် ကမ်းနံဘေးတွင် ညီညာသော မြေပြန့်လွင်ပြင်ရှိ၏။

ထိုဒေသ၏ သဘာဝပေါက်ပင်များမှာ မြို့နယ်၏ အနောက်ဖက်သည် သစ်တောကြိုးဝိုင်း နေရာများဖြစ်သည့် သူရဲတန်းကြိုးဝိုင်း၊ ကျောက်ဖူးကြိုးဝိုင်း၊ ဘူးရိုး ကြိုးဝိုင်း၊ သနီချောင်းကြိုးဝိုင်း၊ သံလယ်ကြီးကြိုးဝိုင်း၊ ဖန်ခါးပင်သစ်တောကြိုးဝိုင်းနှင့် လက်ရဲတပ် သစ်တောကြိုးဝိုင်းများ ရှိသဖြင့် ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ လည်း စုံလင်လှသည်။ သဘာဝပေါက် ပင်များအဖြစ် ကျွန်း၊ ပျဉ်းကတိုး၊ ထင်းရှူးပင်များ စသည့် သစ်မာများ ပေါက်ရောက်သဖြင့် အဖိုးတန် ကျွန်းသစ်များ၊ သစ်မာအမျိုးမျိုး ရရှိနိုင် သော ဒေသဖြစ်ပါသည်။ သဘာဝ အလျောက်ပေါက်ရောက်သည့် ယူကလစ်ပင်များ၊

ဝါးရုံတောများနှင့် လူတို့စိုက်ပျိုးထားသည့် ယူကလစ်ပင်များနှင့် ဝါးရုံတောများကို လမ်းတလျှောက်တွေ့မြင်ရပါသည်။

## (၅) ရာသီဥတု

ပန်းတောင်းမြို့နယ်သည် မြောက်ဘက်တွင် မိုးနည်းခြောက်သွေ့ကာ မကွေးတိုင်းနှင့် တောင်ဘက်တွင် နွေမုတ်သုန် အကျိုးပြုခြင်းခံရသော ဧရာဝတီတိုင်းတို့ တည်ရှိသည်။ အပူပိုင်းဇုံအတွင်း ကျရောက်သဖြင့် နှစ်စဉ်ပျမ်းမျှ အပူချိန်မှာ ၈၅ ဒီဂရီဖာရင်ဟိုက်နှင့် ပျမ်းမျှ ရွာသွန်းမြဲ မိုးရေချိန်မှာ (၅၄ . ၂) လက္မ ဖြစ်သည်။ ပန်းတောင်းမြို့နယ်၏ ရာသီဥတုမှာ အပူပိုင်း ဆာဗားနား ရာသီဥတုဖြစ်သည်။ အရှေ့ဖက် ပဲခူးရိုးမနှင့် အနောက်ဖက် ရခိုင်ရိုးမ၏ အကြားတွင် ချိုင့်သဖွယ် တည်ရှိခြင်းကြောင့် အပူချိန် အခြေ အနေမှာ ပြင်းထန်သည်။ အပူဆုံးလမှာ ဧပြီလဖြစ်သည်။

မိုးရွာရက်အနည်းဆုံးလများမှာ ဇန္နဝါရီလ၊ ဖေဖော်ဝါရီလနှင့် မတ်လများဖြစ်ပြီး မိုးရွာသွန်းမှုများသော ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လများတွင် ရေပိုမိုရရှိသည်ကို တွေ့ရသည်။

ပန်းတောင်းမြို့နယ်၏ ရာသီဥတုမှာ မိုးသင့်၍ ပွင့်လင်းကာလများပါသည်။ ထို့ကြောင့် ဆက်သွယ်ရေးနှင့် ကုန်သွယ်မှု လုပ်ငန်းများအပေါ် ရာသီဥတု၏ နှောင့်ယှက် ဖျက်ဆီးမှု နည်းသည်ကို တွေ့ရပါသည်။ ဤသို့ အပူပိုင်းရာသီဥတုဖြစ်၍ မိုးနည်းပါးသဖြင့် မြို့နယ်အတွင်းရှိ အရှိချင်းများတွင် မိုးရွာစေရန် ပြုလုပ်သည့် မိုးကောင်းနတ်ကိုး ပူဇော်ပွဲ ဓလေ့ကို တွေ့မြင်ရခြင်းဖြစ်သည်။ ယခုအခါတွင်လည်း မိုးရွာစေရန် 'ကျား' သတ်သတ်၊ 'မ' သတ်သတ်၊ တစ်ဖက်စီ လွန်ဆွဲကြသည့် အလေ့အထများ ရှိနေပေသေးသည်။

## (၆) လမ်းပန်းဆက်သွယ်ရေး

ရှေးအခါက ပန်းတောင်းမြို့နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းမှာ သွားလာရန် ခဲယဉ်းသော အချိန်ကာလ ဖြစ်ခဲ့ပေသည်။ ယခုအခါတွင် ပုသိမ်၊ မုံရွာ အဝေးပြေး လမ်းမကြီးသည် မြို့နယ်အား တောင်မှ မြောက်သို့ဖြတ်သန်းသည်။ ပန်းတောင်း

တောင်ကုတ် လမ်းမကြီးသည် မြို့နယ်အား အရှေ့မှ အနောက်သို့ ဖြတ်သန်းသဖြင့် လမ်းလေးခွဆုံရာ မြို့နယ်ဖြစ်ပါသည်။ ထို့အပြင် ဧရာဝတီမြစ်ကြောင်းတလျှောက် လှေသင်္ဘောများဖြင့် လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်သည်။ ပြည်မြို့မှ ဧရာဝတီမြစ်ကူးတံတားကြီးပြီးဆုံးသွားပါက ပိုမိုတိုးတက်သွားလာနိုင်ပေမည်။ ဤသို့ဖြင့် ပန်းတောင်းမြို့မှာ သွားလာရန် လွယ်ကူသော်လည်း မြို့နယ်အတွင်းရှိ ကျေးရွာများမှာ သွားလာရန် အတော်အတန် အခက်အခဲများရှိနေပေသေးသည်။ ဂုံညင်းတန်းနှင့် ပဲကြီးကျေးရွာများမှာ ဧရာဝတီမြစ်ဆိပ်နှင့် တစ်နေ့လျှင်တစ်စီး လိုင်းကားများ ရှိသော်လည်း သံလယ်ကြီးကျေးရွာမှာ နေ့စဉ်ပြေးဆွဲသော လိုင်းကားမရှိပေ။ စက်ဘီး၊ ဆိုက်ကားများ၊ ထော်လီ (Trolley) များနှင့်သာ သွားလာနိုင်သည်။ သို့ဖြစ်၍ သန်မာပြီး၊ ကျန်းမာရေးနှင့် ပြည့်စုံသည့် ရှေးအဘိုးအိုများသည် တစ်ရွာနှင့်တစ်ရွာ ကုန်းကြောင်းလျှောက်လေ့လည်းရှိနေပေသေးသည်။

ပန်းတောင်းတောင်ကုတ်လမ်းမှာ ရခိုင်ရိုးမတောင်တန်းကြီးကို ဖြတ်ကျော်ဖောက်လုပ်ထားသည်။ ရခိုင်ပြည်နယ်နှင့် ပြည်မတို့ လွယ်ကူစွာဖြင့်လည်းကောင်း၊ ခရီးစရိတ်သက်သာစွာဖြင့် လည်းကောင်း၊ ဆက်သွယ်သွားလာနိုင်သည့် လမ်းဖြစ်သည်။ ပန်းတောင်းမြို့နယ်အတွင်းတွင် စက်ရုံ၊ အလုပ်ရုံများစွာ တည်ရှိသော မြို့နယ် တစ်ခုဖြစ်သည်။ ထို့ကြောင့် လမ်းများမှာ ကတ္တရာလမ်းများဖြစ်ပြီး ကောင်းမွန်ဖြောင့်ဖြူးလျက်ရှိပါသည်။

ဤသို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းကျေးရွာလေးများရှိ အရှိုချင်းတို့၏ လူနေမှုဘဝမှာ အတော်ပင် တိုးတက်နေသည်ကို တွေ့ရသော်လည်း ရိုးရာဓလေ့ထုံးစံများမှာ ပျောက်ကွယ်သွားခြင်း မရှိဘဲ မိမိတို့၏ လူနေမှု ဘဝနှင့် လိုက်လျောညီထွေစွာ ဆက်လက်ကျင့်သုံးနေကြသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

### (ဂ) ကျေးရွာနေလူတို့၏ရုပ်ပိုင်းနှင့်ဝတ်စားဆင်ယင်ပုံ

အရှိုချင်းများသည် တိဗက်–မြန်မာ အနွယ်များဖြစ်၍ [၁]**အသားဝါလူမျိုး** များပင်ဖြစ်သည်။ သို့ဖြစ်၍ အသားဝါလူမျိုးများတွင် တွေ့ရသော ရုပ်ပိုင်းသွင်ပြင် လက္ခဏာများ တွေ့ရှိရ ပါသည်။

၁ Mongoloid



ရှေးအခါအရှိုချင်းတိုင်းရင်းသား
များ၏ဝတ်စားဆင်ယင်ပုံ



အမျိုးသားများမှာ ၅ ပေ ၆ လက်မ မှ ၅ ပေ ၈ လက်မ ထိ ပျမ်းမျှ အရပ်ရှိကြပြီး၊ အမျိုးသမီးများ၏ အရပ်မှာ ၄ ပေ ၉ လက်မ မှ ၅ ပေ ၃ လက်မ အထိ ရှိကြပါသည်။

ရှေးအခါက အရှိုချင်းတို့သည် လက်ယက်သင်တိုင်းထည်များ ဝတ်ဆင်ခဲ့ကြသည်။ သစ်ခေါက်လျှော်စောင်များ၊ ဂျပ်ခုတ်ထည်များ ခြုံလွှမ်းခဲ့ကြသည်။ အမျိုးသားများသည် အနီနှင့် အနက်စင်း အင်္ကျီခေါင်းစွပ် (သို့မဟုတ်) ရင်ကွဲ နှစ်မျိုးဝတ်ကြသည်။ နောက်ကျောဆက်ပါရှိပြီး ပခုံးဆက်မပါဘဲ လက်တိုဖြစ်သည်။ ပခုံးပေါ်တွင် အီလွန်ခေါ် ကြွေပြား၊ ကွန်ပြာခေါ် ကြွေလွယ်အိတ်လွယ်ပြီး ခေါင်းတွင် ခေါင်းပေါင်းပုဝါကို ပေါင်းကြသည်။ အနီနှင့်အနက်စင်း ကြားထားသော ကပလာခေါ် တဘက်ကို လည်ပင်းတွင် ချထားသည်။ ခါးစည်းမှာလည်း အနီ အနက်စင်းပင်ဖြစ်သည်။ ထို့ပြင် အောင်လံ (သံဖြင့်ပြုလုပ်ထားသော လှံကဲ့သို့အရာ) ကိုကိုင်ရသည်။ ၄င်း အောင်လံကို အရှိုချင်းဘာသာစကားဖြင့် "ဆောက်ချီ" ဟုခေါ်သည်။ ချင်းရိုးရာ လုံချည် နှစ်နံစပ်ဝတ်ဆင်ကြသည်။ ဤကဲ့သို့ ဝတ်ဆင်မှုမှာ ရှေးအခါ အမျိုးသားများ ပွဲလမ်းမင်္ဂလာသွားသည့် ဝတ်စုံပြည့် ဝတ်ဆင်ခြင်းဖြစ်သည်။

ရှေးအခါ အရှိုချင်းအမျိုးသားများ အမဲလိုက် ထွက်သောအခါနှင့် အိမ်တွင် နေထိုင်စဉ် ဝတ်ဆင်သည့် အရှိုချင်းလုံချည်မှာ အနက်နှင့်အနီစင်ပါသည့် အလျား (၆) တောင်၊ အနံ (၂) မိုက် ခန့်ရှိသည့် နံငယ်ပိုင်ကိုပတ်၍ ဝတ်ဆင်ကာ ခါးတောင်ကြိုက်ထားခြင်းမျိုးဖြစ် သည်။ ၄င်းကို အရှိုချင်းအမျိုးသားများက ခရောက်စီးသည်ဟု ခေါ်သည်။

အရှိုချင်းတို့ဝတ်ဆင်သော အဝတ်အထည်များ၏ အခြေခံအရောင်မှာ အနီနှင့် အနက်ရောင်ဖြစ်ပြီး၊ အဝါ၊ အစိမ်းများမှာ အနားကွက်များ၊ အစက်အပျောက်ထည့်ခြင်း လောက်သာ အသုံးပြုသည်။ ရှေးအခါက အရှိုချင်း အမျိုးသားများသည် မြန်မာအမျိုးသား များကဲ့သို့ ဆံပင်ရှည်ထားလေ့ရှိသည်။ (၁၃) နှစ် (၁၄) နှစ် အရွယ်အထိ နားတောင်းကို ဝတ်ဆင်လေ့ရှိကြသည်။ အရွယ်ရောက်သည့်အခါမှ နားတောင်းကို ဖြုတ်ပစ်လေ့ရှိသည်။

ယောကျာ်းလေးများမှာ အရွယ်ရောက်သည့် အသက် (၁၅) နှစ် (၁၆) နှစ် အရွယ်တွင် ထိုးကွင်းထိုးလေ့ရှိကြသည်။ ဤသို့ထိုးခြင်းဖြင့် ယောကျာ်းပီသသည်ဟု ယူဆသောကြောင့်ဖြစ်သည်။ ချက်နေရာမှ ဒူးဆစ်အထိ ထိုးသော ထိုထိုးကွင်းများတွင် ကျားရုပ်၊ ကြောင်ရုပ်၊ မျောက်ရုပ်



ယခုခေတ်အရှိအမျိုးသားလေးများ



အရှိအမျိုးသမီးလေးများ

နှင့် မိမိကြိုက်သလို အလှဖော်ထားခြင်းဖြစ်သည်။ ဤသို့ ထိုးရာတွင် ကျွမ်းကျင်သူ အမျိုးသားကြီးများက ထိုးပေးကြသည်။

အရှိုချင်းတို့၏ ထိုးကွင်းမင်ကြောင်များမှာ အနက်ရောင်ဖြစ်၍ မီးခိုးမှိုင်းဖြင့်ဖော်စပ်လေ့ရှိကြသည်။ ရေနံချေးကို မီးရှို့ပြီး အလုံးလေးများကို ဖျင်အဝတ်နှင့် (၃) ခါလောက်ချပြီး အနှမှုန့် ကလေးများကို ပုလင်းတွင် ထည့်ကာ ရေနှင့်ဖျော်သောအခါ ပါးရဲနှင့် ထိုးကွင်းထိုးရန်မင်ကို ရရှိသည်။ ကျွမ်းကျင်သူများက စုတ်တန်နှင့်ထိုးခြင်းဖြစ်သည်။

ထိုးကွင်းရှိမှ ယောကျာ်းပီသသည်ဟု သတ်မှတ်သော အချိန်အခါဖြစ်၍ ထိုးကွင်းရှိသူသည်လူ့အသိုက်အဝန်းတွင် မသိမ်ငယ်တော့ပေ။ ရပ်ရေးရွာရေးကို စုပေါင်းလုပ်ဆောင်သောအခါယောကျာ်းပီပီ ခါးတောင်းကျိုက်စရာ ကိစ္စပေါ်လာလျင်လည်း နောင့်နေး မနေတော့ချေ။ ထို့ကြောင့်ထိုးကွင်းမင်ကြောင်သည် သူ့ခေတ်၊ သူ့အချိန်က အရှိုချင်းအမျိုးသားများအဘို့ မထိုးမဖြစ် များစွာအရေးပါလှသော လုပ်ရပ်တစ်ခုဟု ဆိုနိုင်ပေသည်။ ယခုအခါတွင် ထိုဓလေ့ထုံးစံများ ကွယ်ပျောက်သွားပြီဖြစ်သည်။

ယခုအခါ အရှိုချင်းအမျိုးသားများသည် အနီအနက်စင်းအင်္ကျီခေါင်းစွပ် (သို့မဟုတ်) ရင်ခွဲနှစ်မျိုးလုံးဝတ်သည်။ နောက်ကျောဆက်ပါရှိပြီး ပခုံးဆက်မပါဘဲ လက်တိုဖြစ် သည်။ သင်တိုင်း၏အရှည်မှာ (၃၃) လက္ခခန့်ရှည်သည်။ အောက်ဖက်တွင် မြန်မာရုပ်အင်္ကျီအဖြူ လက်ရှည်ကို ခံ၍ဝတ်ကြသည်။ အနက်နှင့်အဖြူ ပါရှိသည့် တဘက်နှင့် ခေါင်းပေါင်းပြီး ခေါင်းပေါင်းပုဝါတွင် အပွင့်သဏ္ဍာန် အလှဖော်၍လည်း ပေါင်းကြသည်။ လုံချည်မှာအခြေခံအရောင် အနက်၊ အနီရောင်များဖြင့်နှစ်နံ့စပ်ပုဆိုးပင်ဖြစ်သည်။

ရှေးအခါက အရှိုချင်းအမျိုးသမီးများသည် ဦးခေါင်းတွင် အနီရောင်ခံများများ ပါသောအနက်စင်းတဘက်ကို ပေါင်းသည်။ အင်္ကျီမှာပွပွ၊ ဒူးအောက်ခြေသလုံးအထိ အရှည်ရှိပြီး ပခုံးဆက်မပါဘဲ လက်ရှည်မှာလည်း တတောင်ဆစ်အောက်ထိရှည်သည်။ အဝါရောင်စင်းနှင့် ချိတ်သဏ္ဍာန်လေးများမှာ အလယ်တည့်တည့် ပတ်ပတ်လည် (၆) လက္ခခန့် အကျယ်နေရာတွင် ရှိသည်။ အခြားနေရာများတွင်လည်း ဒေါင်လိုက်စင်းငယ်များပါရှိသည်။ ခါးစည်းမှာလည်း အနီရောင်ခံများများ၊ အနက်စင်းများပါရှိသည့် ပုဝါနှင့်စည်းထားသည်။ အရှိုချင်းအမျိုးသမီး လုံချည်မှာလည်းအနက်ရောင်များများ ဖောက်ထားပြီး အစက်၊ အစင်း၊ အခြစ်ငယ်လေး များပါရှိသည်။ အမျိုးသမီးလုံချည်မှာလည်း မြန်မာလုံချည်များနည်းတူ လေးတောင်မိုက်လျှော့ကွင်း များပင်ဖြစ်သည်။



နားတောင်းကိုချွတ်၍
ရိုးရာမပျက်အလှပြင်နေပုံ



အရှိုချင်းပါးရဲအလှ

ဤသည်မှာ ရှေးယခင် အမျိုးသမီးများ ပွဲလမ်းမင်္ဂလာဆောင်သို့ သွားသော ဝတ်စုံပြည့် အရှိုချင်း အမျိုးသမီးများဝတ်ဆင်ခြင်းပင်ဖြစ်သည်။ ထို့ပြင်လက်ဝတ်ရတနာအဖြစ် ငွေပုတီး၊ ငွေလက်ကောက်၊ ငွေခြေကျင်းများကို ဝတ်ဆင်ကြသည်။

ရှေးအခါက အရှိုချင်းအမျိုးသမီးများသည် ကတော့ပုံ ငွေသားနားတောင်းတွင် မှန်နှစ်ဘက် တပ်ပြီး နားတွင် ဝတ်ဆင်ထားပါက အပျိုဖြစ်သည်။ နားတောင်းတစ်ဖက်တွင် မှန်ပါပြီး ကျန် တစ်ဖက်တွင် မှန်မပါလျှင် တစ်ခုလပ်၊ တစ်လင်ကွာ ဖြစ်သည်။ အမျိုးသမီးတဦးမှာ မိမိ၏ ယောကျ်ား သေဆုံးလျှင် ညာဘက်နားတောင်းမှ မှန်ကိုဖြုတ်၍ ဝတ်ဆင်ကြရသည်။ အိမ်ထောင်ကျ ပြီးသူ အမျိုးသမီးများမှာ နားတောင်းတွင် မှန်နှစ်ဖက်တပ်၍ ဝတ်လိုလျှင် ဝတ်နိုင်ကြပြီး နှစ်ဖက်လုံးလည်း မှန်ဖြုတ်၍ ဝတ်ဆင်နိုင်ပါသည်။

အမျိုးသမီးကလေးများ (၉) နှစ် (၁၀) နှစ် အရွယ်တွင် မျက်နှာအနံ့နှင့် လည်ပင်းများတွင် ပါးရဲထိုးပေးကြသည်။ မျက်နှာမဲလျှင်ဂုဏ်ရှိသည်။ မျက်နှာဖြူများကို မနှစ်သက်ကြပေ၊ အေးမြသော ဆောင်းရာသီတွင် ပါးရဲထိုးကြသည်။

အလှအပမခံစားတတ်သူများအဖို့ ပါးရဲသည် မည်းမည်းကြီး ဖြစ်နေသည်။သို့ဖြစ်ငြားသော် လည်း သူ့တွင် အလှအပရှိသည်။ ပါးတွင် ရာဇမတ်ကွက် ၊ နဖူးတွင် လက်စွပ် (အဝိုင်း သဏ္ဌာန်) ရှိသည့် နည်းတူ မေးစေ့တွင်လည်း တစ်ဦးနှင့်တစ်ဦး မတူညီသော အချိတ်ကလေးများ ပန်းတွန့် ကလေးများရှိသည်။ အချို့မှာ သစ်ရွက်ပုံသဏ္ဌာန် အလှဖော်ပြီး ထိုးခြင်းများလည်း ရှိသည်။ မေးစေ့ကား ပါးရဲထိုးဆရာ လက်စွမ်းပြသော နေရာပေတည်း။ ယနေ့အချိန်တွင် ထိုရိုးရာ ဓလေ့ထုံးစံများ ပျောက်ကွယ်သွားပြီဖြစ်ပေသည်။

ယခုအခါ အမျိုးသမီးအင်္ကျီမှာ ရှေးအခါလောက် မရှည်တော့ပေ။ ခါးအရှည် (၂၂-၂၃) လက္မ လောက်သာရှိသည်။ လက်မှာလည်း လက်မောင်းအလယ်အထိသာ ရှည်သည်။ ရင်ပတ်နှင့် နောက်ကျော အလယ်တည့်တည့်ပတ်ပတ်လည်တွင် ရှိသည့် အဝါရောင်စင်းနှင့် အချိတ်သဏ္ဌာန် လေးများမှာ အကျယ် (၃) လက္မ လောက်ထိ သေးငယ် သွားသည်။ ခါးစည်းလည်း မပါတော့ချေ။ ယခုအခါ အမျိုးသမီးလုံချည်မှာလည်း အနက်နှင့်အနီကို အခြေခံထားပြီး အခြားအရောင်များကိုအလှ အမျိုးမျိုးချယ်ပြီး ဝတ်ဆင်လာ ကြသည်။ ကချင် လုံချည်၊ ကရင်လုံချည်များနှင့် ခပ်ဆင်ဆင်ဖြစ် သည်။ ကွင်းအကျယ်မှာ မြန်မာ လုံချည်ကဲ့သို့ လေးတောင်မိုက်လျော့ဖြစ်သည်။

# အခန်း ၂။
# လူမှုရေးဖွဲ့စည်းပုံ

## (က) မိသားစုဖွဲ့စည်းပုံ

ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းများ၏ မိသားစုဖွဲ့စည်းပုံကို လေ့လာကြည့်သော် ရှေးယခင်က [၁] **အခြေခံမိသားစု** အတွင်းမှာပင် လက်ထပ်ပြီးသော သားများ၏ မိသားစု၊ လက်ထပ်ပြီးသော မြေးယောကျာ်းလေးများ၏ မိသားစု၊ ဖခင်၏ညီ အစ်ကိုများ၏မိသားစု စသည့် မိသားစုပေါင်းများစွာ စုပေါင်းနေထိုင်ကြပြီး လက်မထပ်ရ သေးသော သား၊ သမီးများ၊ မြေးများနှင့် ကျေးကျွန်များ၊ အဘိုးအဘွားများ စသော အသက်အရွယ်ကြီးရင့်သူများလည်း အတူပါဝင် နေထိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ပြင် ဖခင်သည်သာ မိသားစု တစ်စုလုံး၏ ဩဇာအာဏာအရှိဆုံး ဖြစ်ပါသည်။ တရားမျှတစွာဖြင့် အိမ်ထောင်စုကို အုပ်ချုပ်သွားသူဖြစ်၍ ၎င်းကို မိသားစုဝင် အားလုံးက ချစ်ကြောက်ရိုသေကြသည်။ မိသားစုတို့သည် စီးပွားရေးကို စုပေါင်းပိုင်ဆိုင်ရပေသည်။ ပုဂ္ဂလိကပိုင် ဟူ၍မရှိပေ။

အိမ်ထောင်ဦးစီးဖြစ်သည့် ဖခင်သေဆုံးသွားလျှင် သားအကြီးဆုံးက ဖခင်၏ နေရာကိုယူပြီး စီးပွားရေးကို ဆက်လက်ဦးစီး လုပ်ကိုင်သွားရကြောင်း လေ့လာရပါသည်။ သို့ဖြစ်၍ ရှေးအခါက အရှိုချင်းများမှာ [၂] **အိမ်ထောင်တွဲမိသားစု** ပုံစံဖြင့်နေထိုင်ကြကြောင်း၊ [၃] **တစ်ဖက်လိုက် ဆွေမျိုးတော်စပ်ပုံစနစ်** ဖြစ်ပြီး [၄]**ဖခင်ဦးစီးသော အိမ်ထောင်တွဲ မိသားစု** ဖွဲ့စည်းပုံမျိုးဖြစ် ကြောင်းလေ့လာရပါသည်။

---

[၁] Basic Family

[၂] Joint Family

[၃] Unilineal Kinship System

[၄] Patriarchal Family

ယခုအခါတွင် အမိ၊ အဖ အခြေခံမိသားစုနှင့်အတူ သားယောကျာ်းလေးများ လက်ထပ်ပြီး သောအခါ ၄င်းတို့၏ ဇနီးများကို မိဘအိမ်သို့ ခေါ်ဆောင်လာကြပြီး [၁]**ယောကျာ်းဘက်လိုက်နေစနစ်** ဖြင့်နေထိုင်ကြကြောင်းသိရသည်။ သမီးဖြစ်သူမှာ လက်ထပ် ပြီးနောက် လင်ယောကျာ်းများ၏ နောက်သို့ လိုက်သွားရကာ ယောက္ခမများ၏ မိသားစု အတွင်းသို့ သွားရောက်နေထိုင်ကြရသည်။

ယခုအခါ ဖခင်သည် ကိစ္စအဝဝတွင် လုံးဝ အာဏာပိုင်သည် ဆိုသော်လည်း မိခင် သည် အိမ်ထောင်စု အရေးကိစ္စတွင် မိမိ၏ သဘောထားကို ထုတ်ဖော်ပြောဆို ပိုင်ခွင့်ရှိသည်။ ဖခင်က လည်း မိမိ၏ ဇနီးအား တိုင်ပင်ရသည်။ သား၊ သမီးများကိုလည်း ဖခင်က တိုင်ပင်ရသည်။ ထို့ကြောင့် အိမ်ထောင်ဦးစီးဖြစ်သော်လည်း လက်တွေ့အားဖြင့် ၄င်းပိုင် သော အာဏာကို တစ်ဦးတည်း မကျင့်သုံးဘဲ သား၊ မယားများနှင့် ခွဲဝေကျင့်သုံးသည့် သဘောဖြစ်သည်။ သို့သော် သားမယားတို့က အကြံပေးခြင်းသာ ပြုနိုင်ကြပြီး ဖခင်သည် သာ နောက်ဆုံးတွင် အဆုံးအဖြတ် ပေးနိုင်သူဖြစ်သည်။ ဖခင်မရှိလျှင် သားအကြီးဆုံးသည်သာ အိမ်ထောင်ဦးစီးတာဝန်ယူကာ ဆောင်ရွက်ရသည်။ သားအကြီးဆုံးသည် အိမ်ထောင်ခွဲ လိုပါကလည်း သားဦးတစ်ယောက် မွေးပြီးမှ သာ အိမ်ခွဲဆင်းနိုင်သည်။ သားကြီး အိမ်ခွဲပြီးမှ သားလတ်သည် အိမ်ထောင်ဦးစီးဖြစ်သည်။ ညီအစ်ကိုများထဲမှ မကောင်းသူ (ဆိုးသူ) ကိုလည်းချော့ပြီး အိမ်ခွဲပေးခြင်းမျိုးကိုလည်း တွေ့ရပါ သေးသည်။ မိသားစုတို့သည် စီးပွားရေးကို တစ်စီးပွားတည်းလုပ်ကိုင်ကြသော မိသားစုများသာမက ကိုယ့်စီးပွားနှင့်ကိုယ် လုပ်ကိုင်ကြသော မိသားစုများလည်း ရှိကြောင်းလေ့လာရသဖြင့် ယခုအခါတွင် ဖခင်ဦးစီးသော အိမ်ထောင်တွဲမိသားစုပုံစံမှာ ပီပြင်စွာ မတွေ့ရှိရတော့သော်လည်း စည်းလုံးညီညွတ်စွာ အတူနေထိုင်ကြသည့် မိသားစုဖွဲ့စည်းပုံမျိုးဖြစ်ကြောင်း လေ့လာရပါသည်။

## (ခ) ဆွေမျိုးတော်စပ်ပုံစနစ်

ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းကျေးရွာများ၌ အရှိုချင်းလူမျိုးများ၏ ဆွေမျိုးတော်စပ်ပုံ စနစ်ကိုလေ့လာကြည့်သော် [၂]**သွေးသားအားဖြင့်ဆွေမျိုးတော်စပ်ခြင်း**

---

[၁] Patrilocal residence

[၂] Kinship by blood

[၁] **လက်ထပ်မှုဖြင့် ဆွေမျိုးတော်စပ်ခြင်း** နှင့် [၂] **မွေးစားခြင်းဖြင့်ဆွေမျိုးတော်စပ်ခြင်း** ဆိုင်ရာ ရိုးရာဓလေ့ထုံးစံများကို လေ့လာတွေ့ရှိခဲ့ရပါသည်။

သွေးသားအားဖြင့် ဆွေမျိုးတော်စပ်ခြင်းကို လေ့လာကြည့်သော် [၃]**အဖ၏ အမျိုးအနွယ်ဘက်သို့သာ ဆင်းသက်တော်စပ်ခြင်း** ဖြစ်သည်။ [၄] **အမိအမျိုးအနွယ် ဘက်သို့ ဆင်းသက်တော်စပ်ခြင်းကား** လုံးဝမတွေ့ရပေ။ မိန်းမသည် လင်ယောကျာ်း ရပြီးသော် လင်ဘက်သို့ပါရပြီး မွေးလာသော ကလေးများသည်လည်း လင်အမျိုးအနွယ်များ သာ ဖြစ်ရသည်။

ဖဘက်လိုက် အိမ်ထောင်တွဲ မိသားစုမျိုးတွေ့ရသည်ဆိုသော်လည်း မိခင်ဘက် ဆွေမျိုးများကိုလည်း ရင်းရင်းနှီးနှီး၊ ချစ်ချစ်ခင်ခင်ဆက်ဆံကြကြောင်းတွေ့ရသည်။ တစ်ဦးနှင့်တစ်ဦး အဆင့်အတန်းခွဲခြားခြင်း မရှိသော်လည်း၊ ဖခင်ဘက်မှ ဆွေမျိုးများက အခွင့်အရေးပိုရကြောင်း တွေ့ရသည်။

ဥပမာ – လူမှုရေးနှင့် ပတ်သက်၍ ကျင်းပပြုလုပ်လေ့ရှိသော ရိုးရာပွဲတော်များနှင့် အသုဘ အခမ်းအနားများတွင် ဖခင်၏ ညီ၊ အစ်ကို များမှာ များစွာ အရေးပါကြောင်းတွေ့ရသည်။ ဖခင်၏ ညီအစ်ကိုများ မရှိမှသာ မိခင်၏ အစ်ကို၊ မောင်များ အစားဝင်နိုင်သည်။ သို့သော် အခမ်းအနားပြီးမြောက်ရေး အတွက်မူ ဆွေမျိုးများအချင်းချင်း ချစ်ခင်စည်းလုံးစွာဖြင့် ငွေအင်အား၊ လူအင်အားရှိသမျှ ဝိုင်းဝန်းကူညီ ဆောင်ရွက်တတ်ကြောင်း၊ စီးပွားရေးအရ လုပ်ဆောင်သော လုပ်ငန်းများတွင်လည်း တစ်ဦးကိုတစ်ဦး တတ်နိုင်သရွေ့ ဝိုင်းဝန်းကူညီ စောင့်ရှောက်ကြကြောင်း၊ [၅]**သွေးစပ်ဆွေမျိုး** များသည် ကြီးသူကို ငယ်သူက လေးစား၍ အဆင့်ဆင့် အရိုအသေပေးကာ ဆက်ဆံကြကြောင်း တွေ့ရသည်။

လက်ထပ်ခြင်းဖြင့် ဆွေမျိုးတော်စပ်သူများ အကြောင်းနှင့် ပတ်သက်၍ လေ့လာ ကြည့်သော် လက်ထပ်ဆွေမျိုးများတွင် အမျိုးသမီးဘက်မှ ဆွေမျိုးများနှင့် အမျိုးသားဘက်မှ ဆွေမျိုးများသည်

---

[၁] Kinship by marriage

[၂] Kinship by adoption

[၃] Patrilineal descent

[၄] Matrilineal descent

[၅] Consanguinity

အချင်းချင်း ရင်းနှီးချစ်ခင်ကြသည်။ လူမှုရေးဆိုင်ရာ အခမ်းအနား အတော်များများတွင် တစ်ဦးနှင့်တစ်ဦး အဆင့်အတန်းခွဲခြားခြင်းမရှိ မင်္ဂလာအခမ်းအနား တွင် သတို့သမီးသည် အတွင်းလူဖြစ်သဖြင့် ဆွေမျိုးများအားလုံး အိမ်အတွင်းဘက်မှ ထိုင်ရသည်။ သတို့သားနှင့် ဆွေမျိုးများအားလုံးသည် အပြင်လူဟု သတ်မှတ်ခံရကာ အိမ်အပြင်ခန်းဘက်မှ ထိုင်ရသည်။ မင်္ဂလာပွဲသဘင် ကျင်းပရာတွင်လည်း သတို့သမီး၏ ဆွေမျိုးများနှင့် မိတ်ဆွေသူငယ်ချင်းများသည် အိမ်အပေါ်ထပ်တွင် ကကြပြီး သတို့သား၏ ဆွေမျိုးများနှင့် မိတ်ဆွေသူငယ်ချင်းများသည် အိမ်အောက်ထပ်တွင် ကကြရသည်။ သတို့သမီး၏ မောင်မှာလည်း ဝက်သည်းကြည့်မင်္ဂလာတွင် များစွာ အရေးပါကြောင်း သိရပါသည်။ သို့ဖြစ်၍ အရှိုချင်းများသည် ရှေးအခါကပင် အမျိုးသမီးများအား ဦးစားပေး ကာ အရေးပေးသည်ဟု ယူဆရပါသည်။

သို့သော် နှစ်ဖက်တော်စပ်သော လက်ထပ်ဆွေမျိုးများသည် နားလည်မှု အပြည့်အဝထား ကာ ချစ်ကြည်စည်းလုံးကြသည်။ ခမည်းခမက်များ အချင်းချင်း ဆက်ဆံရေးမှာ ချောမွေ့ပြေပြစ် ကြသည်။ တစ်ဦးကိုတစ်ဦး အပြန်အလှန် ဂါရဝတရားထားကာ လေးစားကြသည်။ အဆင့်အတန်း မခွဲကြပေ၊ သမီးယောင်းမအချင်းချင်း၊ ယောက်ဖအချင်းချင်း ဆက်ဆံရေးမှာလည်း ပြေလည် ကြသည်။ တစ်ဦးအပေါ်တစ်ဦး နားလည်မှု အပြည့်ဖြင့် ညီအစ်မအရင်းများသဖွယ် ညီအစ်ကို အရင်းများသဖွယ် ဆက်ဆံကြကြောင်း လေ့လာတွေ့ရှိ ရပါသည်။

မွေးစားသားသမီးများနှင့် ပတ်သက်၍ လေ့လာကြည့်သော် သမီးမိန်းကလေးရော သားယောကျာ်းလေးပါ မွေးစားကြကြောင်း လေ့လာရသည်။ သို့သော် သားယောကျာ်းလေး များကို ဦးစားပေးကာ မွေးစားသည့် အလေ့အကျင့်ရှိကြောင်း၊ ဆွေမျိုးများအတွင်းမှ ပြန်လည် မွေးစားခြင်း ထက် တစိမ်းထဲမှ ယောကျာ်းလေးများကို မွေးစားသည်က များကြောင်းလေ့လာရပါသည်။ ထို့ပြင် [၁]ဖဘက်လိုက် **ဆွေမျိုးတော်စပ်ပုံစနစ်** ကျင့်သုံးသည့် နည်းတူ သားအရင်းများ၏ ရရှိသော အခွင့်အရေးများအားလုံး မွေးစားသားမှာ အပြည့်အဝ ရရှိကြောင်း၊ ကျန်ရစ်သော သားသမီးအရင်း များ ဝမ်းကွဲမောင်နှမများနှင့် ဆွေမျိုးများက လည်း မွေးစားသားသမီးများကို အဆင့်အတန်းမခွဲခြား ဘဲ တန်းတူအခွင့်အရေးပေးကာ ဆက်ဆံလေ့ရှိကြောင်း လေ့လာရပါသည်။ အမွေခွဲဝေရာတွင်လည်း သားသမီးအရင်းများ ကဲ့သို့ ညီတူညီမျှ အမွေခွဲဝေပေးလေ့ရှိကြသည်။

---

[၁] Patrilineal kinship system

(ဂ) [၁] **ဆွေမျိုးအခေါ်အဝေါ်များ**

ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းများ၏ ဆွေမျိုးအခေါ်အဝေါ်များကို လေ့လာကြည့်သောအခါ အရှိုချင်းများသည် မိမိတို့၏ မိဘနှစ်ပါးကို အဖေ (အပါ)၊ အမေ (အောက်အူ) ဟု ခေါ်ကြောင်း၊ **ဖခင်၏အစ်ကို** ကို (ပါလှဲင်) ဘကြီး၊ **ဖခင်၏ညီကို** (ပါတွိ) ဘထွေး ဟု ခေါ်ဆိုကြကြောင်း၊ **မိခင်၏အစ်မ** ကို (အောက်အူလှဲင်) မိကြီး၊ **မိခင်၏ညီမ** ကို (အောက်အူတွိ) မိထွေး ဟု ခေါ်ဆိုကြကြောင်း လေ့လာသိရှိရပါသည်။ ဖခင်၏ အစ်မ၊ ဖခင်၏ ညီမများနှင့် မိခင်၏အစ်ကို မိခင်၏ မောင်များကို ဖေါ်ပြပါကဲ့သို့ ခေါ်ခြင်းမပြုဘဲ တော်စပ်သည့် အတိုင်း ဦးလေး၊ အဒေါ်ဟူ၍ ခေါ်ကြကြောင်း၊ မိဘများအနေဖြင့် မိမိ၏ သား၊ သမီးအရင်းတို့ကိုသာ သား၊ သမီး စသဖြင့် သွေးသားတော်စပ်သူကို တိတိကျကျ ခေါ်ဝေါ်ပြီး တူ၊ တူမများကို သား၊ သမီးဟူ၍ မခေါ်ဝေါ်ပေ။ တူ၊ တူမ ဟူ၍သာ ခွဲခြားခေါ်ဝေါ်သည်။ တူ၊ တူမများမှာ အထက်ပါအတိုင်း ခေါ်ဝေါ်ကြောင်း လေ့လာသိရှိရသဖြင့် အရှိုချင်းများ၏ ဆွေမျိုး အခေါ်အဝေါ်များမှာ [၂]**တင်စား အခေါ်အဝေါ်**တွင် ပါဝင်သော [၃]**ဆီနီကာ အမျိုးအစား** ဖြစ်ကြောင်း သိရပါသည်။

ထို့ပြင် မိခင်၏ အစ်ကိုကို အပူ၊ မိခင်၏ မောင်ကို ပူစောင်ဟု ခေါ်ကြောင်း၊ ယောက္ခမ (ကျား) ကိုလည်း အပူဟုခေါ်ကြောင်း လေ့လာရပါသည်။ ဤသို့ဖြစ်ရခြင်းမှာ လိင်ကွဲမောင်နှမများ မွေးသော ဝမ်းကွဲမောင်နှမများ လက်ထပ်ခြင်းဓလေ့ရှိသောကြောင့် မိခင်၏ အစ်ကို မောင်များမှာ ယောက္ခမများပင် ဖြစ်သဖြင့် အခေါ်အဝေါ်များတူနေခြင်းပင်ဖြစ် ကြောင်း လေ့လာရပါသည်။ မောင်၏သမီး (တူမ) အား စိုးနုဆန် (ချွေးမလောင်း) ဟုခေါ်၍ အခြားလိင်တူ ညီအစ်ကိုမှ မွေးသော တူမများနှင့် လိင်တူညီအစ်မ မှ မွေးသော တူမများ၊ နှမ၏သမီး တူမများအား တအူဟုခေါ်ကြောင်း တူများကိုလည်း တအူဟုခေါ်ကြောင်းလေ့လာသိရှိရပါသည်။

---

၁ Kinship termonology

၂ Classificatory term

၃ Seneca type

| မြန်မာ | အရှိုချင်း | အသံထွက် |
|---|---|---|
| | ရေးထုံး | |
| အဖ | ပ2 | အပါ |
| အမိ | အိအြု2 | အောက်အူ |
| ဖခင်၏အစ်ကို | ပ2လှဲ2̤ | ပါလှဲ |
| ဖခင်၏ညီ | ပ2တွံ2 | ပါတွီ |
| ဖခင်၏အစ်မ | စံ2လှဲ2̤ | စီလှဲင် |
| ဖခင်၏ညီမ | စံ2စိ2 | စီစောင် |
| မိခင်၏အစ်ကို | အပု2 | အပူ |
| မိခင်၏မောင် | ပု2စိ2 | ပူစောင် |
| မိခင်၏အစ်မ | အိအြု2လှဲ2̤ | အောက်အူလှဲင် |
| မိခင်၏ညီမ | အိအြု2တွံ2̤ | အောက်အူတွီ |
| သား | စိံျ | စိုး |
| သမီး | စနှြ2 | စနှူ |
| တူ | တအု2 | တအူ |
| တူမ | တအု2 | တအူ |
| တူမ (မောင်၏သမီး) | စိျနှျဆ2̤ | စိုးနှူဆန် |
| ယောက္ခမ (မ) | အပိြ | အပုတ် |
| ယောက္ခမ (ကျား) | ပပု2 | အပူ |
| အစ်ကို | အတ2 | အတာ |
| အစ်မ | အစံ2 | အစီ |

## (ဃ) အရိုက်အရာခံယူခြင်းနှင့်အမွေဆက်ခံခြင်း

ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းများတွင် အရိုက်အရာခံယူခြင်းနှင့် အမွေဆက်ခံခြင်းများနှင့် ပတ်သက်၍ လေ့လာကြည့်သော် [၁]**မျိုးနွယ်ဆက်ခံခြင်း၊** [၂]**ရာထူးအမွေဆက်ခံခြင်း** နှင့် [၃]**ပစ္စည်းအမွေဆက်ခံခြင်း** များတွင်ရိုးရာဓလေ့ စည်းမျဉ်းများရှိကြောင်း အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

အရှိုချင်းများသည် လူကြီးများနေရာသို့ လူငယ်များကို ဖြည့်စွက်ပေးရာတွင် ယဉ်ကျေးမှုဓလေ့ထုံးစံအရ ချမှတ်ထားသော ကလေးအမည်ပေးပွဲ (သို့မဟုတ်) ကင်ပွန်းတပ်ပွဲ၊ အခမ်းအနားသည် လူငယ်များအား လူကြီးများအဖြစ် မျိုးဆက်မပြတ်အောင် ဆက်ခံစေသည့် ရိုးရာအထိမ်းအမှတ်ပွဲ ဖြစ်ပေသည်။ သို့ဖြစ်၍ အရှိုချင်းကလေးများသည် ပထမဦးဆုံး မျိုးနွယ်ဆက်ကို ဆက်ခံရသည့်အခါ မျိုးနွယ်ဆက်ခံခြင်း အထိမ်းအမှတ်ပွဲရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ရာထူးအမွေဆက်ခံခြင်းနှင့် ပတ်သက်၍ လေ့လာကြည့်သော် ဖဘက်မျိုးရိုးဆက်လိုက်စနစ်ကိုကျင့်သုံးသည့်အလျောက် သားယောကျ်ားလေးများကသာ အရိုက်အရာ ဆက်ခံနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ အရှိုချင်းတိုင်းရင်းသားများတွင် ဇနီးသေဆုံးသော် နောက်ထပ်ဇနီးကို လက်ထပ်ယူနိုင်သည်။ ရာထူးအမွေဆက်ခံမှုနှင့်ပတ်သက်၍မည်သည့်ဇနီးတွင်မဆိုသားယောကျ်ားလေးရှိက အမွေဆက်ခံနိုင်သည်။ မိန်းမများနှင့် မိခင်ဘက်မှ မျိုးဆက်များက လုံးဝအရိုက်အရာမခံနိုင်ချေ။ ရာထူးအမွေ ဆက်ခံရာတွင် သားကြီး၊ သားလတ်၊ သားထွေး စသည်ဖြင့် ကြီးစဉ်ငယ်လိုက် ဆက်ခံရသည်။ ဖခင်သည် တောင်ပိုင် သူကြီးဖြစ်လျှင် သားများက အစဉ်လိုက်တောင်ပိုင်သူကြီးအဖြစ် အမွေဆက်ခံနိုင်သည်။ သားမရှိလျှင် သားကိုယ်စား ပြုမွေးစားခြင်းဖြင့်သူကြီးအဖြစ် ရာထူးအမွေပေးနိုင်သည်။ ဤကဲ့သို့ သားများမရှိလျှင် ဖခင်၏အစ်ကို (သို့မဟုတ်) ဖခင်၏ညီက ရာထူးအမွေ ဆက်ခံနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပစ္စည်းအမွေ ဆက်ခံခြင်းနှင့်ပတ်သက်၍ လေ့လာကြည့်သော် ဖဘက်မျိုးရိုးဆက်လိုက်စနစ်ကို ကျင့်သုံးသည့်နည်းတူ ရှေးယခင်က ပစ္စည်းအမွေများကို သားယောကျ်ားလေး များသာ

---

၁ The rule of descent

၂ The rule of succession

၃ The rule of inheritance

ဆက်ခံကြရသည်။ သားယောကျာ်း မထွန်းကားသော် အစ်ကို (သို့မဟုတ်) ညီနှင့် အစ်ကို၏ သားကြီး၊ သားငယ် (သို့မဟုတ်) ညီ၏သားကြီး၊ သားငယ်တို့သာ ဆက်ခံခွင့်ရှိ သည်။ သားကြီးသည် ရိုးရာထိန်းသည့်အတွက် အိမ်နှင့်တောင်ယာများရသည်။ သားနောင်း နှင့် မြေးဦး သည် အမွေညီတူရသည်။ သမီးမိန်းကလေးများကို အမွေပေးလေ့မရှိပါ။ အရှိုချင်းအမျိုးသမီး တစ်ဦးသည် အိမ်ထောင်ပြုသည်နှင့် သူမ၏မိဘထံမှ အမွေအားလုံး ဆုံးရှုံးခံရပေသည်။ အမွေဆက်ခံသည့် သားကြီးသည် ဖခင်၏စကားကို မနာယူဘဲ မိမိစိတ် ကြိုက် မိန်းမကိုယူ၍ အိမ်ခွဲဆင်းလျှင် ပစ္စည်းအမွေဆက်ခံခွင့်မရှိချေ။ အမွေဆက်ခံသူသည် အမွေကို ထိန်းသိမ်းခြင်း တာဝန်၊ ခွဲဝေခြင်း တာဝန်၊ ကြွေးမြီရှိက တောင်းခံခြင်း၊ ပေးဆပ်ရခြင်း စသည့် ကောင်းမွေ၊ ဆိုးမွေအားလုံးကို ဆက်ခံရခြင်းဖြစ်သည်။

ယခုအခါ ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းများသည် သမီးများကို သားများ နည်းတူ ပစ္စည်းများ အမွေပေးလေ့ရှိလာကြကြောင်း လေ့လာတွေ့ရှိရပါသည်။ မိဘများသည် သမီးတစ်ဦး တည်းသာရှိလျှင် မိန်းကလေးအနေဖြင့် ပစ္စည်းအမွေအားလုံးခံစားခွင့်ရှိပါသည်။ ခရစ်ယာန်များ ဓလေ့အရ အရှိုချင်းခရစ်ယာန်များသည် [၁]**သေတမ်းစာ** ရေးပြီးပေးလိုသူကို ပေးနိုင်သော ဓလေ့ရှိလာပြီဖြစ်ပေသည်။

## (င) အပျို၊ လူပျိုဘဝ

ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းများ၏ အပျို၊ လူပျိုဘဝကို လေ့လာကြည့် သော် အလွတ်လပ်ဆုံးနှင့် အပျော်ဆုံးဘဝဖြစ်ပေသည်။ သားပျို၊ သမီးပျိုများကို လွတ်လပ် ခွင့်ပေးထား သဖြင့် အပျို၊ လူပျို ရင်းရင်းနှီးနှီး ဆက်ဆံခွင့် ရရှိကြသည်။ သို့သော် အရှိုချင်းများသည် ရှေးယခင်အချိန်က အိမ်ထောင်ဖက်ကိုမူ ကင်ပွန်းတပ်စဉ် အခါကပင် ဆိုင်သူအချင်းချင်း စေ့စပ်ပေးထားလေ့ရှိသည်။ နှမ၏သား၊ မောင်၏သမီး လိင်ကွဲမွေးဝမ်းကွဲမောင်နှမများ မှာဆိုင်သူ၊ ပိုင်သူများဖြစ်သည်။ အရှိုချင်းဘာသာ စကားဖြင့် " စီစွန်၊ ပူစွန် " ဟုခေါ်သည်။ လူပျို၊ အပျိုဘဝတွင် ဆိုင်သူများဖြစ်ကြပြီး၊ လက်ထပ်ပြီးသောအခါ ပိုင်သူများဖြစ်သွားကြသည်။ ဦးလေးတွင် သမီး မိန်းကလေး မရှိပါမှ အခြားဆွေမျိုးစုထဲမှ သမီးပျိုများအား ပိုးပန်းခွင့်ရသည်။

---

[၁] Will

အပျိုအိမ်များ၊ အပျိုဂေဟာများသို့ ဝင်ရောက်၍ ပိုးပန်းခွင့်ရသောကြောင့် ချစ်သူရှာရန်မှာ မခဲယဉ်းလှပေ၊ လုပ်ငန်းခွင်များ ပြီးဆုံးသော နွေရာသီတွင် လူပျိုများ အတွက် တစ်ရွာမှတစ်ရွာသို့ လှည့်လည်၍ အပျိုရှာလေ့ရှိကြသည်။

အရှိုချင်း အမျိုးသမီးများမှာ အသက် (၁၄) နှစ် (၁၅) နှစ်အရွယ်တွင် အိပ်ယာခွဲပေးကာ အပျိုဖြစ်ပြီဟူ၍ ယေဘူယျအားဖြင့် အသိအမှတ်ပြုကြသည်။ ရှေးယခင်က အရှိုချင်း မိဘတို့သည် အရွယ်ရောက်ပြီဖြစ်သော သမီးပျိုများကို အပျိုဂေဟာသို့ ပို့ကြရ၏။ အပျိုဂေဟာကို ရပ်ရွာက စုပေါင်းဆောက်လုပ် ပေးထားလေသည်။ အရွယ်ရောက်သော သမီးပျိုများသည် မိမိအိမ်၌ မအိပ်စက်ရတော့ဘဲ အပျိုဂေဟာ၌သာ အိပ်စက်ကြရသော ထုံးစလေ့ဖြစ်ပေသည်။ သို့သော် အလုပ်အကိုင်မအားလပ်သည့် အချိန်အခါများတွင် မိမိတို့၏အိမ်၌လည်း အိပ်နိုင်ပါသည်။ အပျိုဂေဟာရှိ အပျိုများအား လုံးအား အပျိုခေါင်းက အုပ်ထိန်းရသည်။ အပျိုခေါင်းမှာ အသက်အရွယ်ကြီးသည့် ရိုသေ လေးစားထိုက်သူ အပျိုကြီးအား ခန့်လေ့ရှိပါသည်။ အပျိုဂေဟာကို အရှိုချင်းဘာသာ စကားဖြင့် " ဟွန်းနှအဲင်း " ဟုခေါ်သည်။ အပျိုဂေဟာတွင် အပျိုများ စုပေါင်းအိပ်စက်ခြင်း ဖြင့် အနာဂတ် အိမ်ထောင်ရှင်ဘဝအတွက် သင်တန်းကျောင်းသဖွယ်လည်းဖြစ် ပါသည်။ အိမ်ထောင်ရေး အတတ်ပညာများကို အချင်းချင်း ဆွေးနွေးခြင်းဖြင့် လည်းကောင်း၊ အပျိုခေါင်း၏ ဆုံးမသွန်သင်မှုဖြင့်လည်းကောင်း သင်ယူရာဌာနလည်းဖြစ်ပေသည်။

ကာလသားခေါင်းဟူ၍လည်းရှိသည်။ ကာလသားခေါင်းမှာ အသက်အားဖြင့်ကြီးသူ၊ ကြည်ညိုလေးစားထိုက်သူ၊ သိက္ခာရှိသူ၊ ဉာဏ်အမြော်အမြင်ရှိသူ၊ အပြောအဆိုကောင်းသူ လူပျိုကြီးအား ခန့်အပ်လေ့ရှိသည်။ လူပျိုဂေဟာ ဟူ၍ကား မရှိချေ။ ယောကျာ်းလေးများသည် အသက် (၁၅) နှစ် (၁၆) နှစ်အရွယ်တွင် လူပျိုဘော်ဝင်၍ လူပျိုအသိုင်းအဝန်းထဲ တွင်ဝင်ခွင့်ရပြီး ကာလသားများနှင့်အတူ လူပျိုလှည့်လိုက်ကြသည်။ မိန်းကလေး၊ ယောကျာ်းလေး အပြန်အလှန် လူပျို၊ အပျိုဘဝ တေးချိတ်ရာတွင် (ချစ်သီချင်းဆိုရာတွင်) ခြူချောင်း (ဝါးနှင့်ပြုလုပ်ထားသည့် အသံထွက်သည့် တူရိယာတစ်မျိုး) ကိုမှုတ်၍ တေးချိတ်ကြသည်။ ကာလသား လူပျိုများအား ထိုစာချိုးများကို အသက်ကြီးသူ ဦးကြီး၊ ဦးလေး လူကြီးပိုင်းက သင်ကြားပေးပြီး အမျိုးသမီးပျိုများကို လူကြီးအမျိုးသမီးကြီးများက သင်ကြားပေးသည်။ ထို့ပြင် ပုစ္ဆာန်းပညာနှင့် ရိုးရာဓလေ့များ၊ အရှိုချင်းစာပေများကို ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းကျေးရွာများတွင်

လူငယ်များအား အသက်ကြီးသူ လူကြီးများ၊ ပုဏ္ဏားဆရာများက သင်ကြားပေးခဲ့ကြောင်း သံလယ်ကြီး ကျေးရွာ၊ အရှိချင်းဘာသာဥက္ကဋ္ဌ ဖုံဂျီဆိုင်၏ ပန်ကြားလွှာ (ဖိတ်ကြားလွှာ) အရ သိရှိရပါ သည်။

ယခုအခါ အပျိုဂေဟာဟူ၍လည်း မရှိတော့ကြောင်း၊ အပျိုခေါင်း၊ လူပျိုခေါင်းများ ခန့်ထားခြင်းလည်း မရှိတော့ကြောင်း သိရသည်။ ရိုးရာဓလေ့ထုံးစံများကို စုပေါင်း၍ သင်ကြားပေးခြင်းမှာလည်း ပျောက်ကွယ်သွားပြီဖြစ်ပေသည်။

ထို့ပြင် ယခုအခါ အရွယ်ရောက်လာသော ကလေးငယ်များကို မိမိတို့ ကိုးကွယ်သည့် ဘာသာအရ ဗုဒ္ဓဘာသာအရှိချင်းများသည် မြန်မာများကဲ့သို့ရှင်ပြုပွဲကျင်းပ ကြပြီး ခရစ်ယာန်အရှိချင်းများသည် နှစ်ခြင်းခံခြင်းများ ပြုလုပ်ပေးကြကြောင်း သိရှိရပါသည်။

## (၁) အချင်းချင်းဆက်ဆံရေး

ရှေးယခင်က ယောကျာ်းပျိုများသည် အခြားရွာမှ အပျိုများအား နှစ်သက်သဘောကျလျှင် ထိုအမျိုးသမီးရှိသော ရွာသို့သွား၍ လူပျိုလှည့်ရသည်။ ဧည့်သည်လူပျိုသည် ကာလသားခေါင်း အိမ်တွင်ပင် တည်းခိုအိပ်ကြရသည်။ ထို့နောက် မှန်းခြေနှင့်လာသလား (ရည်ရွယ်ထားသော အမျိုးသမီးရှိပြီး) သင့်တော်ရာကို ယူမှာလားဟု မေးရသည်။ သင့်ရာကို ယူမည်ဆိုပါက အိမ်ရှင်ကာလသားခေါင်းက ရွေးချယ်ပေးရသည်။ ရွာတွင်အပျိုများ စုအိပ်လေ့ရှိသော အပျိုဂေဟာမှ အပျိုများအား လူပျိုလှည့်လိုလျှင်လည်း ပို့ပေးရသည်။ အပျိုဂေဟာရှိ ကြိုက်နှစ်သက်သော အပျိုအား ချစ်ရေးဆိုပိုင်ခွင့်ရရှိလေသည်။ လသာသော ညများတွင် အပျိုများသည် ဗိုင်းငင်ရင်း၊ ဝါဖန့်ရင်း၊ ထွေရာလေးပါး ပြောဆိုလေ့ရှိကြသည်။ ထိုအချိန်တွင် ဧည့်သည်လူပျိုသည် ချစ်ရေးဆိုခွင့်ရှိပါသည်။ မှောင်မိုက်သော အခါကာလများတွင် ဧည့်သည်လူပျိုသည် ဆေးလိပ်မီးရောင်နှင့် ချစ်ရေးဆိုမည့် အပျိုကိုရှာ၍ ချစ်ရေးဆိုနိုင်လေသည်။

အိမ်တွင်ရှိသော အမျိုးသမီးပျိုအား လူပျိုလှည့်မည်ဆိုလျှင် ရွာခံသူငယ်ချင်းက လူပျိုလှည့် မသွားမီ အမျိုးသမီးပျို အိမ်သို့ကြိုတင်သတင်းပို့ရသည်။ အမျိုးသမီးပျို အိမ်မှ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ လက်ခံစကားပြောဆိုရသည်။ မိဘများသည်

သမီးမိန်းကလေး (၁၈) နှစ်ပြည့်သည်နှင့် လူပျိုလှည့်လာမှုကို ခွင့်ပြုထားရသည်။ လူပျို ကာလသားညှော်သည် သည် မိမိစွဲလန်းနေသူ အမျိုးသမီးထံသို့ ရွာခံကာလသားနှင့်အတူ ညသန်းခေါင်ကျော် အမျိုးသမီး၏ မိဘများ အိပ်ချိန်တွင် သွားရောက်လူပျိုလှည့်လေ့ရှိသည်။

အတူလိုက်ပါသွားသော ရွာခံကာလသားသည် လှေကားရင်းတွင်ပင် ထိုင်စောင့်ရသည်။ အကြောင်းမှာ လူပျိုလှည့်လာသော ညှော်သည်ကာလသားမှာ ရန်သူ (သို့မဟုတ်) သူခိုးဖြစ်နေလျှင် သက်သေခံအဖြစ် တာဝန်ယူဖြေရှင်းရန်အတွက်ဖြစ်သည်။ တစ်ရွာတည်းနေသော အပျိုများကို လူပျိုလှည့်ရာ၌ မိမိတစ်ဦးတည်းသွားလိုက သွားနိုင်ပါသည်။ ဤသို့လူပျိုလှည့်သွားရာတွင် ဆေးလိပ်မီးနှင့် လူပျိုလှည့်သွားရသည်။ ဆေးလိပ်မီး မပါလျှင် သူခိုးဟု ယူဆသောကြောင့်ဖြစ်သည်။

အိမ်ရှင်အမျိုးသမီးပျိုသည် လူပျိုလှည့်လာသူ ကာလသားအား အပျိုခန်းတွင် စောင်ကို ခေါင်းမြီးခြုံ၍ အိပ်ချင်ဟန်ဆောင်ကာ စောင့်နေရသည်။ လူပျိုလှည့်လာသူ ကာလသားသည် ကဗျာ၊ လင်္ကာ၊ စာချိုးများဖြင့် နှိုးရသည်။ ကာလသားပျိုအား ပညာရှိမရှိ စမ်းခြင်းပင်ဖြစ်သည်။ ဤသို့ဖြင့် (၃) ညတိုင်တိုင် လူပျိုလှည့်သွားရသည်။

ပထမညတွင် အပျို၊ လူပျို နှစ်ဖက်လုံး၏ မောင်အကြောင်း၊ နှစ်မ အကြောင်း၊ ဆွေမျိုးများအကြောင်းပင် ပြောကြသည်။ ဒုတိယညတွင်လည်း ဆွေမျိုးများ အကြောင်းပင် ပြောကြပြန်သည်။ တတိယမြောက်ည ရောက်သောအခါမှသာ ဖူးစာကံ အကြောင်း၊ လူငယ်ဘာဝ ချစ်ကြိုက်ကြကြောင်း ပြောကြရသည်။ ဤသို့ (၃) ညတိုင်တိုင် လူပျို၊ အပျို လွတ်လပ်စွာဖြင့် အပျိုခန်းအတွင်းတွင် မီးအလင်းထိုင်၍ စကားပြောနိုင်သည်။ ထိုအချိန်မျိုးတွင် အိမ်ရှင်မိဘများသည် အပေါ့အပါးသွားလိုပါက သမီးပျိုအခန်းရှေ့မှ ဖြတ်၍ပင် မသွားကြပေ၊ စကားရျပ်မည်စိုးသောကြောင့်ဖြစ်သည်။ ဤသို့ဖြင့် လွတ်လပ်စွာ လူပျိုလှည့်ခွင့်ရကြသော်လည်း လူပျိုလှည့်စဉ်ကျူးလွန်မှု၊ စည်းကမ်းမဲ့ပေါင်းသင်းခြင်းကား လုံးဝမရှိချေ။

လူပျိုနှင့်အပျို တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်ပြီး မိဘများကလည်း သဘောတူပါက အတူအိပ်စက်ခွင့်ရရှိလေသည်။ ၄င်းကို အရှိချင်းဘာသာစကားဖြင့် " အီပွိ " ဟုခေါ်သည်။ အိပ်ဖော်၊ အိပ်ဖက် ရည်းစားဟု အဓိပ္ပါယ်ရသည်။ ထို "အီပွိ" သည် တကယ်တမ်း

လက်ထပ်ကြရမည့် ဓနီးမောင်နှံများ ဖြစ်လာကြမည်မှာ အမှန်ပင်တည်း၊ ဤသို့ လက်ခံသဘောတူပါက စရံငွေအဖြစ် (၂၀) (၃၀) ကို ကာလသားခေါင်းမှ တဆင့် ပို့ပေးရပါသည်။ သို့ဖြစ်၍ ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းများသည် နှစ်ဦးသဘောတူပါက [၁] **လက်မထပ်မီလွတ်လပ်စွာပေါင်းသင်းခွင့်** ရှိကြောင်းလေ့လာသိရှိရပါသည်။

ထို့ပြင် ကျန်းမာရေးနှင့်ပတ်သက်သည့် နွားနတ်ကိုးခြင်းများ ပြုလုပ်သည့် အခါ ယောကျ်ားပျိုများကသာ အသားများကိုဖျက်ရပြီး အူ၊အသည်းကို မိန်းမပျိုများက ကိုင်ရသည်။ မင်္ဂလာဆောင် အခမ်းအနားတွင်လည်း လူပျိုအပျိုများ ပါဝင်ဆင်နွှဲကာ ဝိုင်းဝန်း လုပ်ကိုင် ကြရသည်။ ဤသို့ဖြင့် ရပ်ရွာ၏ သာရေး၊ နာရေး ကိစ္စများကို ဝိုင်းဝန်းဆောင်ရွက်ယင်း လူပျို၊ အပျို စောင်းကာ၊ ချိတ်ကာ ကလူကြည်စယ်ခြင်းများလည်းရှိပါသည်။

ရိုးရာဓလေ့ကို ကျင့်သုံးသူ အရှိုချင်းလူကြီးအချို့မှာ မိမိတို့အိမ်သို့ပင် လူပျိုလှည့်ခွင့်ပေးထားကြောင်း လေ့လာရသဖြင့် ယခုအခါ ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းများ၏ အပျို၊ လူပျိုဘဝမှာ အထိုက်အလျောက် လွပ်လပ်မှုများရှိနေပေသေးသည်။ ယခုအခါတွင် အရှိုချင်းလူပျို၊ အပျိုလေးများသည် ကောက်စိုက်သည့်အခါ ပျိုးနှုတ်သည့် အခါများနှင့်ပွဲလမ်းသဘင် အခမ်းအနားများတွင် စောင်းကာ၊ ချိတ်ကာ လူပျိုလှည့်ကြပေသည်။ ရွာအနီးရှိ ချောင်းများတွင် အပျိုလေးများ၊ ရေချိုးထွက်သည့်အခါတွင်လည်း လူပျိုလှည့်ကြကြောင်း လေ့လာသိရှိရသည်။

## (စ) စေ့စပ်ကြောင်းလမ်းခြင်း

အရှိုချင်း အပျို၊ လူပျိုများသည် တစ်ဦးနှင့်တစ်ဦး မေတ္တာသက်ဝင်ပြီးသည့်အခါ ယောကျ်ားလေးသည် မိန်းကလေးအိမ်သို့ အချိန်မရွေး သွားလာနိုင်သည်။ သို့သော် မောင်ရင်းနှမ သဖွယ် သဘောထားရသည်၊ သစ္စာစောင့်သိရ၏၊ ကတိစကားအကြိမ်ကြိမ် ပြုပြီးနောက် နှစ်ဦး၊ နှစ်ဖက်လုံး၏ မိဘများကို ဖွင့်ဟပြောကြလေသည်။ ထိုအခါ ယောကျ်ားလေး မိဘက

---

၁ Pre marital relation

ခေါင်ဖူးကိုယူပြီး မိန်းကလေးမိဘအိမ်သို့ အကြောင်းကြားရန် သွားရသည်။ စေ့စပ်ကြောင်းလမ်းခြင်း ပင်ဖြစ်သည်။

အရှိုချင်းများသည် ဓလေ့ထုံးစံအရ သားရေး၊ သမီးရေး ကိစ္စများတွင် "ကွေလှုန်" (ခေါ်) မြင့်သူ နှင့် " ကွေနင်း " (ခေါ်) နိမ့်သူ ဟူ၍ ရှိပါသည်။ တနည်းဆိုသော် သားရှင်သည် နိမ့်သူဖြစ်၍ သမီးရှင်သည် မြင့်သူဖြစ်သည်။ အစ်ကို၊ မောင်များ၏ သမီးနှင့် အစ်မ၊ နှမများ၏ သားများမှာ ဆိုင်သူများဖြစ်၍ လက်ထပ်နိုင်သည်။ ဥပမာ– မောင်ဖြူနှင့် မနီတို့သည် မောင်နှမဆိုပါစို့ မောင်ဖြူ၏သမီးနှင့် မနီ၏သားတို့သည် ဆိုင်သူများဖြစ်၍ လက်ထပ်ယူနိုင်သည်။ ဆိုင်သူများကို အရှိုချင်းဘာသာဖြင့် "စီစွန်" ဟုခေါ်သည်။ [၁]**လိင်ကွဲမောင်နှမမွေးဝမ်းကွဲ မောင်နှမများလက်ထပ်ခြင်း** ပင်ဖြစ်သည်။ သို့သော် မောင်ဖြူ၏သားနှင့် မနီ၏သမီးမှာ ဆိုင်သူများမဟုတ်သဖြင့် လက်ထပ်ခွင့်မရှိပါ။ ထို့ပြင် [၂]**လိင်တူမွေး ဝမ်းကွဲမောင်နှမများလည်း လက်ထပ်ခွင့်** မရှိဟူသော [၃]**တားမြစ်ချက် စည်းမျဉ်း များ** ရှိသည်။ ဆိုင်သူ မဟုတ်သူများကို အရှိုချင်းဘာသာဖြင့် "ပူစွန်" ဟုခေါ် သည်။ အရှိုချင်းတို့သည် မောင်လှယ်၊ နှမလှယ် ပေးစားမှုမျိုးကို ရှေးအခါက [၄]**ဦးစားပေး စည်းမျဉ်းများ** အဖြစ်ကျင့်သုံးကြောင်း လေ့လာရပါသည်။

မောင်တော်စပ်သူမှ သမီးရတနာ ဖွားသောအခါ နှမသည် မိမိ၏သားအတွက် ရည်မှန်း၍ ဝက်တစ်ကောင်ဖုတ်ပြီး ကင်ပွန်းတပ်မင်္ဂလာနှင့်အတူ စေ့စပ်ကြောင်းလမ်းခြင်း ပြုလုပ်ကာ နားဖောက်ပွဲပြုလုပ်ပေးရသည်။ ၄င်းကို အရှိုချင်းဘာသာစကားဖြင့် "နှန်ဖောက်ဖွေ" ဟုခေါ်သည်။ သတို့သမီး အရွယ်ရောက်သောအခါမှ သားရှင် (နိမ့်သူ) နှင့် သမီးရှင် (မြင့်သူ) တို့ညှိနှိုင်းကာ နေကောင်းရက်သာ ရွေးပြီး မင်္ဂလာပွဲကို ကျင်းပ ရသည်။

---

၁ Cross cousins marriage

၂ Parallel cousins marriage

၃ Prohibitions

၄ Preferences

အကယ်၍ ဦးလေးတွင် သမီးမရှိသဖြင့် (ဆိုင်သူမရှိလျှင်) တခြား မိန်းကလေးကို သမီးရင်းလို သဘောထား၍ အစားထိုးကာ [၁] **မွေးစားခြင်းဖြင့်အိမ်ထောင်ဖက်ခြင်း** များလည်း ရှိကြောင်းလေ့လာရပါသည်။

ကင်ပွန်းတပ်စဉ် စေ့စပ်ထားသော ဆိုင်သူ သတို့သမီးကို မယူဘဲ တစ်ရွာသူကို ယူမည်ဆိုလျှင် ကင်ပွန်းတပ်စဉ်က စေ့စပ်ထားသော ဆိုင်သူအမျိုးသမီးအား ခေါင်ရည် (၅) အိုး၊ တန်ဘိုးမနည်းသော နွားတစ်ကောင်၊ ဝက်တစ်ကောင် (ဝက်၏ချက်မှဂုတ်ပိုးအထိ ၉ ဆုတ်နှင့် လက်လေးသစ်အရွယ်) လှံတစ်ချောင်း၊ ခက်ရင်းခွတစ်ချောင်း၊ အိတ်တစ်လုံးနှင့် အဝတ်အထည် အချို့၊ မောင်းတစ်လုံး၊ လင်းကွင်း၊ ကျွဲမသုံးမိသား (မိခင်တစ်ကောင်၊ သားသုံးကောင်)၊ ကျွဲပေါက် တစ်ကောင် (သုံးနှစ်ထွန်)၊ ဦးချိုကားကားနှင့် လှပသော ကျွဲမတစ်ကောင်တို့ကို လျော်ကြေးအဖြစ် ပေးရသည်။


မိန်းကလေးဘက်မှ ပျက်ကွက်လျှင် မိန်းကလေးသည် ယောကျာ်းလေးအား ကြေးလင်ပန်း တစ်ချပ်၊ ပိုးလုံချည်တစ်ထည်၊ ပိုးခါးပတ်ကြိုးတစ်ခုနှင့် ပိုးခေါင်းပေါင်း တစ်ထည်တို့ကို ပေးလျော်ရလေသည်။

တစ်ရွာသူကို နှစ်သက်၍ စေ့စပ်ကြောင်းလမ်းတော့မည်ဆိုလျှင် ဆိုင်သူ မိန်းကလေးကို လျော်ကြေးပေးကာ ကွာရှင်းပြီးမှ တစ်ရွာသူ (ဆွေမျိုးမတော်သူမိန်းကလေး) က လက်ခံလေ့ ရှိသည်။ သားဖြစ်သူက အမေကို စဖွင့်ပြောလေ့ရှိသည်။ မိန်းကလေးကလည်း မိမိ၏ မိခင်ကို စတင်ဖွင့်ပြောရသည်။ မိန်းကလေးဘက်သို့ သားရှင်က ဝါးဖြင့်ယက်လုပ်ထားသော ပလိုင်းသဏ္ဍာန် တောင်ဘို့ထဲတွင် ခေါင်ဗူးထည့်ပြီး သွားရသည်။ ဤသို့သွားလျှင် မိခင်၊ ဖခင် ဆွေမျိုးများအပြင်၊ အကြီးအကဲ လူကြီး (၂) ဦးနှင့်ကာလသားခေါင်းပါ လိုက်ပါသွားရ၏ မိန်းကလေးရှင်ဘက်မှ သဘောတူလက်ခံလျှင် ခေါင်အိုးဖေါ်ထားပြီး ကြက်တစ်ကောင်နှင့် ညှိခံလေသည်။ ထို့နောက် သတို့သားဘက်မှ ကာလသားခေါင်းနှင့် သတို့သမီးဘက်မှ ကာလသားခေါင်းတို့သည် ရှာဝင်ကြေးအတွက် ဆွေးနွေးရလေသည်။ တင်တောင်းရမည့် ပစ္စည်းအရေအတွက်နှင့် ပွဲလမ်းသဘင်အတွက် ကျွေးမွေးရမည့် ဝက်အကောင်ရေကို တစ်ပါ တည်း သတ်မှတ်ခြင်းဖြစ်သည်။

---

၁ Adoptive marriage

စေ့စပ်ပွဲတွင် အထိမ်းအမှတ် စရံအဖြစ် သတို့သားဘက်မှ မင်္ဂလာကြေးပေးသော အခါ မိန်းကလေးက ဂျပ်ခုတ်ပုဆိုး၊ အင်္ကျီစ တို့ကို စရံမင်္ဂလာကြေးအဖြစ် ပြန်ပေးရသည်။ ခေါင်ရည်များများနှင့် ကျင်းပနိုင်သော မင်္ဂလာဆောင်ပွဲအတွက် နှစ်ဖက်မိဘများသည် ဂုဏ်ယူကြသဖြင့် စေ့စပ်ကြောင်းလမ်းခြင်းကို လက်ခံပြီးသည်နှင့် တပြိုင်နက်ခေါင်ရည်ကို ကြိုတင်ချက်ထားကြရသည်။




## (ဆ) လက်ထပ်ထိမ်းမြားခြင်း

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများ၏ လက်ထပ်ထိမ်းမြားခြင်းကို လေ့လာကြည့်သောအခါ မိန်းကလေး (၁၈)နှစ်ဝန်းကျင်နှင့် ယောကျာ်းလေးအသက် (၂၀) ဝန်းကျင်တွင် လက်ထပ်ထိမ်းမြားပေးကြသည်။ လက်ထပ်ထိမ်းမြားခြင်း ဓလေ့ထုံးစံနည်းနာများကို "လှိုနူး" ခေါ် ဖန်ဆင်းရှင်က ချမှတ် ပေးထားသည်ဟု ယူဆကြသည်။ သမီးပျို မိန်းကလေးများသည် မိဘတို့၏ သဘောအတိုင်း မဟုတ်ဘဲ အစ်ကို၊ မောင်တို့၏ သဘောအတိုင်းသာ ထိမ်းမြားလက်ထပ်ခြင်းအမှုကို ဆောင်ရွက် ကြရသည်။ သမီးမိန်းကလေးတစ်ဦး မွေးဖွားလာသည်နှင့် တပြိုင်နက် ထိုမိန်းကလေးအား အစ်ကို၊ မောင် များအနက်မှ တစ်ဦးဦး၏ စီမံမှုအောက်သို့ အပ်နှံလိုက်ပြီးဖြစ်လေသည်။ အကယ်၍ အစ်ကို၊ မောင် မရှိခဲ့လျှင် မိန်းကလေး (အဖေ၏အမ) ကြီးတော်၏ သားယောကျာ်းလေး တစ်ဦးဦး၏ စီမံမှုအောက်သို့ အပ်နှံလိုက်ကြရသည်။ ဤသို့ဖြင့်

အစ်ကို၊ မောင်များမှာ မိန်းကလေး၏ ထိမ်းမြား လက်ထပ်မှု ကိစ္စများကို ဆောင်ရွက်ပေးကြရသည်။ ၎င်းတို့၏ သဘောတူ ခြင်း၊ သဘောမတူခြင်း စသည့် အဆုံး အဖြတ်များ ရယူကာ လက်ထပ်မင်္ဂလာပြုလုပ်ကြရပေသည်။

အရှိုချင်းများသည် မင်္ဂလာဆောင်ပွဲကို (သုံးကြိမ်တိတိ) ကျင်းပကြရသည်။ မင်္ဂလာ အခမ်းအနား ကျင်းပရန် ရက်သတ်မှတ်သည့်အခါ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် မင်္ဂလာရက်ရွေးချယ်လေ့ရှိ၏။ ပြာသိုလမှာ မဆောင်ကောင်းဟု အယူရှိ၏။ တပို့တွဲ၊ တပေါင်းလများတွင်လည်း မင်္ဂလာရက်ရွေးချယ်နိုင်သည်။ တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ကြယ်တာရာမစုံ၍ မင်္ဂလာဆောင်လေ့မရှိ၊ ဝါတွင်းအချိန်များတွင် လည်း မင်္ဂလာ မပြုကောင်းဟု သတ်မှတ်ထားလေ့ရှိသည်။ သို့ဖြစ်၍ နတ်တော်လတွင် ဝက်သည်းကြည့်မင်္ဂလာ၊ တပို့တွဲလတွင် မင်္ဂလာလတ်နှင့် တပေါင်းလတွင် မင်္ဂလာကြီးတို့ကို ကျင်းပပြုလုပ်ကြကြောင်း လေ့လာရပါသည်။

မင်္ဂလာအခမ်းအနားအတွက် ကောင်းမြတ်သော လ၊ ရက်များ ရွေးချယ်သတ်မှတ် ပြီးနောက် ခေါင်ရည်ကို အဆင်သင့်ဖြစ်အောင် ကြိုတင်ပြုလုပ်ထားရ၏။ ထိုသို့ ခေါင်ရည်ကို ကြိုတင်စီစဉ်ရာတွင် ခေါင်အိုး၏ အောက်ဆုံးတွင် စပါးကိုပြုတ်၍ ထည့်ထားသည်။ စပါးပေါ်တွင် ကောက်ညှင်းနှင့် တဆေးမှုန့်ကို ရောနယ်ပြီး ထည့်လိုက်၏။ ခေါင်အိုးတွင် ကုက္ကိုရွက် (သို့မဟုတ်) အခြားသစ်ရွက်တို့ကို အိုးနှုတ်ခမ်းတွင် ထားပြီး အလယ်တည့်တည့်တွင် ပလုတန် စိုက်လျက်ရက်အနည်းငယ်ကြာသောအခါ ခေါင်ရည်ပြန် ချလေသည်။

မင်္ဂလာရက် မရောက်မီကပင် ယောကျာ်းလေးဘက်မှ နှုတ်ဖြင့် လိုက်လံ၍ ဖိတ်ရသည်။ ဖိတ်စာနှင့် မဖိတ်ရဘဲ လူကိုယ်တိုင်လိုက်၍ ဖိတ်မန္တက ပြုရ၏။ နှစ်ဖက်သော ဆွေမျိုးများက ခေါင်ရည်နှင့် ကူညီကြသည်။

မင်္ဂလာရက်ရောက်သောအခါ ယောကျာ်းလေးဘက်မှ ဝက်ကိုယူ၍ မိန်းကလေးအိမ်သို့လာရ၏။ ရွာထဲသို့ ဝင်ရောက်သည့်အခါ မိန်းကလေးဘက်မှ နီးစပ်သူများက လမ်းကို ဆီး၍တားပြီး ခေါင်ရည်တောင်းလေသည်။ ခေါင်ရည်သံပုံးတစ်လုံး (သို့မဟုတ်) သံပုံးနှင့် နှစ်လုံးပေးမှ လမ်းဖွင့်ပေး၏။ ယောကျာ်းလေး (သတို့သား) ဘက်မှ မိန်းကလေး (သတို့သမီး) အိမ်သို့ ညနေပိုင်း အချိန်ရောက်လာလျင် လူစုံထမင်းအဖြစ် ညစာကျွေး၏။

## (၁) ဝက်သည်းကြည့်မင်္ဂလာ

ဝက်သည်းကြည့်ခြင်းမင်္ဂလာကို နံနက်စောစောတွင် ပြုလုပ်လေ့ရှိသည်။ ဝက်သည်းကြည့် မင်္ဂလာဖွင့်သည့်အခါ ခေါင်အိုးနှစ်လုံးကို ခေါင်းရင်းတိုင်နှစ်လုံးကြားတွင် ထားရသည်။ ပထမ ခေါင်အိုးနှင့်ကပ်ပြီး ရေအိုးတစ်လုံး၊ ဒုတိယခေါင်အိုးနှင့်ကပ်ပြီး ရေအိုးတစ်လုံးထားလေသည်။ ခေါင်အိုးပေါ်တွင် ဝါးညှပ်တစ်ခုတင်ပြီး ဝါးညှပ်၏ အစွန်းတစ်ဖက်စီကို ပလူတန်တစ်ချောင်းစီညှပ်ထား၏။ အလယ်တွင် ဝါးဖြင့်ပြုလုပ်ထားသော တံခွန်၊ ကုက္ကားများစိုက်ထားလေသည်။ အတွင်းဘက်ပလူတန်ကို မိန်းကလေးဘက်မှဆိုင်ပြီး အနည်းငယ်ရှည်ထားသည်။ အပြင်ဘက်ပလူတန်ကိုမူ ယောကျာ်းလေးဘက်မှ ဆိုင်ပြီး အနည်းငယ်တိုထား၏။ မိန်းကလေးဘက်မှ ပလူတန်ကို အမိနှင့်အဖက စ၍ စုတ်ရသည်။ ထို့နောက် မိန်းကလေး၏ မောင်က ဆက်လက်စုတ်ရ၏။ ယောကျာ်းလေးဘက်မှလည်း အပြင်ပလူတန်ကို ဤနည်းအတိုင်းစုတ်ရသည်။

ပထမအိုးကို အထက်ပါအတိုင်း ပြုလုပ်ပြီး ဒုတိယအိုးကိုလည်း ထိုနည်းတူစွာ ပြုလုပ်ရလေသည်။ ဤသို့အားလုံး ပြုလုပ်ပြီးမှသာ လာသော နှစ်ဖက်ဧည့်သည်များကို ခေါင်ရည်ဖြင့် ဧည့်ခံသည်။ မိန်းကလေးဘက်မှ ဧည့်သည်များက အတွင်းပလူတန်ကို စုတ်ရသည်။ ယောကျာ်းလေးဘက်မှ ဧည့်သည်များက အပြင်ပလူတန်ကို စုတ်ရသည်။ ထိုကဲ့သို့ခေါင်ရည်အားလုံး စုတ်ပြီးနောက် ဝက်သည်းကြည့်ခြင်း မင်္ဂလာစတော့သည်။

ဝက်သည်းကြည့်မည့်ဝက် (ခေါင်ဝက်) ကို ပုစ္ဆာန်းဆရာက တညလုံး ပုစ္ဆာန်းပွယ်ရ၏။ ပုစ္ဆာန်းပွယ်ခြင်းဆိုသည်မှာ ခေါင်ဝက်ကို အသည်းကောင်းမွန်စေရန် နိမိတ်ဖတ် ပေးခြင်းဖြစ်သည်။ ခေါင်ဝက်ကို အသည်းမကြည့်မီ ရေဖြင့်စင်ကြယ်အောင် ဆေးကြောရသည်။ ထို့နောက် ၎င်းခေါင်ဝက်ကို တုတ်ဖြင့်ထုကာ သတ်လိုက်ပြီး အသည်းမထိခိုက်အောင် ရင်ကိုခွဲသည်၊ ရင်ခွဲပြီးနောက် အသည်းကို လုံးဝမထိခိုက်မိစေရန် အသာအရာနှုတ်ယူရလေသည်။ အသည်းတွင်ပေနေသော သွေးများကို ရေဖြင့် စင်ကြယ် အောင်ဆေးကြောပြီး လင်ပန်းထဲတွင် ထည့်လိုက်ရသည်။ ၎င်းအသည်းကို ပုစ္ဆာန်းဆရာက သေချာစွာ ကြည့်ရှုရ၏။ အသည်းနီရဲနေလျှင် အတိတ်နိမိတ်ကောင်းသည်၊ ပန်းရောင်ရှိလျှင် အိမ်ထောင်သက်ရှည်မည်၊ သည်းခြေမောက်ပြီးကြီးနေလျှင် သတို့သားနှင့်သတို့သမီး အတွက် ကောင်းသော

အတိတ်နိမိတ်ဖြစ်သည်။ မိုးရှင်၊ ဖရှင် ဂုဏ်ကျက်သရေရှိသည်၊ ဖွံ့ဖြိုးကြွယ်ဝမည်၊ သတို့သမီးလည်းကောင်းစားမည်၊ အသည်း၏ တဖက်အမွှာမှာ အကြောင်းနှစ်ကြောင်းရှိလျှင် ရွာလည်းလမ်းကောင်းမည်ဟု ယူဆကာ မင်္ဂလာပွဲအောင်မြင် လေသည်။

အကယ်၍ ဝက်အသည်းသည် အပြာရောင်ရှိနေလျှင် အိမ်ထောင်သက် မရှည်နိုင်၊ အမဲရောင်တွေ့လျှင်လည်း မကောင်းသော အတိတ်နိမိတ်ပင်ဖြစ်သည်။ သည်းခြေ အနီးရှိ အသားဖတ် (ဝက်နားသယ်) ကလေးထောင်နေလျှင် မင်္ဂလာပွဲမှာ ရန်ဖြစ်တတ်သည်။ ထို့အပြင် ဝက်အသည်းတွင် ကန့်လန့်ပုံစံ အမှတ်အသား၊ အစက်အပျောက်နှင့် မကောင်းမိစ္ဆာတို့၏ အရုပ်သဏ္ဌာန်ဖြစ်နေလျှင် မကောင်းမိစ္ဆာများ ဖျက်ဆီးအနှောက်အယှက် ပြုသည်ဟု ယူဆကာ ဒုတိယအကြိမ် ဝက်တစ်ကောင်ကို ရေလောင်းကာ ထုန့က်ပြီး ဝက်အသည်းကို ကြည့်ပြန်သည်။ အထက်ပါအတိုင်း အတိတ်နိမိတ် မကောင်းသည့် သဏ္ဌာန်များဖြစ်နေလျှင် တတိယအကြိမ် ဝက်တစ်ကောင်၏ အသည်းကို ကြည့်ပြန်သည်။ ဤသို့ (၃) ကြိမ်တိုင်တိုင် ပြုလုပ်သော်လည်း တပုံစံတည်းဖြစ်နေလျှင် ဝက်အသည်းတွင် အတိတ်ပေါ်သည်ဟု ယူဆကာ နိမိတ်အလွန်ဆိုးသဖြင့် မင်္ဂလာပွဲဖျက်သိမ်းပစ်ရလေသည်။ သို့သော် ဤအဖြစ်မျိုးကား ရှားလှပေသည်။ ဤသို့ မင်္ဂလာပွဲ မအောင်မြင်လျှင် ယောကျာ်း လေးအား မိန်းကလေးမှ ဝမ်းနည်းမျက်ရည်သုတ်ရန် တဘက်တစ်ထည်နှင့် အဝတ်တစ်စုံတို့ ကိုပေးရသည်။

ဝက်သည်းကြည့်ရာတွင် အချို့မှာ အကျဥ်းရုံးတတ်ပြီး၊ အချို့မှာ အကျယ်တဝင့် ပြုလုပ်လေ့ရှိသည်။ ဝက်သည်းကို ပုစ္ဆာန်းဆရာအပြင် မောင်လုပ်သူကလည်း ကြည့်ရပေသည်။ မောင်ဘွားမရှိပါက မောင်အငှားခေါ်နိုင်သည်။ ဝက်သည်းကို မောင်လုပ်သူ မကြိုက်ပါက နောက်တစ်ကောင် ထပ်သတ်ရသည်။ မောင်လုပ်သူ မကျေနပ်သမျှ ထပ်ပြီးသတ်ပြနေရ၏။ ထိုအခါမျိုးတွင် ပုစ္ဆာန်းဆရာက ဝက်သည်းကောင်းကြောင်း အမျိုးမျိုးဖြောင့်ဖျပြောရသည်။ မောင်လုပ်သူ ကျေနပ်လက်ခံ ခေါင်းငြိမ့်မှသာ ဝက်သည်း ကြည့်ခြင်းပြီးသွားလေသည်။ ထိုသို့မောင်လုပ်သူက မငြင်းဆန်တော့မှသာ သတို့သား လူပျိုရံများက အိုးစည်ဗုံမောင်းများ တီးပြီး ကခုန်ကြလေသည်။ မင်္ဂလာအောင်ပွဲ ပြီးမြောက် သွားသည့် သဘောပင်ဖြစ်သည်။

အသည်းကို သဘောကျ၍ နှစ်သက်သွားပြီးနောက် ခေါင်ဝက်ကို မီးမြှိုက်ရသည်။ ထို့နောက် ခေါင်ဝက်ကို ရေဖြင့်စင်ကြယ်အောင် ဆေးကြောပြီး ဆိုင်ရာဆိုင်ရာ ပိုင်းရသည်။ ပိုင်းထားသော အပိုင်းများကို အသည်းနှင့်အတူ ဒယ်ထဲတွင် အဖြူထည် သက်သက်ပြုတ်ရသည်။ အားလုံးပြုတ်ပြီး ပိုင်းထားသော အပိုင်းများကို အကောင်လုံးဖြစ် အောင် သူ့နေရာနှင့်သူ ပြန်ဆက်သည်။ ပြန်ဆက်၍ အကောင်လိုက်ကဲ့သို့ ဖြစ်သွားသောအခါ ပုစ္ဆာန်းဆရာက ပုစ္ဆာန်းပွယ်ပြန်သည်။ ထိုသို့ပုစ္ဆာန်းပွယ်ခြင်းသည် ဘီသိက်မြှောက်ခြင်း သဘောပင်ဖြစ်သည်။ ကောင်းသောနိမိတ်ဖတ်၍ ကောင်းသောအတိတ်ကို ဆောင်ခြင်းဖြစ်သည်ဟု ယူဆကြသည်။

ပုစ္ဆာန်းပွယ်ပြီးနောက် ခေါင်ဝက်ကို မိန်းကလေးဘက် အပြီးအပ်ရသည်။ ယောကျာ်းလေးဘက်မှာ လုံးဝမယူရ၊ မစားရတော့ပေ၊ မိန်းကလေးဘက်မှ ဆွေမျိုးသားချင်းများကိုသာ ဆိုင်ရာ၊ ဆိုင်ရာ ဝေငှပေးရသည်။ ထိုသို့ဝေငှပေးရာတွင် မောင်လုပ်သူအား တင်ပါးဆုံသားနှင့် အောက်မေးရိုးကို ပေးရသည်။ မိန်းကလေးအမေ၏မောင် (ဦးလေး) ကို ခေါင်းပိုင်းပေးရသည်။ ခေါင်ဝက်၏ကျန်သောအပိုင်းကိုမူ မိန်းကလေးဘက်မှ ဆွေမျိုးများကို အတုံးလိုက်သော်လည်းကောင်း၊ သုတ်၍သော်လည်းကောင်း ကျွေးနိုင်သည်။ ခေါင်ဝက်မဟုတ်သော ဝက်သားကို လာသော ပရိတ်သတ်အား ဧည့်ခံကျွေးမွေးရသည်။

သတို့သားဘက်သည် သတို့သမီးဘက်မှ ပေးသော ကြက်ရင်ပုံတစ်ခု၊ ကြက်ပေါင်တစ်ခုကိုသာ ဆိုင်ရာဆိုင်စု အဖြစ်ရသည်။ မိန်းကလေးဘက်မှ လက်ဆောင်တုံ့ပြန်ခြင်း သဘောပင်ဖြစ်သည်။ သတို့သမီးဘက်မှ သတို့သားဘက်သို့ ဆိုင်ရာ၊ ဆိုင်ရာ အစုအပြင် ကြက်သားဖြင့် ကျွေးမွေးဧည့်ခံနိုင်သည်။ သို့သော် ငှင်းကြက်သားကို သတို့သမီးဘက်မှ လုံးဝမသုံးဆောင်ရပေ။

## (၂) မင်္ဂလာလတ်

ဝက်သည်းကြည့်မင်္ဂလာအောင်မြင်ပြီးစီးသွားသောအခါ ဒုတိယအကြိမ်မင်္ဂလာလတ်ကို ပြုလုပ် ကြပြန်သည်။ မင်္ဂလာလတ်ကို သတို့သမီးအိမ်တွင်ပင် ကျင်းပသည်။

မင်္ဂလာလတ်တွင် သတို့သားဘက်မှ [2] **မင်္ဂလာကြေး** အဖြစ် ဝက် (၂) ကောင်၊ ခေါင်ဖူး (၇) လုံး၊ ကြက်ဥ (၇) လုံးပေးရသည်။ သတို့သမီးအမေ၏ မောင် (ဦးလေး) လာလျှင် အသားနှင့် ခေါင်းတစ်ခြမ်းပေးရသည်။ ထို့ပြင် ကြွေအိပ်၊ လှံနှင့်ဝက်၏ လက်တစ်ဖက်ကို လည်းပေးရသည်။ သတို့သမီး၏ မောင်ကို ဓါးလွယ်၊ အဖေကို ကြွေအိပ် နှင့် ဘကြီးကို ကြွေပြားပေးရသည်။

သတို့သားဘက်မှပါလာသော ဧည့်သည်များသည် အိမ်ခေါင်းရင်းတွင် မတက်ရဘဲ ခြေရင်း (လှေကားရင်း) တွင် ခေါင်ရည်များ သောက်ကြရသည်။ မင်္ဂလာလတ်ကို နံနက် (၇) နာရီတွင် စတင်ပြုလုပ်ပြီး နေ့လည် (၁၂) နာရီတွင် ပြီးဆုံး သည်။ မင်္ဂလာလတ်မှာကား ထုံးစံလောက်သာ ပြုလုပ်ကြပြီး ယောကျာ်းလေးဘက်မှ မိဘတို့၏ ပစ္စည်းအင်အားပေါ် မူတည်ပြီး ကျွေးမွေးမှုများ ပြုလုပ်ကြသည်။ မင်္ဂလာလတ် တွင်လည်း သတို့သမီးဘက်မှ ကြက်သားဖြင့် ဧည့်ခံကြရသည်။

နောက်ပိုင်းတွင် ဝက်သည်းကြည့် မင်္ဂလာ၊ မင်္ဂလာလတ်နှင့် မင်္ဂလာကြီးတို့ ကို တစ်ကြိမ်တည်းပြုလုပ်လာကြကြောင်း သိရှိရပါသည်။

## (၃) မင်္ဂလာကြီး

ဤသို့ဖြင့် ဝက်သည်းကြည့်မင်္ဂလာ၊ မင်္ဂလာလတ်တို့ ပြီးသောအခါ မင်္ဂလာကြီး ကျင်းပရန်အတွက် နေ့ကောင်း၊ ရက်သာ ရွေးကြရလေသည်။ ပုစ္ဆာန်းဆရာက တစ်ညလုံး ရွတ်ဖတ်သရဇ္ဈာယ်ကာ မင်္ဂလာရက်ရွေးခြင်းပင်ဖြစ်သည်။ သတ်မှတ်ရက်သို့ ရောက်သော အခါ မင်္ဂလာဆောင်ရန် ညဦးယံတွင် သတို့သမီးအိမ်သို့ သွားကြရသည်။ ဤသို့သွားရာ တွင် ရှေ့ဆုံးမှ ပုစ္ဆာန်းဆရာက ဦးဆောင်၍ တင်တောင်းသည့် ပစ္စည်းများနှင့် အတူ သတို့သားကို ခေါ်ဆောင်ပြီး စီတန်းကာသွားကြရသည်။ သတို့သမီးအိမ်သို့ ရောက်သော အခါ သတို့သမီးဘက်မှ သမီးဂုဏ်ဖော်ကာ ဘိသိက်မင်္ဂလာတောင်းရသည်။

မင်္ဂလာကြီးတွင် ခန်းဝင်ပစ္စည်းအဖြစ် ခေါင်ဖူး (၉)ဖူး၊ ဝက် (၃)ကောင်၊ ကြက်ဥ (၉)လုံး၊ ဆုဒုံးခေါ်အောင်လံ (သံဖြင့်ပြုလုပ်ထားသော လှံကဲ့သို့အရာ)၊ ထောင်ဘို့၊

---


[2] Bride price

ဓါးလိမ်တစ်လက်၊ ဟင်းသီးဟင်းရွက်လှီးသော ဓါးမတစ်လက်ပေးရသည်။ သတို့သားဘက်မှ ဦးဆောင်လာရောက်သူ (၅) ယောက်ဆိုလျှင် ကြက် (၅)ကောင်၊ လူ (၁၀)ယောက်ဆိုလျှင် ကြက်(၁၀)ကောင် ချက်၍ သတိုးသမီးဘက်မှ ကျွေးမွေးဧည့်ခံရသည်။ သတို့သားဘက်မှ ဧည့်သည်များအား အိမ်အောက်ဘက်တွင် ကြက်သားဟင်း၊ ခေါင်ရည်များဖြင့် ဧည့်ခံကြသည်။ သတို့သမီးဘက်မှ ဧည့်သည်များအား အိမ်အပေါ်ထပ်တွင် သတို့သားဘက်မှ ဝက်သားဟင်း၊ ခေါင်ရည်များနှင့် ဧည့်ခံကြသည်။

ထို့ပြင် သတို့သမီး၏မိခင်(ယောက်ခမ)အား "ထီးတင်း" ခေါ် ဓါးလိမ်တစ်ချောင်း၊ ယောက်ဖအား "စင်ဆောင်" ခေါ် ဓါးရှည်တစ်ချောင်းနှင့် ဝက်၏ တင်ပါးဆုံကိုပေးရသည်။ သတို့သမီး၏ မောင်သည် မင်္ဂလာပွဲတွင် မပါမဖြစ် အရေးပါလှပေသည်။ မောင်မရှိလျှင် လယ်တစ်စု ခွဲပေးကာ မောင်အစားမွေးစားလေ့ရှိသည်။ လွန်ခဲ့သော ၁၉နှစ်၊ နှစ် ၂၀ လောက်မှ ပန်းတောင်းမြို့နယ်၊ တလုပွင်ကျေးရွာနေ သတို့သား ဆလိုင်းအောင်ကြီးနှင့် သံလယ်ကြီးကျေးရွာနေ သတို့သမီး မိုင်စိန်မြိုင်တို့၏ မင်္ဂလာပွဲမှာ ဝက်သည်းကြည့်မင်္ဂလာ၊ မင်္ဂလာလတ်နှင့် မင်္ဂလာကြီးတို့ကို တစ်ကြိမ်တည်း ကျင်းပကြောင်းသိရသည်။ ထိုမင်္ဂလာပွဲအတွက် ကုန်ကျ စရိတ်အဖြစ် သတို့သားဖက်မှ ငွေသားကျပ် (၁၅၀၀)ကို မင်္ဂလာကြေး အဖြစ်ပေးရကြောင်း၊ မင်္ဂလာကြေးမှာ အင်အားအလိုက် ငွေအနည်းအများ ကွဲပြားမှုရှိကြောင်း လေ့လာသိရှိရပါ သည်။ မင်္ဂလာအခမ်းအနားအတွက် သတို့သားဘက်မှ ဝက်ဖုတ်ပြီး သတို့သမီးဘက်မှ ကြက်ဖုတ်ရပါသည်။ မင်္ဂလာပွဲကြီးကို အရှိုချင်းဘာသာ စကားဖြင့် "စမွန်လန်း" ဟု ခေါ်သည်။

## (ကက) ဘီသိက်မင်္ဂလာတောင်းခြင်း

ဘီသိက်မင်္ဂလာတောင်းခြင်းကို သတို့သမီးအိမ်တွင် ကျင်းပလေ့ရှိသည်။ သတို့သားဘက်မှ မင်္ဂလာကြေးအဖြစ် ယူဆောင်လာသော ပစ္စည်းများကို စနစ်တကျထားပြီး ခေါင်ဖူးများကိုလည်း တန်းစီကာ ချထားရသည်။ သတို့သမီးဘက်မှလည်း စဥ့်အိုးတစ်လုံး အပါအဝင် ခေါင်အိုးများကို ပုံပါအတိုင်း စီ၍ချထားသည်။ ခေါင်အိုး၏ တစ်ဖက် အိမ်အတွင်းခန်းများ ရှိရာဘက်မှ



မင်္ဂလာဆောင်တွင်မပါမဖြစ်သည့်တင်ပစ္စည်းများ



သတို့သမီးအိမ်သို့
အလာ



အတွင်းလူ အပြင်လူ
အဖြစ်နေရာယူပုံ

သတို့သမီး၏ မိဘဆွေမျိုးများက ထိုင်ကြသည်။ သတို့သမီး၏ မိဘဆွေမျိုးများအား အတွင်းလူအဖြစ် သတ်မှတ်သောကြောင့် အတွင်းခန်းဘက်မှာ ထိုင်ကြခြင်းဖြစ်သည်။ သတို့သားဘက်မှ ဆွေမျိုးများအား အပြင်လူအဖြစ် သတ်မှတ်သောကြောင့် ခေါင်အိုး၏ ကျန်တစ်ဖက် အပြင်ဘက်မှ ထိုင်စေသည်။

သတို့သမီးဘက်မှ ပလူတန်နှင့်ခေါင်ရည်များ စတင်သောက်ရာ သတို့သားဘက်မှ အလှည့်ကျ ခေါင်ရည်များထည့်ပေးရသည်။ ပထမဦးစွာ သတို့သမီး၏ဘကြီး ခေါင်ရည် သောက်ရာတွင် သတို့သားဘက်မှ ခေါ်လာသော ပုဏ္ဏားဆရာက ရေများကို စဥ့်အိုးအတွင်း ထည့်ပေးရသည်။ ဒုတိယအနေနှင့် သတို့သမီး၏ ဖခင်သောက်ရာ သတို့သား၏ ဖခင်က စဥ့်အိုးအတွင်းပင် ရေများ ထည့်ပေးရသည်။ တဖန် သတို့သမီး၏ မိခင်က ပလူတန်နှင့် ခေါင်ရည်သောက်ရာ သတို့သား၏ မိခင်က ရေကို ခေါင်အိုးအတွင်းထည့်ပေးရသည်။ မင်္ဂလာပွဲတွင် ယောက်ဖသည် မပါမဖြစ် အရေးပါလှပေသည်။ ထို့နောက် အဘွားဒေါ်လေး ရှိပါက သင့်သလို ပါဝင်ပြီး သောက်နိုင်သည်။

သတို့သမီးဘက်မှခေါင်ရည်သောက်ပြီးသောအခါ သတို့သားဘက်မှ တဖန်ပြန်၍ ဖော်ပြပါ အစီအစဥ်အတိုင်း ခေါင်ရည်များ သောက်ကြရပြန်သည်။ ဤသို့ ခေါင်ရည်များ အပြန်အလှန် သောက်ကြပြီး တစ်ညလုံး ပုဏ္ဏားဆရာက ရွတ်ဖတ်မှုများ ပြုလုပ်ကာ ကပွဲသဘင်ကိုလည်း ယောကျာ်းလေးသတ်သတ်၊ မိန်းကလေးသတ်သတ် ညလုံးပေါက် ကျင်းပကြသည်။

ဤသို့ တစ်ညလုံး ကပွဲသဘင် ကျင်းပပြီး မိုးလင်းသောအခါမှ အစားအသောက် များ စားကြရသည်။ ထို့ကြောင့် "ချင်းပွဲလင်းပွဲ တငုတ်ငုတ် စားရတော့တလုပ်တဆုပ်" ဟုဆိုကြသည်။ နေမွန်းတိမ်း (၁၂) နာရီထိုးသည်နှင့် ဘိသိက် မင်္ဂလာ တောင်းပွဲ ပြီးဆုံးကာ သတို့သမီးကို သတို့သားအိမ်သို့ ခေါ်ဆောင်သွားကြသည်။

သတို့သမီးဘက်မှအလှည့်ကျခေါင်ရည်သောက်ပုံ







သတို့သားဘက်မှအလှည့်ကျခေါင်ရည်သောက်ပုံ







## (ခခ) ဘီသိက်ပေးပွဲ

သတို့သမီး၊ သတို့သား အိမ်သို့ရောက်သွားသောအခါ ဘီသိက်ပေးပွဲ ပြုလုပ်ကြပြန်သည်။ ပုဏ္ဏားဆရာသည် ကြက်တစ်ကောင်၏ လည်ပင်းကို လက်ဖြင့် ညှစ်ကိုင်ပြီး သတို့သား၊ သတို့သမီးရှေ့တွင်ပင် မင်္ဂလာပွဲ အောင်မြင်မှု ရှိ–မရှိ အဓိဋ္ဌာန်ပြု ကာ ရွတ်ဖတ်ခြင်း ပြုလုပ်သည်။ ဤသို့ရွတ်ဖတ်စဉ် ကြက်ကိုသေသည်အထိ လည်ပင်းကို ညှစ်ကာသတ်ပြီး ခြေထောက် အနေအထားကို ကြည့်၍နိမိတ်ဖတ်သည်။ ကြက်သေသွား သောအခါ ဘယ်ခြေပေါ်သို့ညာခြေတင်နေလျှင် ယောကျာ်းလေးကနိုင်သည်။ ညာခြေပေါ်သို့ဘယ်ခြေတင်နေလျှင်မိန်းကလေးကနိုင်သည်။ ညီတူဖြစ်နေလျှင် မောင်နှင့်နှမ ညီမျှစွာနေသည်ဟူ၍ ယူဆကြသည်။

ကြက်သေကို ခေါင်းမှစ၍ ထက်ခြမ်းခွဲပြီး ချည်မျှင်လေးတောင်ကျော်ကို အလယ်မှ ဖြတ်ပြီး ပုံထားကာ ကြက်တစ်ကောင် တစ်ခြမ်းစီနှင့်အတူ ဖြတ်ထားသော ချည်မျှင်ကို တစ်ဖက်စီကိုင်ကာ ပုဏ္ဏားဆရာက လက်ကို သုံးကြိမ်၊ လေးကြိမ် ယှက်ပြီး သတို့သားနှင့်သတို့သမီးကို တစ်ပုံစီကိုင်စေပြီး နောင်အခါတွင် ကွာရှင်းခြင်းမရှိစေရန်၊ မင်္ဂလာဘီသိက်ပေးပြန်သည်။ ထို့နောက် သတို့သားသည် သတို့သမီး၏မောင်အား မိမိ အနေဖြင့် သတို့သမီးအပေါ် ကောင်းမွန်စွာ ပေါင်းသင်း ဆက်ဆံပါမည့် အကြောင်း၊ လင့်ဝတ္တရားနှင့်အညီ ဆက်ဆံပါမည့်အကြောင်း ကတိပြုရသည်။ ဝတ္တရား ပျက်ကွက်၍ သတို့သမီး အိမ်မှ ဆင်းပြေးလျှင် ယောကျာ်းအနေဖြင့် သတို့သမီးအစ်ကိုထံ လာရောက်၍ ကျေအေးခွင့် တောင်းဆိုရသည်။ သတို့သမီး အစ်ကိုက မကျေနပ်လျှင် သတို့သမီးအား ယောကျာ်းအိမ်မှ ခေါ်ဆောင်လာနိုင်ပေသည်။ သတို့သမီး အနေဖြင့်လည်း မိမိ၏ ခင်ပွန်းအပေါ် မယားဝတ္တရားနှင့်အညီ ဆက်ဆံပါမည်ဟု ကတိပြုရသည်။

ဤသို့ ကြက်တစ်ကောင်နှင့် ဘီသိက်ပေးပြီးလျှင် သတို့သမီးအား ချည်မျှင်နှင့် လက်ယာလက်ကို ရစ်ပေးကာ သတို့သား၏ မိသားစုဝင်အဖြစ်

သတို့သားအိမ်တွင်ဘိသိက်ပေးပွဲပြုလုပ်စဉ်



ကြက်ခြေထောက်အနေ
အထားကိုကြည့်၍
နိမိတ်ဖတ်ပုံ



ကြက်တစ်ခြမ်းစီကိုင်
စေပြီးဘိသိက်ပေးပုံ



သတို့သမီး၏
လက်ယာလက်ကို
ချည်မျှင်ရစ်ပေးပုံ

သတ်မှတ်လိုက် ခြင်းဖြင့် မင်္ဂလာပွဲပြီးဆုံးလေသည်။ ဤသို့ပြုလုပ်ခြင်းကို အရှိုချင်းဘာသာစကားဖြင့် "အလှုန်း"ဟုခေါ်သည်။ မွေးဖွားလာသော သားသမီးများသည်လည်းသတို့သား၏ [၁]**မျိုးနွယ်အုပ်စုဝင်များ** အဖြစ်ခံယူရသည်။

လက်ထပ်ထိမ်းမြားခြင်းနှင့်ပတ်သက်သည့် [၂]**ရှောင်ဓလေ့**၊ [၃]**ဆောင်ဓလေ့**များမှာသတို့သားအိမ်တွင် မင်္ဂလာဘိသိက်ပေးပြီးမှ သတို့သမီးသည် သတို့သားအိမ်မှ ရေကို သောက်နိုင်သည်။ ထို့ကြောင့် ဤသို့ဘိသိက်မပေးမီ သောက်ရန်ရေထည့် ပေးလိုက်ရသည်။ သတို့သမီးသည် သတို့သားအိမ်ရောက်ပြီး (၃) ရက်ကြာမှ မိဘအိမ်သို့ အလည်အပတ်သွားနိုင်၊ ပြန်နိုင်သည်။ ဤသို့ပြန်လျှင် ခေါင်ရည်၊ ကြက်ဥ အစရှိသည်တို့ ကို ယူဆောင်သွားရသည်။

လက်ထပ်ထိမ်းမြားပြီးသည့်နောက်တွင်လည်း မိန်းကလေး၏ ခင်ပွန်းသည် မိန်းကလေး၏ အစ်ကို (ယောက်ဖ)အပေါ် လေးစားမှု အပြည့်ဖြင့် ဆက်ဆံရလေသည်။ ခင်ပွန်းယောကျာ်းသည် ယောက်ဖအိမ်သို့ အလည်သွားသည့်အခါ ၄င်းနှင့်အတူ ခေါင်အိုးယူသွားလေသည်။ မိန်းကလေး၏ အစ်ကိုသည် ၄င်း၏ နှမအိမ်သို့ အလည်လာလျှင်လည်း ခေါင်ရည်၊ ဝက်သား စသည်ဖြင့် ညှို့ခံကျွေးမွေးရပေသည်။

အထက်ပါကဲ့သို့ညှို့ဝတ်ပြုခြင်း၊ လက်ဆောင်ပေးခြင်းများ မပြုလုပ်နိုင်လောက်အောင် အခြေအနေအရ ဆင်းရဲပါက ၄င်း၏ ညှို့ဝတ်ပျက်ကွက်မှု၊ ဝတ္တရား မကျေပွန်မှုများအတွက် လေးနက်စွာ တောင်းပန်ရလေသည်။

သတို့သားဘက်မှ ဖုတ်သော ဝက်သားကို သတို့သမီးဘက်မှ ဆွေမျိုးများနှင့် ညှို့သည်များစားရပြီး သတို့သားဘက်မှ ဝက်သားမစားရပေ၊ သတို့သမီးဘက်မှ ဖုတ်သော ကြက်သားကို သတို့သားဘက်မှ ဆွေမျိုးများနှင့် ညှို့သည်များစားရပြီး သတို့သမီးဘက်မှ ကြက်သားမစားရပေ၊ ဝက်သားနှင့်

---

[၁] Clan

[၂] Taboo (Tabu)

[၃] Mana

ကြက်သားကိုလည်း မရောရပေ။ အကယ်၍ သတို့သား ဘက်မှ ထုံးစံချိုး ဖောက်၍ စားသုံးလျှင် ဝက်တစ်ကောင်၊ ခေါင်အိုး တစ်အိုး လျော်ရလေသည်။ ထို့အတူ သတို့သမီးဘက်မှ ထုံးစံချိုးဖောက်လျှင်လည်း ကြက်(၁)ကောင်၊ ခေါင်တစ်အိုး လျော်ရလေသည်။

ဤသို့ဖြင့် ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းများ၏ မင်္ဂလာအခမ်း အနားတွင် ဝက်သည်းကြည့်မင်္ဂလာ၊ မင်္ဂလာလတ်၊ မင်္ဂလာကြီးဟူ၍ (၃)ကြိမ် ပြုလုပ်မှုမှာ ရှေးယခင်က ကျင့်သုံးခဲ့ကြသည့် ဓလေ့ထုံးစံများပင်ဖြစ်သည်။ လွန်ခဲ့သည့် (၁၉) နှစ်၊ အနှစ်(၂၀) လောက် အချိန်က ပန်းတောင်းမြို့နယ် အတွင်းတွင် ဝက်သည်းကြည့် မင်္ဂလာ၊ မင်္ဂလာလတ်နှင့် မင်္ဂလာကြီးဖြစ်သည့် ဘိသိက်တောင်းခြင်း၊ ဘိသိက်ပေးခြင်းတို့ကို တပြိုင်တည်း ပြုလုပ်ခဲ့ ကြကြောင်း လေ့လာတွေ့ရှိရသည်။ ထိုအချိန်က ငွေကြေးတတ်နိုင်သူ အချို့မှာ ရိုးရာဓလေ့ထုံးစံများကို ဆက်လက်ထိန်းသိမ်းလျက် ရှိကြကြောင်း လေ့လာရပါ သည်။ ယခုအခါတွင် ရိုးရာမင်္ဂလာအခမ်းအနားမှာ ငွေကြေး အလွန်ကုန်သော ကြောင့် လည်းကောင်း၊ ဘာသာရေးကွဲပြားမှုများကြောင့်လည်းကောင်း ကွယ်ပျောက်သွားသလောက် ပင်ဖြစ်သည်။ ယခုအခါ ခရစ်ယာန် ဘာသာဝင် များမှာ ခရစ်ယာန်တို့၏ မင်္ဂလာအခမ်းအနား အတိုင်းပြုလုပ်ကြပြီး၊ ဗုဒ္ဓဘာသာဝင်တို့သည်လည်း မြန်မာများကဲ့သို့ လက်ထပ်ထိမ်းမြားခြင်းပြု လုပ်ကြသည်။

သို့ဖြစ်၍ လက်ထပ်ထိမ်းမြားခြင်းနှင့် ပတ်သက်၍ လေ့လာကြည့်သောအခါ [၁]**တစ်လင်တစ်မယားစနစ်** ကိုသာ ကျင့်သုံးကြောင်းသိရသည်။ ထို့ပြင် မျိုးနွယ် အုပ်စုတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ လက်ထပ်နိုင်ခွင့်ရှိကြောင်း လေ့လာ

---

၁ Monogamy

သိရှိရသဖြင့်၊ [၁] **မျိုးတွင်းအိမ်ထောင်စနစ်** ရော [၂] **မျိုးပအိမ်ထောင်စနစ်** ပါ နှစ်မျိုးလုံးကျင့်သုံးကြောင်းတွေ့ရသည်။

**(ဓ) လင်မယားကွာရှင်းခြင်း**

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းများသည် ယေဘူယျအားဖြင့် တစ်လင်တစ်မယားစနစ်ကိုသာ ကျင့်သုံးကြသည်။ လင်မယားကွာရှင်းမှုသည်လည်း မများကြချေ။ သို့ရာတွင် အကြောင်းအားလျော်စွာ ကွာရှင်းမှု အနည်းအကျဉ်းရှိပေသည်။ စိတ်နေသဘော ထားချင်းမတိုက်ဆိုင်သဖြင့် ကွာရှင်းကြခြင်း၊ ယောကျာ်းကဖြစ်စေ၊ မိန်းမကဖြစ်စေ ဖောက်ပြန်သဖြင့် ကွာရှင်းခြင်း၊ သားသမီးမထွန်းကားသဖြင့် ယောကျာ်းက တစ်ဖက်သတ် ကွာရှင်းခြင်းမျိုးဖြစ်သည်။

ရှေးအခါက လင်မယားကွာရှင်းလိုလျှင် မင်္ဂလာဆောင်စဉ် ဘိသိက်ပေးပွဲ၊ ဘိသိက်မင်္ဂလာတောင်းပွဲတွင် ပါဝင်ပြုလုပ်ပေးသည့် ပုဏ္ဏားဆရာရှေ့မှောက်တွင် ကွာရှင်းခြင်းပြုနိုင်သည်။ ယေဘူယျအားဖြင့် ယောကျာ်းတစ်ယောက်သည် မိမိ၏ဇနီးကို အပြစ်အနာအဆာ တစ်စုံတစ်ရာ မပြနိုင်ဘဲ တစ်ဖက်သတ် ကွာရှင်းလိုသော် မင်္ဂလာဆောင်စဉ် က ပေးထားခဲ့သော မင်္ဂလာကြေးကို အဆုံးခံရသည်။ လင်ယောကျာ်းသည် အဝတ်တစ် ထည်၊ ကိုယ်တစ်ခုနှင့် အိမ်ပေါ်မှဆင်းသွားရသည်။

ထို့အတူ မိန်းကလေးက အကြောင်းတစ်စုံတစ်ရာ ဖော်ပြနိုင်ခြင်းမရှိဘဲ တစ်ဖက်သတ်ကွာရှင်းလိုလျှင်လည်း အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့်ပင် အိမ်ပေါ်မှ ဆင်းသွားရသည်။ အမျိုးသမီးက လင်ယောကျာ်းအား စွန့်ပစ်ကွာရှင်းသွားလျှင် ယောကျာ်းအနေဖြင့် မိန်းမနောက်တစ်ယောက်ယူခွင့်ရှိလေသည်။ အကယ်၍ လင်ရှိမိန်းမသည် အခြားယောကျာ်း တစ်ဦးနှင့် ဖောက်ပြန်ပါက ထိုအခြားယောကျာ်း(ကြာခိုသူ)ကလက်ရှိလင်ယောကျာ်းအား မောင်းနှစ်လုံး၊ နွား(၁)ကောင်၊ ကြေးလင်ပန်းတစ်ချပ်၊ ဓါးတစ်လက် လျော်ရလေသည်။ အိမ်ထောင်ပြုပြီး ယောကျာ်း တစ်ဦးသည် မယားသေဆုံး၍ဖြစ်စေ၊ ကွဲ၍ဖြစ်စေ၊ မည်သည့် နည်းနှင့်မဆို ဒုတိယမြောက်အဖြစ် မိန်းမယူလျှင် ပထမမိန်းမ၏ အစ်ကိုထံမှ သဘောတူညီ ခွင့်ပြုချက် ယူရလေသည်။

---

[၁] Endogamy

[၂] Exogamy

အကယ်၍ နှစ်ဦးသဘောတူ ကွာရှင်းလျှင် ယောကျာ်းက တင်ခဲ့သည့် မင်္ဂလာကြေးကို တစ်ဝက်စီခွဲယူ၍ဖြစ်စေ၊ လက်ရှိပိုင်ဆိုင်မှုများကို တစ်ဝက်စီခွဲယူ၍ဖြစ်စေ၊ ယောကျာ်းက အားလုံးစွန့်လွှတ်၍ဖြစ်စေ၊ မိန်းမကအားလုံးစွန့်လွှတ်၍ဖြစ်စေ သဘောတူသလို ဆောင်ရွက်နိုင်သည်။ မည်သို့သော ကွာရှင်းမှုမျိုးတွင်ဖြစ်စေ သားသမီးများသည် အမေနှင့်နေခဲ့ရသည်။ ဖခင်ဖြစ်သူက နို့ဘိုးပေးရသည့် ထုံးစံမရှိပေ။ ဖခင်က တတ်နိုင်သလောက်ကြည့်ရှု စောင့်ရှောက်ပေးခြင်း မျိုးသာရှိသည်။ ကွာရှင်းပြီး ပြန်ပေါင်းလိုလျှင် ယောကျာ်းဘက်မှ အချိန် (၁၀) ထွက် ဝက်တစ်ကောင်၊ ခေါင်ရည် (၃) ဗူး၊ ကြက်ဥ (၃) လုံးနှင့် မျက်နှာယုက် ဝက်ဖုတ်ခြင်းပြုလုပ်ကာ ပြန်ပေါင်းနိုင်သည်။

မိန်းမတစ်ဦးသည် လင်ယောကျာ်းကွယ်လွန်လျှင် လင်ယောကျာ်း၏ ညီ၊ အစ်ကို များက ပိုင်ဆိုင်သည်ဟု မှတ်ယူခံရလေသည်။ ညီ၊ အစ်ကိုများထဲမှ အိမ်ထောင်မပြုရသေး သောသူ တစ်ဦးဦးမှ လက်ထပ်ယူနိုင်သည်။ ထို့ကြောင့်ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်း သား များသည် [၁] **ခဲအို၊ မတ်၊ ဦးစားပေးလက်ဆက်စနစ်** ကိုလည်း ကျင့်သုံးကြောင်း လေ့လာရပါသည်။ ၎င်းမိန်းမသည် အခြားယောကျာ်းတစ်ယောက်ကို လက်ထပ်ခွင့်မရှိပေ။ အကယ်၍ အိမ်ထောင်ပြုရန် ဆန္ဒမရှိတော့ပါက မုဆိုးမဘဝဖြင့် နေနိုင်ပါသည်။ ထိုသို့ဆိုပါက တစ်သက်လုံး အိမ်ထောင် မပြုတော့ကြောင်း ကျမ်းကျိန် ပြောဆိုရန် တာဝန်ရှိပါသည်။ ကျမ်းကျိန်ပြောဆိုခြင်းလည်းမရှိ၊ လင်ယောကျာ်း၏ ညီ၊ အစ်ကိုများ အနက်မှ တစ်ဦးဦးကို လက်ထပ်ရန်ကိုလည်း ငြင်းပယ် ခဲ့မည်ဆိုပါက သူမပိုင်ပစ္စည်းအားလုံးကို လျော်ကြေးပေးရပေသည်။ ကျမ်းကျိန်ပြောဆိုပြီးနောက် အခြားယောကျာ်းတစ်ဦးအား အိမ်ထောင်ပြုလျှင်လည်း ငွေလျော်ရလေသည်။ ထိုမိန်းမကို လက်ထပ် သော ယောကျာ်းမှာ လည်း ကျွဲ (၃) ကောင်နှင့် နွား (၁) ကောင် လျော်ပေးရလေသည်။ ခင်ပွန်း၏ ညီအစ်ကိုများက ခွင့်ပြုပါက အခြားအမျိုးသားနှင့်အိမ်ထောင်ပြုနိုင်ပါသည်။

လင်မယားကွာရှင်းမှုမှာ လွယ်ကူသော်လည်း ဖြစ်ပွားမှုနည်းပါးလေသည်။ ယခုအခါ တွင် ရိုးရာဓလေ့ထုံးစံအရ ကွာရှင်းမှုများမရှိတော့ဘဲ ကျေးရွာများရှိ ရ.ဝ.တ မှ ချမှတ် ထားသော စည်းမျဉ်းများအရ ကွာရှင်းမှုများ ပြုလုပ်ကြရသည်။ သို့သော်ဤသို့ လင်မယား ကွာရှင်းမှုများမှာ မရှိသလောက်ပင်ဖြစ်သည်။

---

၁ Levirate

(ဈ) မီးဖွားခြင်း

ကိုယ်ဝန်ရှိသော အရှိုချင်းအမျိုးသမီးများမှာ တောထဲသို့ မသွားရပေ။ ပိုးထိထားသော အမဲသားလည်းမစားရပေ။ အသုဘလည်းမသွားရပါ။ လင်ယောကျာ်းကလည်း သေသူကို မထမ်းရပေ။ နတ်ပွဲလည်းမသွားရပါ။ ကိုယ်ဝန်လစေ့လျှင် (မွေးခါနီးအချိန်)နှင့် မွေးဖွားသည့်အခါ ရွာနတ်က အနှောက်အယှက် မပေးနိုင်ရန် ပုစ္ဆာန်းဆရာက ရွာအပြင်တွင် ကြက်တစ်ကောင်ဖြင့် ကိုးပေးရသည်။ ဤဓလေ့ထုံးစံများကို ယနေ့တိုင်ကျင့်သုံးနေ သေးကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။

ပထမဦးဆုံး ကလေးအား မီးဖွားချိန်၌ မိမိ၏ မိဘအိမ်သို့သွားရောက် မီးဖွားလေ့ရှိကြပါသည်။ နောက်ပိုင်းကလေးအား မွေးဖွားသောအခါ မိဘအိမ်၌လည်းကောင်း၊ မိမိအိမ်၌လည်းကောင်း ကြိုက်နှစ်သက်ရာ နေရာ၌ မီးဖွားနိုင်ပေသည်။ မီးဖွားရာတွင် ရွာတွင်ရှိသော လက်သည်အမျိုးသမီးကြီး လေးငါးယောက်နှင့် မီးဖွားပါသည်။ မီးမဖွားမီ ခေါင်အိုးထဲတွင် ခေါင်ရည်ထည့်ထားပြီး ပလူတန်နှင့် အသက်အရွယ်ကြီးသည့် အမျိုးသမီးများနှင့် လက်သည်အမျိုးသမီးကြီးများက ခေါင်ရည်သောက်ကြသည်။ မီးဖွားပြီးလျှင်လည်း အောင်မြင်သည့်အထိမ်းအမှတ်ဖြင့် ခေါင်ရည်သောက်ကြပြန်သည်။ မီးမဖွားမီ မီးနေခန်းအဝတွင် ငှက်ပျော (၂) ဖီး၊ ဆန် (၁)ပြည်၊ ငွေတစ်မတ်နှင့် အလေးချိန် တစ်ဆယ်သားရှိသော ချည်ငင်တစ်လိပ်စသည်တို့ပါသော ကန်တော့ပွဲကို ထားရသည်။ မီးဖွားပြီးလျှင် ထိုကန်တော့ပွဲကို လက်သည်အမျိုးသမီးအားပေးလိုက်ရသည်။ ကလေးကို လက်သည်က ချီထားပြီး မိခင်ငွေအင်အား ရှိလျှင်ရှိသလို (၁) ပြား၊ (၂) ပြားနှင့် ကလေးကို လက်သည်ထံမှ ပြန်ရွေး ယူရသည်။ မီးဖွားပြီးအချင်းကို ဘူးသီးအခွံထဲတွင် ထည့်ကာ အိမ်နောက်ဖက်တွင် မြှုပ်ရသည်။ ထို့နောက် မြှုပ်ထားသောအချင်း ခွေးမစားစေရန် ဝါးခြမ်း (၃) ခြမ်းစိုက်၍ ကာရံပြီး ကျောက်ခဲဖိထား လေ့ရှိပါသည်။ မီးဖွားပြီးသော မိခင်အတွက် နနွင်းကို သောက်ဆေးအဖြစ်လည်းကောင်း၊ လိမ်းဆေးအဖြစ်လည်းကောင်း အသုံးပြုကြသည်။

မီးနေသည်ဘဝတွင် မီးလှုံရသော ထင်းမှာ ချင်းအခေါ် "ဗုန်း " ဟုခေါ်သော သစ်ပင်မှ ထင်းကိုသာ သုံးရသည်။ (၇) ရက်ရှိသောအခါ မီးထွက်ပြီး ကလေးအား ကင်ပွန်းတပ် မင်္ဂလာကျင်းပပေးသည်။

ယခုအခါ ကျေးရွာဆေးပေးခန်း၊ ဆေးရုံများတွင် မီးဖွားကြသူများရှိကြသော်လည်း အိမ်တွင်မွေးသူများလည်း ရှိသည်။ အိမ်တွင် မွေးသူများမှာ မွေးဖွားရလွယ်ကူစေရန် မီးနေခန်းဝတွင် ကန်တော့ပွဲထားသည့် ဓလေ့များ၊ နန္ဒင်းလိမ်းခြင်းများ၊ အချင်းမြှုပ်ခြင်း ဓလေ့များကို လိုက်နာကာ ဆက်လက်ကျင့်သုံးနေသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ည) ကင်ပွန်းတပ်ခြင်း

မီးဖွားပြီး (ရ) ရက်အကြာတွင် ကင်ပွန်းတပ် မင်္ဂလာပြုလုပ်လေ့ရှိသည်။ ခေါင်ဘူး (၂)ဘူးတွင် ခေါင်ရည်ထည့်ပြီး ကောက်ညှင်းဆန် (၁၂) လုံး၊ ကြက် (၁) ကောင်နှင့် ပုစ္ဆာန်းဆရာက ပူဇော်ပသ ပေးရသည်။ ကင်ပွန်းတပ်ရာတွင် ဆန်ကိုချက်ပြီး ထမင်း (၉) ဆုတ်ကို ခေါင်အိုးတွင် ကပ်ရသည်။ ၎င်းအပေါ်သို့ အဓိဋ္ဌာန်ပြီး သတ်ထားသော ကြက်၏ အာခေါင်ကိုဖဲ့၍ ကပ်သောအခါ အောက်မေးနှစ်ခုညီနေလျှင် ဉာဏ်ပညာထွန်းကားမည်၊ မိဘစကားနားထောင်မည်၊ တစ်ဖက်ရှည်ပြီး တစ်ဖက်တိုလျှင် လူပေလူတေဖြစ်မည်၊ နားမထောင်သူဖြစ်မည်ဟု ယူဆကြသည်။ ဤသည်မှာ ကြက်အာခေါင်ဖဲ့ပြီး ထမင်းဆုတ်နှင့် ခေါင်အိုးတွင် ကပ်ပြီးပူဇော်ပသခြင်းမျိုးဖြစ်သည်။ ဤသို့ပူဇော်ပသပြီးမှ လာ၍ကူညီမွေးဖွား ပေးသော အမျိုးသမီးကြီးများကို မိမိတတ်အားသရွေ့ ကောက်ညှင်းပေါင်း၊ ထမင်းနှင့် ကြက်သားဟင်း၊ တစ်မျိုးမျိုးဖြင့် ဧည့်ခံကျွေးမွေးရပါသည်။ ကင်ပွန်းတပ်ခြင်းပြီးဆုံးသော အခါ လက်သည်အမျိုးသမီးကြီး လေးငါးယောက်က ကလေးကို ရှေ့နောက်လှည့်၍ ပြရ သည်။ ဤသို့ရှေ့နောက်ပြခြင်းမှာ ကလေးကြီးလာလျှင် အသက်ရှည်စေရန်၊ ဘုန်းကြီးစေရန် အတွက် ကောင်းရာကောင်းကြောင်း ရည်ရွယ်ကာ ပြုလုပ်ခြင်းဖြစ်သည်။ ကင်ပွန်းတပ် မင်္ဂလာပြုလုပ်သည့်အခါ အိမ်ရှေ့တွင် တလျော်ကင်ပွန်း ထည့်ထားသော ဇလုံတစ်ခုထားရှိသည်။ ထိုဇလုံထဲမှ ရေကို လာရောက်ကြသည့် ဆွေမျိုးများနှင့် နီးစပ်ရာ မိတ်ဆွေများက မိမိတို့ကိုယ်ကို စတီတို့ပြီးမှ အိမ်ထဲသို့ ဝင်ကြရသည်။ လာရောက် ကြသူများသည် ကလေးအင်္ကျီ၊ အဝတ်စ စသည်ဖြင့် ကလေးအသုံးအဆောင်များကို လက်ဆောင်ပေးလေ့ ရှိသည်။

မွေးဖွားလာသော ကလေး၏ အသားအရေ၊ ရုပ်ရည်၊ ကျန်းမာမှုအခြေအနေကို ကြည့်၍ အမည်ပေးကြလေသည်။ အသားဖြူဖြူဖွေးဖွေး မိန်းကလေးဆိုလျှင် "ဘောက်နူး " ဟု မှည့်၏။ မဖြူဖွေးဟု အဓိပ္ပါယ်ရသည်။ ပိန်ပိန်ပါးပါးနှင့် ခြောက်ကပ်ကပ် အသားအရေရှိက "ပဓာ" ဟု

မှည့်၏။ မခြောက် ဟုအစိပ္ပါယ်ရသည်။ ရုပ်ဆင်းအင်္ဂါ လှပသော မိန်းကလေးကို "ကွေနှောက်" ဟုမှည့်၏။ မလှ ဟု အစိပ္ပါယ်ရသည်။ မိဘများက အထူးချစ်သော သမီးဟူသော သဘောဖြင့် "အထင်" မြန်မာလို အသည်း ဟူ၍လည်း မှည့်ကြသည်။

ယောကျာ်းလေးမွေး၍ ဖြူဖြူဖွေးဖွေးဆိုလျှင် "ဘောက်လောက်" ဟု မှည့်၏။ မောင်ဖြူ ဟူ၍ဖြစ်သည်။ ယောကျာ်းပီသပြီး ခွန်နှင့်အားနှင့် ရှိမည့်သူဟူသော သဘောဖြင့် "ဟမ်ကွောန်း " ဟူ၍မှည့်၏။ မောင်ယောကျာ်းဟူ၍ဖြစ်ပါသည်။ ဖခင်၏ အမည်ထည့်ကာ ကလင်အုပ်စုလိုက် မှည့်ခေါ်ခြင်းများလည်းရှိသည်။ ယခုအခါတွင် ဤသို့ရှိးရာ မှည့်ခေါ်ခြင်း များလည်း ပပျောက် သွားပြီဖြစ်သည်။ အသက်အရွယ်ကြီးသော အမျိုးသားကြီးများ၏ အမည်များမှာ ကလင်အုပ်စု အလိုက်မှည့်ခေါ် ထားကြောင်းလေ့လာရပါသည်။ ဥပမာ – ဖုံဂျီဆိုင် အမည်တွင် "ဖုံဂျီ" မှာ ကလင်အမည်ဖြစ်ပြီး "ဆိုင်" မှာ နာမည်ရင်းဖြစ်သည်။ ထို့အတူ မြင်တက်အောင်ရှိန်တွင် "မြင်တက်" မှာ ကလင်အစုဖြစ်ပြီး "အောင်ရှိန်" မှာ နာမည်ဖြစ်ပါသည်။

အရှိုချင်းတိုင်းရင်းသားများသည် သမီးမိန်းကလေးမွေးလျှင် အမိ၏မောင်များက ချွေးမအဖြစ် ကြေငြာလေသည်။ ဆွေမျိုးမိတ်ဆွေများကိုဖိတ်ကြား၍ ဝက်သတ်ပြီးပွဲလုပ်သည်။ ဝက်သည်းကြည့်၍ အတိတ်နိမိတ်ကောင်းတွေ့လျှင်၊ ထိုမိန်းကလေးကြီးလာလျှင် သားနှင့် ပေးစား လက်ထပ်မည့် အကြောင်းပြောဆိုလေ့ရှိသည်။ ကင်ပွန်းတပ် မင်္ဂလာနှင့်အတူ စေ့စပ်ကြောင်းလမ်း ထားခြင်းပင်ဖြစ် သည်။

ကင်ပွန်းတပ် မင်္ဂလာတွင် ယောကျာ်လေးရော၊ မိန်းကလေးပါ နှစ်ဦးစလုံး နားဖောက်လေ့ရှိကြပြီး ပထမတွင် သက်ငယ်ကို ဝတ်ဆင်သည်။ သက်ငယ်မှာ ယားသည့် အတွက် နောက်ပိုင်းတွင် ပင်စိမ်းရိုး ထိုးထားပြီးမှ ငွေနားကောက်ကို ဝတ်ကြသည်။ နားဖောက်သော အခါတွင်လည်း ခေါင်ရည်ကို ကြိုတင်စီမံထားရပြီး ဝက်ဖုတ်လေ့ရှိသည်။ အမျိုးသမီးများက နားကောက်များကို သေသည်အထိ ဆက်လက်ဝတ်ဆင်ကြသော်လည်း အမျိုးသားများသည် (၁၀)နှစ် (၁၁) နှစ် အထိသာ နားကောက်ဝတ်ကြပြီး အရွယ်ရောက် လာသည်နှင့် နားကောက်များ မဝတ်ကြ တော့ပေ။

ယခုအခါ ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းများတွင် ရိုးရာထိန်းသိမ်းသည့် အရှိုချင်း အနည်းစုသာလျှင် ဓလေ့ထုံးစံအရ ကင်ပွန်းတပ်ခြင်းပြုလုပ်ကြသည်။ ရိုးရာအခမ်း အနားနှင့် ကင်ပွန်းတပ်မင်္ဂလာပြုလုပ်ခြင်းမှာ ပျောက်ကွယ်သလောက်ပင်ဖြစ်သည်။

## (၄) မိခင်ကလေးကျန်းမာရေးနှင့်ကလေးပြုစုစောင့်ရှောက်ပုံ

ကလေးမွေးဖွားပြီး မိခင်ကျန်းမာရေးအတွက် သခွတ်ဖိုရွက် ပြုတ်ပြီး သောက်ရသည်၊ နနွင်းလိမ်းရသည်၊ ဇာတ္တိုပ်ဖိုသီးကို သွေးထိမ်ရန်အတွက် အနည်းငယ်စား ရသည်။ ကိုယ်ကိုယားစေသော အစားအစာနှင့် မြွေသား၊ ပုဇွန် တို့မစားရပေ။ မီးနေတွင်း တွင် စားသောအစာများကို ကင်ဖုတ်၍ မစားရ၊ ပြုတ်၍စားရသည်။ (၇) ရက်ကြာမှ မီးထွက်ရသည်။ မီးထွက်သည်နှင့် လုပ်နေကြလုပ်ငန်းများကို စတင်လုပ်ကိုင်ကြသည်။

ကလေးကို မွေးပြီးပြီးခြင်း နို့တိုက်ပါသည်။ (၁၄) ရက်၊ (၁၅) ရက် ရသောအခါ ထမင်းကို ဆားဖြူးပြီး ဝါး၍ခွံ့ပါသည်။ ကလေးငယ်အား အေးမြစေရန် အတွက် ဆန်ဆေးရည်ဖြင့် ရေချိုးပေးခြင်းမှာ ယခုအချိန်အထိ ပြုလုပ်လေ့ရှိကြပါသည်။ ကလေးငယ်အား ပထမဦးစွာ အပါး၊ ပါပါး–အဖေ၊ အောက်အူး–အမေ၊ တာတာ–အစ်ကို၊ စီစီး–အမ စသော စကားအခေါ်အဝေါ်များကို စတင်သင်ကြားပေးသည်။ ကလေးနေ မကောင်း လျှင်ဖြစ်စေ၊ အဆက်မပြတ် ငိုနေလျှင်ဖြစ်စေ၊ ဗေဒင် (သို့မဟုတ်) ပုဏ္ဏားဆရာကို မေးကြရသည်။ လူဟောင်း (သေပြီးသော ဆွေမျိုး၊ မိဘ၊ ဘိုးဘွားများ) ဝင်စားလျှင် ခမဲ ပေးရသည်။ ခမဲပေးသည်ဆိုသည်မှာ မိမိတို့တတ်အားသရွေ့ ရွှေတို၊ ငွေစများ ဆွဲပေးခြင်း ပင်ဖြစ်သည်။ ဤသို့ပြုလုပ်ပြီး ကလေးပြန်လည်ကျန်းမာမှုကို ရရှိနိုင်ပါသည်။

ထို့ပြင်လူဟောင်း (ဘိုးဘွားများ) ဝင်စားသည်ဆိုလျှင် သေဆုံးပြီးသူ၏ အဝတ်နှင့်ကလေး မျက်နှာသုတ်ပေးလျှင် (၉၆) ပါးရောဂါကင်းသည်၊ ပစ္စည်းတန်ဆာ အထိမ်းအမှတ်အဖြစ်ဖြင့် မူးစေ့၊ မတ်စေ့ ဖောက်ပြီး လည်ပင်းဆွဲပေးကာ ခမဲပေးခြင်း ပြုလုပ် ပေးကြပါသည်။ လူဝင်စားခြင်းကြောင့် မကျန်းမမာဖြစ်ခြင်း မဟုတ်ဘဲ ရိုးရာအနှောင့်အယှက် ဟုယူဆလျှင် ကြက်ဖြင့်ရိုးရာတင်ခြင်း၊ ဝက်ဖြင့်ရိုးရာတင်ခြင်း၊ ခွေးဖြင့်ရိုးရာတင်ခြင်း၊ နွားဖြင့် ရိုးရာတင်ခြင်း အစရှိသဖြင့် သူ့အဆင့် နှင့်သူ ဖျားနာမှုအပေါ်မူတည်ပြီး ပူဇော်ပသကြသည်။ အလွန်ဖျားနာပြီး သေဆုံးတော့မည်ဟု ယူဆမှသာ နွားဖြင့်ရိုးရာတင်၍ ပူဇော်ပသခြင်းကို ပြုလုပ်ကြပါသည်။

ကလေးငယ်ကျန်းမာရေးအတွက် ကင်ပွန်းတပ်အပြီးတွင် ကြက်ဥကို အစိမ်း အတိုင်း ကြက်ဥနတ်ကိုးပေးရသည်။ ၎င်းကို အရှိုချင်းဘာသာစကားဖြင့် "ပအာတို" ဟု ခေါ်သည်။ ဤသို့ ကြက်ဥနတ်ကိုးခြင်းမှာ ချက်တွင် ပြည်မတည်စေရန်၊ ကလေးတွင်အဖု၊ အပိမ့်၊ အနာများ မပေါက်စေရန် ကြက်ဥတစ်လုံးဖြင့် ပုဏ္ဏားဆရာက ကိုးပေးခြင်းဖြစ် သည်။

ဤသို့ ကြက်ဥနတ်ကိုးပြီး ကလေးတစ်နှစ်ပြည့်လျှင် လေ့ကားသုံးထစ် ပတ်လည်စောင့်သည့် မွေးရပ်တော်နတ်ကို တဖန်ပြန်၍ ပူဇော်ပသရပြန်သည်။ ဤသို့ ပူဇော် ရာတွင် ကြက် (၁) ကောင်၊ ခေါင် (၄) လုံး၊ ပေါက်ပေါက်တို့ ပါရပြီး အိမ်နောက်ဖက် မီးဖွားရာနေရာ (သွေးကျနေရာ) တွင် ကြက်အစိမ်း ကို ဦးစွာကိုးရသည်။ ထို့နောက် အိမ်နောက်ဖက်တွင်ပင် ချက်ပြုတ်ရသည်။ ချက်ပြီးအသားများနှင့် အိမ်နောက်ဖက်မှမြေ အနည်းငယ်ယူပြီး အိမ်ရှေ့လှေကားရင်းတွင် ပူဇော်ပသ ခြင်းပြုရသည်။ နောက်ဖေးအိမ်ခန်းသည် မခန့်ငြားသဖြင့် နောက်ဖေးမှ မြေကိုယူပြီး လှေကားရင်း တွင် ပူဇော်ပသခြင်းမျိုးဖြစ်သည်။ ဤသို့ပူဇော်ပြီးသော အသားများကို အိမ်နောက်ဖက်တွင်ပင် စွန့်ပစ်ရသည်။ ထိုအသားများ စားသောက်သောအခါတွင်လည်း အိမ်နောက်ဖက်တွင်ပင် စားသောက်ကြရသည်။ ဤသို့ ပူဇော်ပသခြင်းပြုလုပ်ရာတွင် ဗုဒ္ဓဟူးနှင့် ပြဿဒါး (၂) ရက်ကို ရှောင်ရမည့်ရက်များအဖြစ် သတ်မှတ်ထားပြီး ကျန်ရက်များအားလုံး မည်သည့်နေ့တွင်မဆို ကိုးကွယ်ပသမှု ပြုလုပ်နိုင်သည်။ ဤသို့ ကိုးကွယ်မှုပြုခြင်းများမှာ ကလေးငယ် လမ်းလျှောက် တတ်သည့်အခါ မြေတွင်ရှိသော သတ္တဝါများ အနှောင့်အယှက်မပေးနိုင်ရန် ရည်ရွယ်၍ ပြုလုပ်ခြင်း ပင်ဖြစ်သည်။

ယခုအခါတွင် တိုးတက်ထွန်းကားလာသောကြောင့်လည်းကောင်း၊ ဘာသာရေး ကွဲပြားမှုများ ကြောင့် လည်းကောင်း၊ ကျန်းမာရေးအတွက် ပြုလုပ်ပုံများမှာ ပျောက်ကွယ်သွား သည်ဆိုသော်လည်း လုံးဝပျောက်ကွယ်သွားခြင်းမျိုးကား မဟုတ်ကြသေးပေ။ အရေးအကြောင်းကြုံလျှင် ပန်းတောင်း မြို့နယ်အတွင်းရှိ ပုဏ္ဏားဆရာကြီးများဖြစ်သည့် ဖုံဂျီဆိုင်နှင့် မြင်တက်အောင်ရှိန် တို့အား မေးကြရပြီး ရိုးရာဓလေ့ထုံးစံများကို ပြုလုပ်လေ့ရှိနေသေး ကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄) ကလေးငယ်ဘဝ

အထိန်းအကျောင်း မလွတ်သေးသော အရွယ်တွင် မိဘများ တောင်ယာလုပ်ချိန်၌ ဖခင်ဖက်မှ ဘိုးဘွားများက ထိန်းကျောင်းရသည်။ အိမ်ရှင်မများသည် အိမ်ရှင်ယောကျာ်းများ နှင့်ဒိုးတူပေါင်ဖက် အလုပ်လုပ်ကြသည်။

မိန်းမသည် ခင်ပွန်း၏ အိမ်သို့ ပါရမြဲဖြစ်ရာ ကလေးများအား ထိန်းကျောင်းရသည့် တာဝန်ကို ခင်ပွန်းသည်၏ မိဘများက တာဝန်ယူရသည်။ ယောကျာ်းဘက်မှ ဘိုးဘွားများ မရှိပါက မိန်းမဘက်မှ ဘိုးဘွားများက ထိန်းကျောင်းကြသည်။ ကလေးထိန်းမည့် ဘိုးဘွားများ မရှိကြလျင် (သို့မဟုတ်) ဘိုးဘွားများက မထိန်းကျောင်းနိုင်လျင် ကလေးငယ် များကို မိခင်ကိုယ်တိုင်ကျောတွင် ပိုးလွယ်ပြီး အလုပ်လုပ်လေ့ရှိသည်။ အချို့ကား ဘိုးဘွား များကို လုံးဝတာဝန်မပေးတော့ဘဲ မိခင်ကိုယ်တိုင် အလုပ်လုပ်ရင်း ကလေးကို ကျောပိုး၍ ထိန်းကျောင်းကြသည်။ ကလေးများ လိမ္မာရေးခြားရှိရန်အတွက် မိဘဆွေမျိုး၊ ဘိုးဘွား အားလုံးက သွန်သင်ဆုံးမကြသည်။ (၅) နှစ် (၆) နှစ် အရွယ် ကူဖော်လောင်ဖက် ရသော အချိန်တွင် ရှေးအခါက စာသင်ကျောင်းများလည်း ယခုခေတ်တွင်ကဲ့သို့ မရှိသေးရကား၊ ကလေးငယ်များမှာ မိဘနှင့်အတူ တတ်အားသရွေ့ ဝိုင်းဝန်းလုပ်ကိုင်ပေးခြင်း၊ အားလပ်ချိန် တွင် အဖော်အပေါင်းများနှင့် ကစားပျော်ပါးခြင်းဖြင့် အချိန်ကုန်ကြသည်။ ယခုခေတ်တွင်မူ (၆)နှစ် (၇) နှစ် အရွယ်ရှိလျင် ကျောင်းသို့သွား နိုင်ကြပေပြီ။ ရှေးအခါက ကလေးငယ် များမှာ ကျောင်းပညာကို မသင်ကြားရသဖြင့် ကလေးများ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားလာရေး၊ လိမ္မာရေးခြားရှိရေး၊ ရဲစွမ်းသတ္တိ ရှိရေး၊ စိတ်နှလုံးမွန်မြတ်ရေး နှင့်ပတ်သက်၍ မိဘဘိုးဘွားများကပင် တာဝန်ယူသင်ကြား ပေးကြရမည်။ ရှေးဟောင်းပုံပြင်များ၊ ဒဏ္ဍာရီများကို ညအားလပ်ချိန်၊ အိပ်ရာဝင်ခါနီးတွင် မိဘဘိုးဘွားများက ပြောကြားလေ့ရှိသည်။

ယောကျာ်းဖြစ်သူ (သို့မဟုတ်) သမီးကြီး၊ သားကြီးများကလည်း ကလေးကိုချီပိုး ထိန်းကျောင်းလေ့ရှိကြပါသည်။ ကလေးသည် ကျောပေါ်တွင် အိပ်နေသည်ကများသည်။ ကလေးများ အတော်လေးကြီးပြင်းမှ အောက်သို့ချသည်ကများသည်။ ကလေးငယ်များကို ဆိုဆုံးမရာတွင် ယောကျာ်းလေးများကို ဖခင်ကတာဝန်ယူ၍ မိန်းကလေးများကို မိခင်က တာဝန်ယူသည်။ ဖခင်သည် ယောကျာ်းလေးများအား လောက်လေးပစ်နည်း၊ လောက်စာလုံး လုံးနည်း၊ အိမ်ဆောက်နည်း၊ ကြက်ခြံ၊ ဝက်ခြံခတ်နည်း၊ အိမ်ခင်း၊ ခြံကာနည်းများကိုပါ သင်ကြားပေးသည်။ အသက် (၁၀)

နှစ်ကျော် (၁၂) နှစ် သို့ရောက်လျှင် ဖခင်နှင့်အတူ တောင်ယာမြေပဲခင်း တို့ကိုလိုက်၍ စိုက်ပျိုးရေးပညာများကို ဆည်းပူးရသည်။ ဤအချိန်မှ စ၍ တောင်းယက်၊ ဖျာယက်နည်းများကိုလည်း သင်ကြားကြသည်။ သူငယ်ချင်းများနှင့် အတူ ခရုကောက်ခြင်း၊ ငါးကောက်ခြင်း၊ ငါးခုတ်ထွက်ခြင်း စသည်တို့ကိုလည်း သူငယ်ဖော်များနှင့်အတူ လိုက်၍ပြုလုပ်ကြသည်။ ပညာရှာမှီးကြသည်။ မိန်းကလေးများအား မိခင်က အိမ်မှုကိစ္စများကို တာဝန်ယူ၍ သင်ကြားပေးသည်။ ငယ်စဉ်ကစ၍ တောထွက် ထင်းခွေခြင်း စားသောက်စရာ ဟင်းသီးဟင်းရွက် ရှာဖွေခြင်း စားကောင်းသည့်အရွက်၊ မစား ကောင်းသည့်အရွက်ဟူ၍ ခွဲခြားပြသခြင်း၊ ချည်ငင်ခြင်း၊ ဝါဖန့်ခြင်းနှင့် ယက်ကန်းယက်ခြင်းတို့ကို သင်ကြားပေးသည်။ ၎င်းအလေ့အထများမှာ ယခုအထိ ဆက်လက်ကျင့်သုံးလျက် ရှိကြောင်းတွေ့ရှိရပါသည်။

ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းများသည် ပညာရေးဘက်တွင် အလွန်နိုးကြားတိုးတက်လာသည်၊ မိဘရော ကလေးများပါ ပညာကို အထူးလိုလားကြသည်။ ကျောင်းသားများသည် ပညာတတ်မြောက်ရေးအတွက် (၁) မိုင်၊ (၂) မိုင် ဝေးသော အနီးအနားရှိ မြို့ကျောင်းများသို့ စက်ဘီးများနှင့် ကျောင်းတက်ကြရသည်။ မကြာသေးမီ အချိန်ကမှ ရွာများတွင် မူလတန်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အချို့မှာ ထမင်းထုပ်များနှင့် ကျောင်းတက်ကြရသည်။ ထို့ကြောင့် အရှိုချင်းလူမျိုးများ၏ ကလေးငယ်ဘဝမှာ မိဘများက စနစ်တကျ သွန်သင် ညွှန်ကြားမှု ရှိသည်ဟု ဆိုသော်လည်း လွတ်လပ်မှုလည်းရှိသဖြင့် စည်းလုံးညီညွတ်ကာ ပျော်ရွှင်ဘွယ်ရာ ကလေးငယ်ဘဝဖြစ်ပေသည်။

## (၁) ကစားခုန်ကစားနည်းများ

ပန်းတောင်းမြို့နယ်နေ အရှိုချင်း တိုင်းရင်းသားများသည် ကစားခုန် ကစားနည်း အမျိုးမျိုးကို ကစားကြကြောင်း တွေ့ရသည်။ အများဆုံးကစားလေ့ရှိသော ရိုးရာကစားနည်းများမှာ ကလေးများအတွက် ကြက်တွန်သံကစားနည်း၊ ကဗျာရွတ်ဆိုပြိုင်ဆိုင်မှုကစားနည်း၊ ထုတ်ဆီးတိုးတမ်းကစားနည်း တို့ဖြစ်ကြပြီး လူငယ်များနှင့် လူကြီးများအတွက်မူ ဝါးညှပ်အကကခြင်း၊ လွန်ဆွဲပွဲ၊ ခြင်းခတ်ခြင်း၊ လက်ဝှေ့ထိုးခြင်း စသော ကစားနည်းများကို ကစားလေ့ရှိကြသည်။

**ကြက်တွန်သံကစားနည်း** မှာ လမိုက်သောညများတွင် ကစားရသော အရှိုမြေပြန့်ချင်းအမျိုးသား ကျေးလက်ကစားနည်း တစ်ရပ်ဖြစ်သည်။ ကစားမည့်သူများသည် ငါးဦးစီပါသော အဖွဲ့နှစ်ဖွဲ့ကို ရှေးဦးစွာ ဖွဲ့စည်းတတ်ကြသည်။ ငါးဦးထက်လည်း ပိုနိုင်ပါသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြားတွင် စည်းတစ်ကြောင်းကို ရေးခြစ်ထားတတ်သည်။ အလှည့်ရွေးချယ်ပုံမှာ ဝါးခြမ်းတစ်ခုပေါ်တွင် တံတွေးဆွတ်ကာ ဝါးခြမ်းတစ်ဘက်ကို အစို၊ အခြားတစ်ဘက်ကို အခြောက်ပြုလုပ်ကာ စတင်ကစားရန် အလှည့်ကို နှစ်ဦးသဘောတူကြိုက်ရာကို ရွေးချယ်ရ၏။ ဦးဆောင်သူက ဝါးခြမ်းကိုလှန်၍ မိမိတို့ကျမည့်အလှည့်ကို ရွေးချယ်ရလေသည်။ ဤသို့ရွေးချယ်ပြီးလျှင် စတင်ကစားရသည်။

အဖွဲ့တစ်ဖွဲ့သည် ကလေးတစ်ဦးကို မဲဖောက်ရသည်။ မဲကျသူကို ကိုယ့်ဘက်သားမှတပါး အခြားသူများအား သိခွင့်မပေးတတ်ကြပေ။ မဲကျသူသည် အဝတ်အုပ်၍ ရှေ့သို့ထွက်လာရပြီး စည်းနားတွင် ဝပ်၍နေပေသည်။

ကျန်အဖွဲ့ဘက်မှလည်း ထိုနည်းတူ မဲဖောက်၍ လူရွေးပြီး မဲကျသူသည် ထိုနည်းတူ စည်းအနီးသို့ ထွက်လာပြီး ဝပ်၍ ကြက်တွန်သံပေးလေသည်။ ကြက်တွန်သော အခါ လူမမှတ်မိစေရန် အသံတိမ်၊ အသံနက်၊ အသံပျော့၊ အသံဝှက် တို့ဖြင့် တွန်သံပေးလေသည်။

ဤသည်ကို တစ်ဖက်တွင် ဝပ်နေသူက ဝပ်လျက်ပင် ကြက်တွန်သူ၏ အမည်ကို မှန်အောင်ဖြေရလေသည်။ သုံးကြိမ်တွန်ခိုင်းခွင့်ရှိပါသည်။ အမည်မှန်ပါက တစ်မှတ်နိုင်လေသည်။ အမည်မှားပါက တစ်မှတ်ရှုံးလေသည်။ နှစ်ဦးနှစ်ဖက် ငါးဦးစလုံး လူကုန်သောအခါ၌ အမှတ်များသူကိုရွေး၍ များသောဘက်က အနိုင်ရလေသည်။ ၄င်းကို အရှိုချင်းဘာသာစကားဖြင့် "ဘွမ်ဆိုင်း " ဟုခေါ်သည်။ မှတ်ချက်– ဤကစားနည်းမှာ မြန်မာကြက်ဖွက်တမ်းကစားနည်းနှင့်အလွန်တူလေသည်။ ကစားကြမည့် လူအချင်းချင်း အမည်နာမကို ကြိုတင်သိရှိထားသူများသာ ကစားရပေသည်။ အသံကို အခြေပြု၍ လူကို ဖော်ထုတ်ပေးနိုင်သော စွမ်းရည်ရစေသည့် ကစားနည်းတစ်ရပ်ဖြစ်သည်။ ဉာဏ်ရည်ကို ပိုမိုထက်မြက်စေပါသည်။ ထို့ပြင် အဖွဲ့လိုက် စိတ်အားတက်ကြွစွာ ကစားနည်းဖြစ်သဖြင့် စည်းလုံးညီညွတ်မှုကို ရရှိစေပါသည်။

နောက်ကစားနည်းတစ်မျိုးမှာ လသာသည့်ညများတွင် ရွာအလယ်၌ ကလေးများ ဝိုင်းဖွဲ့၍ **ကဇ္ဈာရွတ်ဆိုပြိုင်ဆိုင်** သည့်ကစားနည်းဖြစ်ပါသည်။ ဤကစားနည်းမှာလည်း ရိုးရာစလေ့စည်းမျဉ်းများကို တနည်းတဖုံ ထိန်းသိမ်းနိုင်သည့် ကောင်းမွန်သောကစားနည်းတစ်မျိုးပင်ဖြစ်ပါသည်။

**ရိုးရာဝါးညှပ်အက** ကိုလည်း ကစားလေ့ရှိကြောင်း လေ့လာသိရှိရပါသည်။ ထို့ပြင် ပွဲအိုက်၍မိုးခေါင်သောအခါ **လွန်ဆွဲကစား** လေ့ရှိပါသည်။ လွန်ဆွဲကစားနည်းပြုလုပ်ပုံမှာ မြန်မာတို့ပြုလုပ်ပုံနှင့် အတူတူပင်ဖြစ်သည်။

ဤသို့ အရှိုချင်းရိုးရာ ကစားခုန်ကစားနည်းများကို လေ့လာကြည့်သောအခါ ထိုကစားနည်းများသည် အချင်းချင်း ပျော်ရွှင်စေရုံသာမက စည်းလုံးညီညွတ်မှုလည်း ရရှိစေပါသည်။ ထို့ပြင် တိုင်းရင်းသားအချင်းချင်း တူညီသော ရိုးရာကစားနည်းများ ရှိနေကြောင်းကိုလည်း သိရသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများ အချင်းချင်း၏ ချစ်ကြည် ရင်းနှီးမှုကို ရစေရုံသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓါတ်ကိုပါ ပိုမိုတိုးပွား လာအောင် လှုံ့ဆော်ပေးနေသကဲ့သို့ ထင်မြင်ယူဆမိပါသည်။

## (ဉ) နာမကျန်းဖြစ်ခြင်းနှင့်သေဆုံးခြင်း

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းများသည် နာမကျန်းဖြစ်ခြင်းကို သွေးသား ကြောင့်ဟု မယူဆကြဘဲ နတ်ဆိုးများဖမ်းစားသဖြင့်သာ နာမကျန်းဖြစ်ရသည်ဟု ရှေးအခါက အယူရှိကြသည်။ ထို့ကြောင့် နာမကျန်းဖြစ်သည့်အခါ ဆေးဝါးဖြင့် ကုသခြင်းမျိုး နည်းပါး လှသည်။ ရွာတိုင်းလိုလိုပင် ပုစ္ဆာန်းဆရာ (နတ်ဆရာ) များရှိတတ်ကြရာ လူတစ်ဦး၊ တစ်ယောက် နာမကျန်းဖြစ်လာလျှင် ထိုနတ်ဆရာများထံသွား၍ မေးကြသည်။ နတ်ဆရာသည် နတ်များထံတွင် အိပ်မက်တောင်း၍ သော်လည်းကောင်း၊ လူနာ၏လက်ကို သွေးစမ်း၍ သော်လည်းကောင်း၊ ရောဂါ၏ဇစ်မြစ်ကို စုံစမ်းသည်။ ရောဂါ၏ဇစ်မြစ် ဆိုသည်မှာ မည်သည့်နတ်က ဖမ်းစားသနည်း ဟူသော ဇစ်မြစ်ဖြစ်သည်။ ရောဂါဇစ်မြစ်ကို သိသည့်အခါ နတ်ဆရာများက ဘယ်ပုံကုသရမည်ကို ညွှန်းကြသည်။

ကုသခြင်းဆိုသည်မှာလည်း နတ်ပူဇော်ခြင်းပင်ဖြစ်သည်။ ရှေးအခါက အရှိုချင်းများသည် [၁] **ဘိုးဘွားဝိဉာဉ်နတ်ကိုးကွယ်သူများ** ဖြစ်ကြသည့်အလျောက် ဖျားနာမှုများ ရှိသော်လည်း ပူဇော်ပသခြင်းဖြင့် ကုသကြသည်ကများသည်။ မိမိအိမ်တွင် ကလေး၊ လူကြီး နာမကျန်းဖြစ်သည် ရှိသော် ကြက်၊ ဝက်၊ ခွေး၊ နွား တစ်မျိုးမျိုးကိုသတ်၍ ပူဇော်ခြင်းဖြင့် ကုသကြသည်။

ကလေးငယ်များ နာမကျန်းဖြစ်လျှင် ရိုးရာနတ်ကို တင်မြှောက်ခြင်းပြုရသည်။ ကလေးငယ် (၃) နှစ်သား၊ (၄) နှစ်သား အရွယ်အထိ နာမကျန်းဖြစ်၍ တင်မြှောက်ခြင်းမှာကြက်ဖြင့်တင်မြှောက်ခြင်းဖြစ်သည်။ ဤသို့တင်မြှောက်ရာတွင် ကြက် (၁) ကောင်၊ ခေါင်(၁) လုံး ပါရသည်။ ပထမဦးစွာ ကြက်အရှင် (၁)ကောင်နှင့် ၄င်းကြက်ပေါ်တွင် ချည်မျှင် နှစ်တောင့်ထွာခန့် တင်ပြီး ပုဏ္ဏားဆရာက ရေနှင့်လောင်းကာ ရွတ်ဖတ်မှုပြုရသည်။ ဤသည်မှာ ဖျားနာမှု ပျောက်ကင်းစေရန် အကောင်လိုက် အရှင်ကိုးခြင်းဖြစ်သည်။ ထို့နောက် ၄င်းကြက်ကိုသတ်၍ ချက်ပြီး ထမင်း(၅) ပုံနှင့်အတူ ကြက်သားဟင်း ထည့်ကာ အကျက်ကိုးခြင်းပြု လုပ်ကြသည်။ ဤသည်မှာ နာမကျန်းဖြစ်မှု ပျောက်ကင်းစေရန် အဖေ့ရိုးရာနတ်အား ပူဇော်ခြင်းဖြစ်သည်။ နတ်ပူဇော်သည့် ထမင်းနှင့် ကြက်သားဟင်းကို မည်သူမျှမစားရဘဲ ကျန်သည့် ထမင်းဟင်း အားလုံးကို စားလိုသူအားလုံး စားနိုင်သည်။

တစ်ခါတစ်ရံ ငယ်စဉ်အခါက ကြက်ဖြင့် အဖေ့ရိုးရာနတ်တင်မြှောက်ပြီးသော်လည်း အသက် (၂၀-၃၀) အရွယ်တွင် နေထိုင်မကောင်းဖြစ်ပါက ဝက်ဖြင့် အဖေ့ရိုးရာနတ်ကို ထပ်မံ၍ ပူဇော်ပသကြရသည်။ ဝက်နှင့်ပူဇော်ရာတွင် ခေါင်ရည်တစ်လုံးပါရသည်။ ဝက်တစ် ကောင်ပေါ် ချည်မျှင် နှစ်တောင့်ထွာတင်ပြီး အထက်ပါနည်းအတိုင်းပင် ပူဇော်ပသကြသည်။ ချည်မျှင် နှစ်တောင့်ထွာမှာ နာမကျန်းဖြစ်သူ လူနာအားချည်ပေးရန်ဖြစ်သည်။

ထိုသို့ ကြက်ဖြင့် ရိုးရာတင်ခြင်း၊ ဝက်ဖြင့်ရိုးရာတင်မြှောက်ခြင်းပြီးသော်လည်း ဖျားနာမှု ထပ်မံဖြစ်ပွားလျှင် မိခင်ရိုးရာနတ်ကို ခွေးဖြင့်တင်မြှောက်ကြရပြန်သည်။ ခွေးဖြင့်ရိုးရာတင်မြှောက် ရာတွင်ခေါင်ရည်ပါစရာမလိုပေ။ ခွေးတစ်ကောင်ပေါ်တွင်ချည်မျှင်နှစ်တောင့်ထွာတင်ပြီး ရေလောင်း ကာပုဏ္ဏားဆရာက ရွတ်ဖတ်မှုပြုပြီး ခွေးခေါင်း၊ ခြေထောက်၊ လက်၊ မေး အစရှိသည် များကို ချက်ပြုတ်ခြင်းမပြုလုပ်ဘဲတင်၍အားလုံးစွန့်ပစ်ရပြီးချည်မျှင်ကိုနာမကျန်းသူအားချည်နှောင်ပေးရသည်။

---

[၁] Ancestor worship

ထိုသို့ ချေးဖြင့် ပူဇော်ပသရာတွင် အစိမ်းပူဇော်ခြင်းဖြစ်သည့်အတွက် အိမ်အတွင်းတွင် မပြုလုပ်ဘဲ ရွာအပြင် ချောင်းဘက်တွင် ထွက်၍ ပြုလုပ်ရသည်။

အထက်ပါအတိုင်း ကြက်ဖြင့်ပူဇော်ခြင်း၊ ဝက်ဖြင့်ပူဇော်ခြင်း၊ ချေးဖြင့်ပူဇော်ခြင်း များပြုလုပ်ခဲ့ပြီးသော်လည်း ဖျားနာမှုများ ထပ်မံဖြစ်လျှင် နောက်ဆုံးအဆင့်အနေဖြင့် နွားဖြင့် ပူဇော်ပသမှု ပြုလုပ်ကြပြန်သည်။ နွားဖြင့်ပူဇော်ခြင်းမှာ အလွန်ပင် နာမကျန်းဖြစ်ခြင်းနှင့် ရောဂါအလွန်ရင့်သဖြင့် သေရေးရှင်ရေး စိုးရိမ်ရသည့် အခြေအနေများတွင် ပြုလုပ်ခြင်းဖြစ်သည်။ နွားနတ်ကိုးခြင်းမှာ အဖေ့ရိုးရာရော အမေ့ရိုးရာပါ နှစ်ခုလုံးကို ပူဇော်ခြင်းမျိုးဖြစ်သည်။ နွားနတ် ပူဇော်ရာတွင် ခေါင်ရည်နှစ်လုံးပါရသည်။

နွားနတ်ပူဇော်မည်ဆိုလျှင် အိမ်အောက်တွင် တိုင်တစ်တိုင်စိုက်၍ နွားတစ်ကောင်ကို ကြိုးနှင့်ချည်ပြီး ပုစ္ဆာန်းဆရာက အိမ်ပေါ်တွင် တညလုံးရွတ်ဖတ်ရသည်။ နံနက်မိုးလင်းကာ နီးမှ အိမ်အောက်သို့ဆင်းကာ ထိုနွားကို လှံဖြင့်ရွယ်ကာ ရေလောင်းပြီး ရွတ်ဖတ်ပူဇော်မှုပြုရသည်။ နွားပေါ်သို့ လူတစ်ယောက်လျှင် ချည်မျှင်နှစ်တောင့်ထွာစီဖြတ်ပြီး အိမ်ရှိ လူကုန် အားလုံးအတွက် တင်ကြရသည်။ ဤသို့ပြုလုပ်ခြင်းမှာ အကောင်လိုက်အရှင်ကိုးခြင်းဖြစ်သည်။ ပြီးလျှင်ပုစ္ဆာန်းဆရာက ထိုနွားကိုသတ်ရန်အမိန့်ပေးခဲ့သည်။ ထို့နောက် ယောကျာ်းကြီးတစ်ဦးဦးက နွားကိုသတ်ရသည်။ နွားနတ်ကိုးရာတွင် ယောကျာ်းများက ဖျက်ပြီး အူ၊ အသည်းများကို မိန်းကလေးများက ကိုင်ကြရသည်။ ဤသို့ပြုလုပ်ပြီး ချက်ပြုတ်ကာ ထမင်းနှင့်အတူ (၅) ပုံပုံပြီး အကျက်ပူဇော်ခြင်း ပြုလုပ်ရသည်။ ပူဇော်သည့် ထမင်းနှင့်ဟင်း (၅) ပုံကို မည်သူမျှမစားရပေ။ ကျန်အားလုံးကို စားနိုင်သည်။ ဤသို့ပြုလုပ်ရာတွင် မိတ်ရင်း၊ ဆွေရင်းများကို ဖိတ်နိုင်သည်။ ချည်မျှင်များကို အိမ်ရှိလူကုန်၊ ယခုအခါ ပရိတ်ကြိုးများကဲ့သို့ လည်ပင်း၊ လက် သင့်တော်ရာသို့ပတ်ထားကြသည်။

ဤသို့အမေ့ရိုးရာ၊ အဖေ့ရိုးရာများကို ကျန်းမာရေးအတွက် တင်မြှောက်ရာတွင်လည်း ရွာပိုင်သူကြီးကို ပူဇော်ပသသည့်သားကောင်၏ ပေါင်၊ နယ်ပိုင်သူကြီးကို တင်ပါး၊ ချောင်းပိုင်သူကြီးကို လက်၊ တောင်ပိုင်သူကြီးကို လည်ပင်း စသည်ဖြင့် ပေးကြရသည်။ ယခုအချိန်အထိ ဗုဒ္ဓဘာသာ အရှိုချင်းအချို့မှာ နာမကျန်းဖြစ်လျှင် ပုစ္ဆာန်းဆရာအား မေးကြပြီး လိုအပ်သလို အထက်ပါနည်းများ အသုံးပြုကာ ပူဇော်မှုမျိုးရှိပေသေးသည်။

အရှိုချင်းတိုင်းရင်းသားများ၏ ထင်ရှားသော ဆေးဝါးများမှာ ရှေးအခါက တောထဲတွင် အမဲလိုက်ရင်း လိပ်သားစား၍ ဝမ်းသွားခဲ့ပါက ရေစပ်၌ပေါက်နေသော ဂျင်းရဲရွက်ကို ဝါးစားလျှင် ဝမ်းသွားရပ်သည်။ ကိုယ်လက်ကိုက်ခဲ၊ ဖျားနာလျှင် မုန်တိုင်မြစ် (မိုးတွင်းတွင် အုံလိုက်ပေါက်ပြီး၊ နွေအခါအငုတ်ကလေးများ အဖြစ်ကျန်တတ်သည်) တူးပြီးသွေးကာ ဆားဖြင့် သောက်လျှင် အဖျားပျောက်သည်။ ဝမ်းချုပ်လျှင် သက်ရင်းအခေါက်ကို သွေးသောက်သည်။ လေချုပ်လျှင် လက်ထုတ်ခေါက်ခွာပြီးသွေးသောက်သည်။ အနာဖြစ်လျှင် ဘင်္ဂရွက်ကို မီးကင်၍ အနာတွင်း သိပ်ပေးရသည်။ ခေါင်းမူးလျှင် နနွင်းတက်ထောင်းပြီး ရှူလေ့ရှိသည်။ အထက်ပါဆေးများမှာ အရှိုချင်းရိုးရာဆေးများပင်ဖြစ်သည်။

ယခုအခါတွင် ဇရပ်လှ ဆေးပေးခန်းရှိပြီး ၄င်းမှမနိုင်လျှင် ပန်းတောင်းဆေးရုံသို့ ပို့ပြီး ကုသကြရသည်။ ဤသို့ဆောင်ရွက်ရာတွင်လည်း ရွာသူရွာသားများပင် ဝိုင်းဝန်းကူညီ ကြခြင်း ဖြစ်သည်။ ရိုးရာယုံကြည်သူများမှာလည်း ရိုးရာပူဇော်မှုအလိုက် ကုသမှုများရှိသကဲ့သို့ အတော်အတန်ဖြစ်သော ရောဂါများကို အရှိုချင်းရိုးရာဆေးများနှင့်ပင် ကုသပျောက်ကင်း လျက်ရှိကြောင်း၊ အရိုးအက်ခြင်း၊ အရိုးကျိုးခြင်းများကိုပင် ရေမန်း၊ ဆီမန်းနှင့်ပျောက်ကင်း ကြောင်း တလုပွင်ကျေးရွာနေ အရှိုချင်းအရိုးဆက် ဆရာမကြီး ဒေါ်မိုင်အုန်းမေ (မ) ၏ ပြောကြားချက်အရ သိရသည်။ ပန်းတောင်းမြို့နယ်အတွင်းရှိ တလုပွင်ကျေးရွာကို "မ" ရွာဟု လူသိများလျက်ရှိသည်။ ဤကုသနည်းကို သားစဉ်မြေးဆက်သာ ဆက်ခံနိုင်ခွင့်ရှိသည်။ ညီ၊ အစ်ကို၊ မောင်နှမအရင်းများပင် ကတိသစ္စာရှိသူသာ အစွမ်းထက်သည်ဟု ဆိုသည်။ ဆေးဘိုး သတ်မှတ်ထားခြင်းမရှိပါ။ မေတ္တာနှင့် ကုသခြင်းပင်ဖြစ်သည်။

ဤသို့ဖြင့် ရိုးရာပူဇော်ပသခြင်းပြုလုပ်ရာတွင် ဝိုင်းဝန်းကူညီလုပ်ကိုင်ကြခြင်း၊ ယခု အခါ မြို့ပေါ်ရှိ ဆေးရုံသို့ ပို့ဆောင်ရာတွင်လည်း မိမိတို့တတ်အားသရွေ့ ကူညီဆောင်ရွက် ပေးကြခြင်း၊ ရိုးရာဆေးများဖြင့် ကုသရာတွင်လည်း မေတ္တာ၊ စေတနာကို ရှေ့တန်းတင်ကာ ကုသပေးခြင်း တို့ကြောင့် ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းအဖွဲ့အစည်း ကျေးရွာများမှာ စည်းလုံးညီညွတ်စွာ နေထိုင်ကြသော အဖွဲ့အစည်းတစ်ခုပင်ဖြစ်ပေသည်။

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများသည် သေဆုံးခြင်းနှင့် ပတ်သက်၍ ဝိဉာဉ်လိပ်ပြာထွက်သွားခြင်းသာ ဖြစ်သည်ဟု ယူဆကြသည်။ ယင်းဝိဉာဉ် လိပ်ပြာသည် လူသေတို့

လားရာ တိုင်းပြည်သို့ ရောက်သည်ဟု ယုံကြည်ကြသည်။ အရှိုချင်းဘာသာ စကားဖြင့် ဝိညာဉ် လိပ်ပြာကို "ဆမ္ဗိ" ဟုခေါ်သည်။ လူသေတိုင်းပြည်တွင် မည်သို့ရှိသည် နေထိုင်ကြသည်ဟူ၍ကား တိတိကျကျ အယူအဆများမရှိကြချေ။ လူသေပြီးနောက် လူပြန်ဖြစ် သည်ဟူသော [၁] **တမလွန်ဘဝ ယုံကြည်ချက်**လည်းရှိသည်။ မွေးလာသော ကလေးများက ဘဝဟောင်းမှ အဖြစ်အပျက်များကို ပြန်ပြော၍လည်းကောင်း၊ တမလွန်ဘဝမှ အမာရွတ်၊ အမှတ် စသည်ဖြင့် ကလေးငယ်တွင် တွေ့ရခြင်းကြောင့်လည်းကောင်း လူဝင်စားရှိသည်ဟု ယုံကြည်ကြကြောင်း သိရှိရပါသည်။ ထိုသို့တမလွန်ဘဝရှိခြင်း၊ ဝိညာဉ်လိပ်ပြာ အယူအဆရှိ ခြင်းကြောင့် သေဆုံးသူအား အသက်ရှင်စဉ်က ကြိုက်နှစ်သက်တတ်သော အစားအစာများကို ကျွေးလေ့ရှိကြသည်။

သေဆုံးသူသည် ကျန်ရစ်သူ အိမ်သားများအပေါ် သံယောဇဉ်တွယ်တာနေက ယင်း၏လိပ်ပြာမှာ အိမ်တွင်မခွဲနိုင်မခွာရက်ဖြစ်ကာ တွယ်ကပ်နေတတ်သည်ဟူ၍ လည်းကောင်း၊ ထိုသို့နေခြင်းဖြင့် အိမ်သူအိမ်သားများ နာမကျန်းဖြစ်တတ်သည်ဟူ၍ လည်းကောင်း ယူဆကြသည်များ လည်းရှိသည်။ ထို့ကြောင့် လူသေပြီးနောက် လူသေ၏ လိပ်ပြာ "ဆမ္ဗိ" နှင့်အိမ်သူအိမ်သားများ၏ လိပ်ပြာကို ခွဲပစ်သည့် လိပ်ပြာခွဲခြင်း အလေ့အထရှိသည်။

## (ဃ) အသုဘအခမ်းအနား

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းများသည် အဘိုးအို၊ အဘွားအိုများ သေတော့မည်ဟု ထင်လျင် မသေမီကပင် အရိုးတိုင်ထွင်းထားရသည်။ စဉ့်အိုးတည်ပြီး ခေါင်ဖောက်ထားရသည်။ နွား၊ ဝက်၊ ကြက် စုံလင်စွာ အသင့်ပြင်ဆင်ထားရသည်။ သေဆုံးသည်နှင့် တပြိုင်နက် ရွာရှိလူငယ်၊ လူကြီးအမျိုးသားများ ဝိုင်းဝန်းကာ မဏ္ဍပ်ဆောက်ရသည်။ ထို့ပြင် စင်ဆောက်ပြီး စင်ပေါ်တွင် အလောင်းတင်ကာ အသုဘကမ္မဋ္ဌာန်းကို သုံးရက်တိုင်တိုင်သားအကြီးဆုံးက ရွတ်ဖတ်ရသည်။ ဤသို့စင်ဆောက်ပြီး အပြင်ထုတ်ခြင်းမှာ သေသူအတွက် ဂုဏ်ပြုပွဲများ ပြုလုပ်မည့် အလောင်းကိုသာ အပြင်ထုတ်သည်။ သာမန်လူများ၏ ရုပ်အလောင်းကို အိမ်ထဲတွင်ပင်ထားသည်။

---

[၁] Belief after death

လူသေအလောင်းကို ရေချိုးပေးခြင်း၊ အဝတ်အစားဝတ်ပေးခြင်း၊ သေသူမှာ အမျိုးသမီးဖြစ်ပါက ဆံပင်ဖီးခြင်း၊ ဆီလိမ်းပေးခြင်း၊ သနပ်ခါးလိမ်းပေးခြင်း များပြုလုပ်သည်။ ဤသို့ပြုလုပ်ပြီးလျှင် ပုစ္ဆာန်ဆရာက သက်ပျောက်မောင်း (၃) ချက် ထုရသည်။ ထို့နောက် ရုပ်အလောင်းကို ဖျာပေါ်တင်ပြီး အပေါက်ဖက်သို့ ခြေထောက်လှည့်ထားကြသည်။ သေဆုံးသူမှာ ယောကျာ်းဖြစ်လျှင် ညာခြေမ၊ မိန်းကလေးဖြစ်လျှင် ဘယ်ခြေမတွင် ကြက်ပေါက်လေးတစ်ကောင်ကို ချည်ပေးရသည်။ ဤသို့ပြုလုပ်ခြင်းမှာ သေသူဝိညာဉ်သွားရာ လမ်းတလျှောက် ပိုးကောင်၊ မွှားကောင်များရှိနေလျှင် ကြက်က ဆိတ်ပေးခြင်းဖြင့် ဖယ်ရှားပေးရန်ဖြစ်သည်။ အဘိုးအို၊ အဘွားအိုများ သေသောအခါ သား၊ သမီး၊ မြေးများ၏ အရပ်အားလုံးကို ချည်မျှင်နှင့်တိုင်း၍ ထည့်ပေးရသည်။

ဤသို့ရုပ်အလောင်းကို ပြင်ဆင်ပြီးလျှင် ခေါင်းရင်းတွင် ယောကျာ်းပုစ္ဆာန်း ဆရာ၊ ခြေရင်းတွင် မိန်းမပုစ္ဆာန်းဆရာတို့က ဓါးကိုင်ပြီး သေသူဂူဏ်ပုဒ်ကို ဖော်ပေးသည့် အနေဖြင့် ရွတ်ဖတ်ကြသည်။ ယခုအခါတွင် မိန်းမပုစ္ဆာန်းဆရာဟူ၍ မရှိတော့ပေ။ အသုဘ ကို အနည်းဆုံး (၇) ရက်အထိထားကြသည်။ အသက်ကြီးသော အဘိုးအို၊ အဘွားအို များသေဆုံးလျှင် သားအကြီးဆုံးက တာဝန်ယူ၍ သင်္ဂြိုလ်ပေးရသည်။ အသုဘ အခမ်းအနား တွင် သားအကြီးဆုံးသည် ကြက်တစ်ကောင်ဖြင့် ပူဇော်မည်ဆိုလျှင် သမီးသည် ကြက်တစ် ကောင်၊ မြေးကလည်း ကြက်တစ်ကောင်၊ မြစ်ကလည်း ကြက်တစ်ကောင်စီနှင့်ပူဇော်ရသည်။ သားကြီးသည် ကြက်တစ်ကောင်ဖြင့် ပူဇော်မည်ဆိုလျှင် သေသူ၏ ရင်ပတ်တွင် ချည်မျှင် တင်ပြီး ကြက်ရှိရာ အိမ်အောက်သို့ ဆွဲသွားရသည်။ လှေကားရင်းတွင် ချည်မျှင်ကိုဖြတ်၍ သေသူဘက်မှ ချည်မျှင်ကို လုံးထွေးကာ အလောင်းပေါ်တင်ရသည်။ ကျန်ချည်မျှင်ကို ကြက်ရှိရာဘက်သို့ယူသွားရသည်။ ထို့နောက် ကြက်ကို သတ်ကာချက်ပြီး ပန်းကန်ပြားဖြင့် သားကြီးသည် သေသူဖခင် (သို့မဟုတ်) မိခင်အား ကျွေးသည့်အနေပြုလုပ်ရသည်။ ထို့နောက် ရေနှင့်ဆေးတံတို့ကိုပါ တိုက်ရသည်။ ဤသို့ပြုလုပ်ခြင်းကို သား၊ သမီး၊ မြေး၊ မြစ် အလှည့်ကျ အိမ်ရှိလူကုန်ပြုလုပ်ကြရသည်။

သားအကြီးဆုံးက ဝက်ဖြင့်ပူဇော်မည်ဆိုလျှင် သမီးကလည်း ဝက်တစ်ကောင်၊ မြေးကလည်း ဝက်တစ်ကောင်၊ မြစ်ကလည်း ဝက်တစ်ကောင်စီဖြင့် အထက်ပါနည်းအတိုင်း အလှည့်ကျ အိမ်ရှိလူကုန် ကျွေးမွေးပူဇော်ကြရသည်။

သားအကြီးဆုံးက နွားတစ်ကောင်ဖြင့် ပူဇော်မည်ဆိုလျှင်လည်း သမီးကလည်းနွားတစ်ကောင်၊ မြေးကလည်း နွားတစ်ကောင်၊ မြစ်ကလည်း နွားတစ်ကောင်စီဖြင့် အထက်ပါအတိုင်းပင် အလှည့်ကျ ကျွေးမွေးပူဇော်ကြရသဖြင့် အရှိုချင်းများသည် အဘိုးအိုများ၊ အဘွားအိုများ သေဆုံးလျှင် အမဲသားများမှာ စား၍မကုန်နိုင်အောင်ပေါများလှပါသည်။ ဤသို့ပူဇော်ခြင်းကို အရှိုချင်းဘာသာစကားဖြင့် "ခလွတ်ဆွန်း " ဟုခေါ်သည်။

ငွေကြေး မတတ်နိုင်ပါက ကြက်တစ်ကောင်ဖြင့် ကျွေးမွေး ပူဇော်ခြင်းဖြင့်လည်း ပြီးမြောက်နိုင်ပါသည်။ အထူးသဖြင့် သေသူအသက်ရှင်စဉ်က ကြိုက်နှစ်သက်သောတိရစ္ဆာန်များကို အဓိကသတ်၍ ကျွေးမွေးပူဇော်ခြင်းဖြစ်သည်။ ဧည့်သည်များကိုလည်း ကျွေးမွေးဧည့်ခံသည်။ သေသူအား သုခဘုံသို့ ဆောင်ကျဉ်းပေးရန် နတ်များအား ပူဇော်ခြင်းဖြစ်ပေသည်။

ဤသို့အသုဘတွင် ကျွေးမွေးပူဇော်သည့် သားကောင်၏ပေါင်ကို ရွာပိုင်သူကြီး၊ တင်ပါးဆုံကို ချောင်းပိုင်သူကြီး၊ လက်နှစ်ဘက်ကို နယ်ပိုင်သူကြီး၊ လယ်ပင်းကို တောင်ပိုင်သူကြီး စသည်တို့ကို အသီးသီးပေးကြရသည်။ တစ်ဦး၊ တစ်ယောက်သေဆုံးလျှင် သူကြီးအားလုံးသို့ အကြောင်းကြား ရသည်။

ဤသို့ဖြင့် သားသမီးများလျှင် များသလို အစားအသောက်ပေါများကာ ပွဲသဘင်ကျင်းပကြသည်။ အသုဘ အခမ်းအနားတွင် မောင်းတစ်လုံးနှင့် လင်းကွင်းကိုသာ အသုံးပြုသည်။ ရှေးအခါက အဘိုးအို၊ အဘွားအိုများ သေဆုံးလျှင် အိမ်အပေါ်ထပ်တွင် ယောကျာ်းများက ကကြပြီး၊ အောက်ဖက်တွင် မိန်းမများက ကခုန်ကြသည်။ ကပွဲသဘင်မှာလည်း မိုးအလင်းအထိပြုလုပ်သည်။ မောင်းတစ်လုံးနှင့် လင်းကွင်းကို အိုးကြီးတစ်အိုးတွင် ထည့်ပြီးအပေါ်တွင် ဓါးတင်ကာ ဓာတ်ဟန်ဖြင့်ကခြင်းဖြစ်သည်။ မကောင်းမိစ္ဆာများကို အနိုင်ရရန် ယုံကြည်ချက်ဖြင့် ကခြင်းဖြစ်သည်။ ကလေးများနှင့် လူလတ်ပိုင်းများ သေလျှင် ကပွဲသဘင်မလုပ်ကြပေ။

သေသူကို အခေါင်းသွင်းခြင်မရှိပေ၊ သုသာန် (ချွန်းခေါင်) သို့ပို့ရာတွင် လည်းဖျာဖြင့် ပတ်၍ ပို့ခြင်းဖြစ်သည်။ ယခုအခါတွင် မိမိတို့ ယုံကြည်ကိုးကွယ်သည့် ဘာသာရေးအရ ပြုလုပ်လာကြပြီဖြစ်သည်။

အသုဘမချမီ ညှော့သည်များအား ခေါင်ရည်၊ အသားဟင်းတို့ဖြင့် ညှော့ခံသည်။ သေသူအတွက်လည်း ဂုဏ်ပြုကပွဲ ပြုလုပ်ကြသည်။ ဂုဏ်ပြုကပွဲမှာ အမျိုးမျိုး ရှိသည်။ ဆင်သတ်ဘူးသူ၊ ကျားသတ်ဘူးသူ၊ ရန်သူခေါင်းဖြတ်ဘူးသူ၊ စပါးတင်း (၁၀၀) ရဘူးသူ စသည်ဖြင့် သူ့အဆင့်နှင့်သူ ဂုဏ်ပြုရသည်။ က ရာတွင်သီဆိုရသော သီချင်းများ မှာလည်း သေဆုံးသူအတွက် ဂုဏ်ပြုသီဆိုသော သီချင်းများသာဖြစ်သည်။ ဂုဏ်မရှိဘဲ ဂုဏ်ပြုသီချင်းမဆိုရချေ။ ကွယ်လွန်သူ အသက်ရှင်စဉ်ပြုခဲ့သော အလုပ်များအပေါ်၌သာ မူတည်ပြီး ဂုဏ်ပြုသီချင်းဆိုရသည်။ ကျားမသတ်ဘူးဘဲ ကျားသတ်သီချင်းမဆိုရ၊ သီဆိုပါ က ရပ်ရွာကကန့်ကွက်သည်။

သေသူသည် ဂုဏ်ပြုထိုက်သူဖြစ်ပါက မသေမီက ဆင်ယင်ခဲ့သော စည်းစောင်၊ ခေါင်းပေါင်းတို့ကို အလံပြုလုပ်၍ ဂုဏ်ပြုရသည်။ အပျို၊ လူပျိုများသည် ဤပွဲများ၌ ခေါင်ရည်သောက်ပြီး ကကြသည်။ လူကြီးပိုင်းလည်းပါသည်။

အသုဘရှင်ကို ဆွေမျိုးများက ခေါင်ရည်ဝိုင်းတိုက်ကြသည်။ လူသေကို လည်း ခေါင်ရည်တိုက်သည်။ အနံ့မထွက်စေရန် သေသူ၏နှာခေါင်းတွင် ပိုးချည်ဖြင့် ဆို့ထားသည်။ ယခုအခါ ကျောက်ဖရုံသီးကို သေသူ၏ အလောင်းနားထားခြင်း၊ ဆေးရွက် ကြီးကို မီးရှို့၍ ဖျာလိပ်အတွင်းထည့်ခြင်းပြုလုပ်လေ့ရှိသည်။

သေဆုံးပြီးနောက် အများအားဖြင့် (၇) ရက်မြောက်နေ့တွင် ဝိဉာဉ်ပို့ပွဲ လုပ်သည်။ သေသူ၏ ဝိဉာဉ်သည် (၇) ရက်လုံးလုံး ယင်း၏နေအိမ်တွင်ရှိသည်။ မည်သည့် အရပ်မျှသို့ မသွားဟု ယုံကြည်ကြသည်။ (၇) ရက်မြောက်သောနေ့တွင် သေသူ၏ ဝိဉာဉ် သည် အိမ်တွင် ဆက်လက်မနေသင့်ဟု ယူဆပြီး နေ့လည် (၁၂) နာရီအချိန်တွင် ပုစ္ဆာန်း ဆရာသည် သေဆုံးသူ၏ သားသမီးများနှင့်အတူ သုသာန် (ချွန်းခေါင်) သို့ လိပ်ပြာ (ဆမ္ဗိး) ကို ပို့ရသည်။ လိပ်ပြာပို့ရာတွင် လူကြီးများသာ ပို့ရပြီး ကလေးများမလိုက်ရပေ။ ဤသို့ လိပ်ပြာပို့ရာတွင် လင်းကွင်းကို အဆက်မပြတ်တီးသွားရသည်။ အိမ်ပြန်ရောက်လျှင်

လည်း လင်းကွင်းတီးကာ အိမ်ကို တစ်ပတ်ပတ်ရသည်။ ထိုသို့ပို့ပြီးမှ သေသူ၏ဝိညာဉ် အိမ်မှထွက်သွားသည်ဟု ယုံကြည်ကြသည်။

ဤသို့ အိမ်ကို ပတ်ပြီးမှ ရုပ်အလောင်းကို ဖျာဖြင့်လိပ်ပြီး သင်္ဂြိုလ်ရန် အတွက် သချိုင်းသို့ယူသွားသည်။ ခြေထောက်ဖက်မှ စထွက်ပြီး အိမ်ပြင်သို့သယ်ရသည်။ ရုပ်အလောင်းပို့သောအခါ အတီးအမှုတ်မပါရပေ။ သေသောသူ၏ အိမ်သူအိမ်သားများနှင့် အတူ လူအများလိုက်ပါကာ သချိုင်းအရောက် လိုက်ပို့ကြသည်။ လိုက်ပို့သော ဆွေမျိုးမိတ်သင်္ဂဟများသည် တစ်အိမ်ထောင်လျှင် ထင်းတစ်စီး ယူဆောင်သွားကြပြီး ဝိုင်းဝန်းကူညီကာ မီးရှို့ခြင်း ပြုလုပ်ကြသည်။ မီးသတ်ပြီးမှ အရိုးကောက်ကြသည်။

အရိုးများကိုကောက်၍ ချောင်းတွင် ရေဆေးသည်။ အရိုးတောင်သို့ မယူဆောင်မီ အရိုးများကို စဥ့်အိုးတွင်ထည့်ကာ အိမ်သို့သယ်လာသည်။ ရှေးအခါက အရိုးအိုးကိုလည်း အိမ်တွင် (၇) ရက်ထားကာ စားသောက်သော အစားအစာအားလုံးကို ကျွေးမွေးဟန်ပြုလုပ်ရသည်။ ထို့နောက် ကြက်တစ်ကောင်ဖြင့် ကိုးပြီး နံနက် (၇) နာရီ တွင် အရိုးတောင်ပို့သည်။ အရိုးအိုးထားသော နေရာကို အရိုးတောင် (ရွာန်းတောန်) ဟု ခေါ်သည်။ အရိုးတောင်သည် အရှိချင်းလူမျိုးများ၏ နောက်ဆုံးသင်္ချိုင်းမြေပင်ဖြစ်သည်။

အရိုးတောင်သို့ အရိုးပို့ရာတွင် အရိုးအိုးကို တောင်ဘို့တွင် ထည့်ကာ သားကြီး (သို့မဟုတ်) ညီ (သို့မဟုတ်) အစ်ကို တစ်ဦးဦးက ထမ်းရသည်။ အရိုးတိုင်ကို သေဆုံးသူသမီး၏ ယောကျာ်း (သားမက်)က ထမ်းရသည်။ အရှိချင်းလူမျိုးများ အခေါ်အရ နိမ့်သူက အရိုးတိုင်ထမ်းကြရသည်။ အရိုးတောင်သို့ပို့ရာတွင် ဆွေမျိုးများအပြင် ရွာသူ ရွာသားအားလုံးပို့နိုင်သည်။ အရိုးပို့ရာတွင်လည်း မောင်းတစ်လုံး၊ လင်းကွင်းဖြင့် တီးခတ်ပြီး ပျော်ပွဲသဘင် ကျင်းပကြပြန်သည်။ အရိုးတောင်မှာ သံလယ်ကြီး ကျေးရွာ၏ မြောက်ဘက် (၅) ဖါလုံအကွာတွင်ရှိသည်။ အရိုးတောင်သို့သွားရာလမ်း တလျှောက်တွင် တံတားရှိလျှင် သေသူဖြတ်ကူးရန် ချည်မျှင်ကို တံတားသဖွယ် ခင်းပေးရသည်။ တောင်ပေါ် သို့ရောက်လျှင် ထမင်း (၅) ထုပ်ထုပ်ပြီး အဆာပြေစေရန် ကွယ်လွန်သူကို ကျွေးကြသည်။


အရိုးတိုင်ကို ကျွန်းဖြင့်ပြုလုပ်ပြီး လေးထောင့်ပုံဖြစ်အောင် ထွင်းထားသည်။ အရှည်မှာ (၅) တောင်ရှိသည်။ အရိုးတိုင်ထိပ်တွင် ငှက်ကြီးရုပ်ဆင်ထားသည်။ ဆင်ရုပ်




နတ်ဆရာများအတီးအမှုတ်များနှင့်အရိုးတောင်သို့
မိသားစုလိုက်ပါပို့ဆောင်ပုံ



သံလယ်ကြီးအရိုးတောင်ပေါ်ရှိအရိုးတိုင်များ



အရိုးအိုးနှင့်
အရိုးတိုင်များ



ပေါ်တွင် မြပုခက်တင်ထားသည်ပုံ၊ မြင်းပုံနှင့် မိန်းမသေလျင် မိန်းမသဏ္ဍာန်၊ ယောကျ်ား သေလျင် ယောကျ်ားသဏ္ဍာန်များကို တိုင်ပတ်လည်တွင် ပန်းပုဆရာက ထွင်းထားသည်။

အရိုးတောင်ရောက်ပြီး အရိုးတိုင်ကိုမြေကြီးထဲတွင် တစ်တောင်သွင်းပြီး စိုက်ရသည်။ အရိုးအိုးကိုအရိုးတိုင်တွင် ချိတ်ဆွဲထားရသည်။ အရိုးအိုးကို အဖုံးဖုံးထားပြီး ရေမတင်စေရန် အောက်ဖက်မှ အပေါက်ဖောက်ထားသည်။ အရိုးတိုင်နားတွင် ရာဇမတ်ကာ ထားသည်။ အရိုးအိုးကို မြေမြှုပ်ခြင်းမရှိချေ။

အရိုးတောင်သို့ အရိုးအိုးပို့ပြီး ပြန်လာလျင် ခြေဆေးပြီးမှ အိမ်ပေါ်တက်ရ သည်။ သုဿန်မြေကို နင်းသည့်အတွက် သန့်ရှင်းစေရန်ဖြစ်သည်။ အရိုးပို့ပြီး အိမ်ပြန်ရာ တွင်လည်း သေသူအိမ်သို့ အရင်ပြန်လာရသည်။ သေဆုံးသူ၏ အိမ်ပေါ်ထိတက်ရန် အချိန် မရလျင်လည်း သေသူအိမ်လှေကားကိုနင်းပြီးမှ မိမိအိမ်သို့ပြန်ရသည်။ အရိုးတောင်မှပြန်လာ လျင် အရိုးအိုးပို့ပြီးကြောင်း တောင်ပေါ်ပြန်ဟုဆိုကာ ခေါင်ရည်တစ်လုံးဖြင့် ကိုးရပြန်သည်။ အရိုးတောင်သို့ အရိုးပို့ပြီး လိပ်ပြာခေါ်လေ့မရှိချေ။ သုံးနှစ်ကြာမှ လိပ်ပြာခေါ်ခြင်းဖြစ် သည်။ ဤသည်မှာ နာမကျန်းဖြစ်၍ သေသောသူများအား ရုပ်အလောင်းနှင့် အရိုးအိုးများကို အိမ်တွင် (ရ) ရက်ထားကာ သင်္ဂြိုလ်ပြီး အရိုးတောင်ပို့သည့် အစီအစဉ်ပင်ဖြစ်သည်။

## (၂) အေးမသာချခြင်း

တခါတရံ လုပ်ငန်းကိုင်ငန်းမအားသေးလျင် သော်လည်းကောင်း၊ ငွေကြေး အဆင်မပြေ သေးလျင်လည်းကောင်း၊ မိုးရွာ၍ ရာသီဥတုအခြေအနေ မကောင်းလျင် သော်လည်းကောင်း၊ အလောင်းကို ရွာပြင်ထုတ်ကာ အခေါင်းထဲတွင်ထည့်ထားပြီး လေးတိုင်စင်ပေါ် တင်ထားရသည်။ သစ်သားအခေါင်း၌ အလုံပိတ်ပြီး အခေါင်းပျဉ် အစပ်တွင် အင်တွဲစသည်ဖြင့် သုတ်ပြီး ပိတ်ထားသည်။ အောက်ဖက်တွင် အပေါက် ဖောက်ပြီး အပုတ်ရည်များ ကျစေရန် ဝါးပြွန်ဖြင့် မြေကြီးသို့ သွယ်ထားသည်။

ဤနည်းဖြင့် မဟုတ်ဘဲ အလောင်းကို မြေတွင် တစ်နှစ်မြှုပ်ထားပြီး ပြန် ဖော်ကာ မီးပြန်ရှို့ပြီး ခေါင်ပွဲနှင့်အရိုးတောင်သို့ အရိုးပို့ခြင်းမျိုးလည်းရှိသည်။ ဤသို့ပြု လုပ်ခြင်းများကို အေးမသာဟုခေါ်သည်။ အေးမသာမှာ ရွာပြင်ထုတ်ထားရပြီး အိမ်သို့ပြန်

မသယ်တော့ပေ။ ရုပ်အလောင်း၏ ခြေမတွင်လည်း ကြက်ပေါက်လေးမချည်ရတော့ပေ။ သား၊ သမီး၊ မြေးများ၏ အရပ်များ လည်း ချည်မျှင်နှင့်တိုင်းကာ မထည့်ရတော့ချေ။ သားကြီး၏ အဆုံးအဖြတ်အတိုင်း သေဆုံးသူ အဘိုးအို၊ အဘွားအိုအား ကြက်နှင့်ပူဇော်မည်ဆိုလျှင် အိမ်ရှိလူ့ကုန် ကြက်တစ်ကောင်စီ ဖြင့်ပူဇော်ရသည်။ ဝက်ဖြင့် ပူဇော်မည်ဆိုလျှင် ဝက်ဖြင့်၊ နွားဖြင့်ပူဇော်မည်ဆိုလျှင်လည်း နွားတစ်ကောင်စီဖြင့် ကျွေးမွေး ပူဇော်ကြရသည်။ အေးမသာကို မီးရှို့ပြီး အရိုးကောက်ပွဲပြုလုပ်ကာ အရိုးတောင်ပေါ်သို့ အရိုးအိုးကို တိုက်ရိုက်ပို့သည် အိမ်သို့သယ်ခြင်းမျိုးမလုပ်တော့ချေ။

အရိုးကောက်ပွဲအတွက် အိမ်တွင်ခေါင်လေးအိုးဖောက်ထားရသည်။ အရိုးကို ချောင်းတွင်ရေဆေးပြီး နနွင်းတက်သွေးရည်နှင့် သုံးခါတိတိ ထပ်ဆေးရသည်။ လာရောက် သည့် ဧည့်သည်များကို ခေါင်ရည်နှင့် ဧည့်ခံကြသည်။

အရိုးအိုး၊ အရိုးတောင်ပို့ ပုံနှင့် ကျန်သည့် အသုဘအခမ်းအနား အစီအစဉ်မှာ နာမကျန်းဖြစ်၍ သေဆုံးသူများကို ကျင်းပပုံနှင့် အတူတူ ဖြစ်သည်။

## (၃) **အစိမ်းသေခြင်း**

ကျားကိုက်၍ သေဆုံးခြင်း၊ လူသတ်၍ သေဆုံးခြင်း အစရှိသည့် အစိမ်းသေများ အတွက်မူ ဆောင်ရွက်ရန်မှာ အနည်းငယ်ခြားနားသည်။ သာမန်သေဆုံး သောသူကဲ့သို့ ရုပ်အလောင်းကို အိမ်ပေါ်တွင်မထားဘဲ ချက်ခြင်းပင် သင်္ဂြိုလ်သည်။ သာမန်သေဆုံးသော ရုပ်အလောင်းများအတွက် ကျွေးမွေးပူဇော်ခြင်း ပြုလုပ်ကြသော်လည်း အစိမ်းသေများအတွက်မူ ကျွေးမွေးပူဇော်ခြင်း မပြုလုပ်ကြပေ။ ချက်ခြင်းပင် မြေမြှုပ် သင်္ဂြိုလ်ကြသည်။ ထိုအစိမ်းသေသူ၏ ရုပ်အလောင်းကိုလည်း လူတိုင်းဝင်ကိုင်ခြင်း၊ ကောက်ခြင်း မပြုရပေ။ ရွာပိုင်သူကြီးကသာ ကိုင်တွယ်ရသည်။ အရှိချင်းများသည် အစိမ်းသေသူ များအား ချက်ခြင်းမြေမြှုပ်သင်္ဂြိုလ်ကြပြီး အခြားသေဆုံးသူများနည်းတူ (၃) နှစ်ကြာမှ လိပ်ပြာခေါ်ခြင်း ပြုလုပ်ကြသည်။ လိပ်ပြာခေါ်ခြင်း ကို အရှိချင်းဘာသာစကား ဖြင့် "ခွန်ခွာ" ဟု ခေါ်သည်။

## (၄) လိပ်ပြာခေါ်ခြင်း

အရှိုချင်းတိုင်းရင်းသားများသည် အရိုးအိုးကို အရိုးတောင်သို့ပို့ပြီး (၃) နှစ်အကြာတွင် သားသမီးများသည် အရိုးအိုးကို အိမ်သို့ပြန်ယူကာ (၇) ရက်ပွဲလုပ်ပေးပြီး သေသူ၏ ဝိဉာဉ် လိပ်ပြာခေါ်ခြင်းပြုလုပ်ကြသည်။ ဤသို့ လိပ်ပြာခေါ်ရာတွင် သားတစ်ယောက်လျှင် နွားတစ်ကောင်စီ၊ သမီးတစ်ယောက်လျှင် ဝက်တစ်ကောင်စီ၊ မြေး တစ်ယောက်လျှင် ဝက်တစ်ကောင်စီ၊ မြစ်တစ်ယောက်လျှင် ဝက်တစ်ကောင်စီ၏ အသားများ ဖြင့် ကျွေးမွေးပူဇော် ကြရသည်။ ထို့ကြောင့် လိပ်ပြာခေါ်ရာတွင်လည်း အမဲသားနှင့် ဝက်သားများသည် စား၍ မကုန်တော့ချေ။ သား၊ သမီး၊ မြေး၊ မြစ် ရှိလျှင်ရှိသလောက် ပါဝင်ကျွေးမွေးပူဇော်ကြရသည်။

လိပ်ပြာခေါ်ခြင်းမှာ ပုဏ္ဏားဆရာကခေါ်ခြင်းဖြစ်သည်။ လိပ်ပြာခေါ်ရာတွင် သေသူ၏ အင်္ကျီ၊ ပုဆိုးစသည့် အသုံးအဆောင် ပစ္စည်းတစ်မျိုးမျိုးဖြင့် သေသူ အိမ်တွင်ပင် လိပ်ပြာခေါ်ခြင်းဖြစ်သည်။ ပထမဦးစွာ သေသူ၏ ဝိဉာဉ်လိပ်ပြာကို ခေါ်ပြီးမှ ယခင်သေနှင့် ပြီးသော ဘိုးဘွားများနှင့် ဆွေမျိုးများ၏ လိပ်ပြာခေါ်သည်။ ဤသို့ သေသူအားလုံး လိပ်ပြာ ခေါ်ပြီး ထမင်းအတူကျွေးမွေးကာ သေရွာတွင် အတူနေထိုင်ရန် တွေ့ဆုံပေးသော သဘောပင်ဖြစ်သည်။ ဤသို့တွေ့ဆုံပွဲ မပြုလုပ်လျှင် ယခင်သေသူများက နောက်သေသူများ အား ဂရုမပြုဘဲ ပစ်ထားတတ်သည်ဟု ယူဆကြသဖြင့် လိပ်ပြာခေါ်ခြင်းပြု လုပ်ကြခြင်းဖြစ် သည်။

သားများက ခေါင်းရင်းမှ လိပ်ပြာခေါ်ပြီး သမီးများက ခြေရင်းမှ လိပ်ပြာ ခေါ်သည်။ သမီးနှင့်မြေးများက ဝက်သားမစားရဘဲ သားကပူဇော်သည့် နွားသားကိုသာ စားရသည်။ သားများသည် နွားသားသာမက ဝက်သားပါ စားနိုင်သည်။ ပူဇော်သည့် ကန်တော့ပွဲမှ အသားများကို မည်သူမျှမစားရပေ။ ဖိတ်ထားသော ဧည့်သည်များသည် နွားသားနှင့်ဝက်သား နှစ်မျိုးလုံးစားနိုင်သည်။

ဤသို့ လိပ်ပြာခေါ်၍ ကျွေးမွေးရန်အတွက် ပုဏ္ဏားဆရာသည် ဉာဉ့်ဦးယံ (၆) နာရီ အချိန်မှစ၍ တစ်ညလုံးရွတ်ဖတ်ပြီး နံနက် (၄) နာရီတွင် လှံကိုင်၍ ကျွေးမည့် နွားနှင့် ဝက်တို့ကို ရေလောင်းကာ ရွတ်ဖတ်ပြီးမှ အိမ်ပေါ်သို့ ပြန်တက်ပြီး ပုဏ္ဏားဆရာ

(နတ်ဆရာ) က သတ်ရန် အမိန့်ပေးသည်။ ထိုအခါ အခြားလူများက သတ်ရသည်။ ဤသို့ ကိုးကွယ်မှုများ ပြုလုပ်ခြင်းမှာ နောက်တစ်နေ့ နေ့လည် (၁၂) နာရီတွင် ပြီးစီးခြင်းဖြစ်သည်။ ဝက်ကို ကြမ်းပြင်ပေါ်တွင်တင်၍ အရှင်လိုက် အစိမ်းကိုးခြင်း ပြုရပြီး နွားကို အောက်မြေကြီးတွင် ကိုးရသည်။ အစိမ်းကိုးပြီးမှ ချက်ပြုတ်ကာ ထမင်းနှင့် အကျက်ကျွေးခြင်း (ဝိဉာဉ်ကျွေးခြင်း) ပြုလုပ်သည်။ (၁၂) နာရီထိုးပြီး ကျွေးမွေးပူဇော်မှုများ ပြီးမှ လာသော ဧည့်သည်များအား ကျွေးရသည်။ အဘိုးအို၊ အဘွားအိုများ မဟုတ်ဘဲ ငယ်ရွယ်သူများ သေဆုံးလျှင်လည်း သက်ဆိုင်ရာ မိဘများက တာဝန်ယူကာ တတ်နိုင်သလို သင်္ဂြိုလ်ခြင်း၊ လိပ်ပြာခေါ်ခြင်း ပြုနိုင်သည်။ လိပ်ပြာခေါ်ခြင်းမှာ သေဆုံးသူအား နောက်ဆုံး နှုတ်ဆက်သည့် ပွဲမျိုးဖြစ်သည်။ ဤသို့လိပ်ပြာခေါ်ပြီး အရိုးအိုးကို ဒုတိယအကြိမ် အရိုးတောင်သို့ ပို့ပြီးမှ အသုဘကိစ္စပြီးဆုံးလေသည်။

ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းကျေးရွာများဖြစ်သည့် ဂုံညှင်းတန်း ကျေးရွာ၊ ပဲကြီးကျေးရွာနှင့် သံလယ်ကြီးကျေးရွာများအနက် သံလယ်ကြီးကျေးရွာတွင် အရိုးတောင်တွေ့ရပြီး အရိုးတိုင်များ ယနေ့တိုင် တွေ့မြင်နိုင် ပါသေးသည်။ သို့သော် ရိုးရာဓလေ့ထုံးစံအရ သင်္ဂြိုလ်ခြင်းမှာ ငွေကြေးအကုန်အကျများခြင်းကြောင့် လည်းကောင်း၊ ဘာသာရေးကွဲပြားမှုများကြောင့်လည်းကောင်း၊ ဓလေ့ထုံးစံအရ သင်္ဂြိုလ်မှုပြုလုပ်သူ မရှိသလောက်ပင်ဖြစ်သည်။

အရိုးတောင်များမှာလည်း ပတ်ဝန်းကျင်၏ ဖျက်ဆီးခြင်းခံရသည်။ သို့ဖြစ်၍ အရှိုချင်းတို့၏ အရိုးကောက်ပွဲ၊ အရိုးပို့ပွဲ၊ အရိုးတိုင်ထူပွဲတို့မှာ နောင်အခါတွင် ပပျောက် သွားနိုင်သည့် အခြေအနေရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ယခုအခါတွင် ခရစ်ယာန်ဘာသာဝင်များမှာ ခရစ်ယာန်တို့၏ အသုဘချသည့် အတိုင်းပြုလုပ်ကြပြီး ဗုဒ္ဓဘာသာဝင်တို့သည်လည်း မြန်မာများကဲ့သို့ အသုဘချကြကြောင်း လေ့လာသိရှိရပါသည်။

## အခန်း ၃။

## စီးပွားရေး

### (က) စိုက်ပျိုးရေး

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများ၏ အဓိကစီးပွားရေး လုပ်ငန်းကြီးမှာ စိုက်ပျိုးရေး လုပ်ငန်းပင်ဖြစ်သည်။ ရှေးအခါက အရှိုချင်းတိုင်းရင်းသားများသည် တောခုတ်ခြင်း၊ တောင်ယာမီးရှို့ခြင်း၊ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းစိုက်ပျိုးခြင်း ပြုလုပ်ရသည့် တောင်ယာ စိုက်ပျိုးရေးကို လုပ်ကိုင်ခဲ့ကြသည်။

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းကျေးရွာများသည် မြေဩဇာကောင်းမွန်ပြီး မြေပြန့်များစွာရှိသည်။ အနီးနားတွင်လည်း ချောင်းများရှိသဖြင့် ရေအခက်အခဲ ပြဿနာမရှိချေ။ ယင်းဒေသတွင် စပါး၊ ပြောင်း၊ နှမ်း၊ မြေပဲနှင့် ဝါအပြင် ပိုးဇာပင်များကိုလည်း စိုက်ပျိုးခဲ့ကြသည်။

စိုက်ပျိုးရေးတွင် (၁) တောင်ယာစိုက်ပျိုးရေး

(၂) ကိုင်းစိုက်ပျိုးရေးနှင့်

(၃) ဥယျာဉ်စိုက်ပျိုးရေး တို့ဖြစ်သည်။

တောင်ယာများတွင် တောင်ယာစပါးကို အဓိက စိုက်ပျိုးသည့်အပြင် အခြား သီးနှံများ ဖြစ်သော ပိန်းဥ၊ ကန်စွန်းဥ၊ မျောက်ဥ၊ အာတာလွတ်ဥ၊ ပလောပီနံ၊ ဖရုံ၊ သခွား၊ ပဲအမျိုးမျိုးတို့ကိုလည်း စပါးနှင့် ရောပြွန်းစိုက်ပျိုးလေ့ရှိသည်။ ရသမျှသော မြေကွက်များပေါ်တွင် ရှိသော တောများကို နိုဝင်ဘာလမှ ဇန္နဝါရီလအထိ ခုတ်ထွင်ပြီး မတ်လ၊ ဧပြီလ လောက်တွင် တောင်ယာမီးရှို့ကြသည်။ တောင်ယာမီးရှို့ခြင်းသည် တောရှင်းလင်းရာတွင် လွယ်ကူပြီး မီးလောင်၍ ရသောပြာသည် ဆားဓါတ်ပါသဖြင့် မြေဩဇာအတွက် ကောင်းသည်ဟု အရှိုချင်းလူမျိုးတို့ ယုံကြည်ကြသည်။

မီးသင့်လောင်ပြီးသော တောင်ယာကွက်တွင် အမဲကောင်ထောင်ဖမ်းရန် လွယ်ကူသဖြင့် တောင်ယာမီးရှို့ခြင်းကို အရှိုချင်းတိုင်းရင်းသားတို့အနေနှင့် လုပ်ရိုးလုပ်စဉ်ကိစ္စဟု ယူဆကြသည်။ မီးလောင်ပြာသည် အငန်ဓါတ်ပါသဖြင့် ချေ၊ စိုင်၊ ဆတ် စသော သားကောင်တို့က လာရောက်လျက်ယူကြသည်။ ထိုအခါ ခြုံကွယ်မှ ချောင်းမြောင်း၍ ပစ်ခတ်ယူကြသည်။ ဤနည်းဖြင့် အမဲရကြသည်။ တောင်ယာကို ဖျက်ဆီးတတ်သော သားကောင်များကိုလည်း ဖယ်ရှားပြီးဖြစ်သည့်

အပြင် အမဲပစ်သူအဖို့လည်း အရှိုချင်းထုံးစံအရ ယောကျာ်းပီသသူ၊ လက်တည့်သူဟု ဂုဏ်ယူလျက်ရှိသည်။ ထို့ပြင် တောင်ယာမီးရှို့ခြင်းသည် အရှိုချင်းအမျိုးသားတို့၏ ဘိုးစဉ်ဘောင်ဆက် ပြုလုပ်ခဲ့သော ရိုးရာနည်းတစ်ခုလည်းဖြစ်သည်။

မြေကိုထွန်ရာ၌ ယခုအခါ ကျွဲနွားများကို အသုံးပြုကြသော်လည်း၊ ရှေးအခါက အရှိုချင်းတိုင်းရင်းသားများသည် လူအင်အားကို အသုံးပြုကြသည်။ ဒေသလုပ် တူရွင်းများကို အသုံးပြုကာ မြေကို တူးဆွခဲ့ကြ သည်။ အချို့မြေများမှာ ကျစ်လစ်ပြီး ကျောက်များနှင့်ရောနှောနေသဖြင့် ခဲခဲယဉ်းယဉ်း တူးဆွကြ ရသည်။ တောင်ယာကို [၁]စူးထိုးစိုက်ပျိုးနည်း ဖြင့် စိုက်ပျိုးကြသည်။ ဧပြီလနှင့် မေလ လောက်တွင် စတင်ပျိုးကြလေ့ရှိသည်။ ပြောင်းကို သီးညှပ်အဖြစ် မြေပဲ၊ ပဲမျိုးစုံတို့နှင့် ရောနှောစိုက်ကြသည်။

တောင်ယာ အသစ်များ၌ ပထမနှစ်တွင် တောင်ယာစပါးကို စတင်စိုက်ပျိုးကြသည်။ မြေဩဇာဓါတ်များ အပြည့်ရှိပြီး မြေများပွလျက်ရှိသဖြင့် စပါးကို ဦးစားပေး စိုက်ပျိုးခြင်းဖြစ်သည်။ ယခုအခါ ပန်းတောင်းမြို့နယ်ရှိ အရှိုချင်းကျေးရွာများတွင် ခေတ်မီမြေယာပြုပြင်နည်းများကို အသုံးပြုလာကြပြီဖြစ်သည်။ ပန်းတောင်းမြို့ပတ်ဝန်းကျင် ဒေသတို့မှာ မြေဩဇာကောင်းမွန်ပြီး မြေပြန့်များစွာရှိသည်။ မြေယာများတွင် ဓါတ်ဆားနှင့် သာကူစေ့မြေဩဇာများကို အသုံးပြုလာကြပြီဖြစ်သည်။

အရှိုချင်းတိုင်းရင်းသားများ၏ စိုက်ပျိုးရေးတွင် ရိုးရာနတ်များကို ပူဇော်ပသရသော ဓလေ့ထုံးစံများ လည်းရှိသည်။ တောင်ယာခုတ်သည့် အချိန်မှစ၍ ကောက်ပဲသီးနှံများကို ရိတ်သိမ်း၍ ကျီသွင်းသည် အထိ ယစ်ပူဇော်ပွဲ၊ ကပွဲများ အမျိုးမျိုးကျင်းပကြရသည်။ (ယင်းတို့အကြောင်းကို ရိုးရာပွဲတော်များ အခန်းတွင်ရှုပါ)

တောင်ယာခုတ်ရာတွင် အမျိုးသားများသာ လုပ်ကိုင်ကြသည်။ ဤသို့ တောင်ယာခုတ်ရာတွင် သူ့ယာ၊ ကိုယ့်ယာဟု မရွေးဘဲ ရွာသူရွာသား အားလုံးစုပေါင်း၍ တောင်ယာ တစ်ခုပြီးတစ်ခု အလှည့်ကျ ခုတ်သွားသော စုပေါင်းလုပ်အားပေး အလေ့အထရှိသည်။ တောင်ယာမီးရှို့ရာတွင်လည်း တောင်ယာမလုပ်သော တောများသို့ မီးမကူးရန် အထူးသတိပြု၍ မီးရှို့ရသည်။ မီးရှို့ချိန်၌ မီးတားများ အဆင့်ဆင့်ပြုလုပ်ထားသည့်အပြင် တစ်ရွာလုံးသို့ မီးမကူးရန်လည်း ကြိုတင်ကာကွယ်

---

[၁] Horticulture

မှု ပြုလုပ်လေ့ရှိသည်။ မလောင်သင့်သော နေရာသို့ မီးကူးသွားခဲ့သော် တောများပြုန်းတီးပြီး မီးလောင်သောနေရာ၌ သစ်ပင်များပြန်ပေါက်၍ ကြီးထွားလာရန် နှစ်ပေါင်းများစွာ စောင့်ဆိုင်းရသဖြင့် တောင်ယာမီးကို တောမီးအဖြစ်မကူးစက်သွားစေရန် အထူးသတိပြုကြရလေသည်။

တောင်ယာမီးရှို့ရှင်းလင်းပြီးနောက် မိုးတစ်ပြိုက်၊ နှစ်ပြိုက်ရွာပြီးသောအခါ မြေလည်းပွလာလေသည်။ ထိုအခါ မြေကြီးကို စူး၊ ပေါက်တူး၊ တူရွင်းများနှင့် တူးဆွပြီး မျိုးစေ့များကို မြုပ်နှံသွားခြင်းဖြင့် စိုက်ပျိုးကြသည်။ အရှိုချင်းတိုင်းရင်းသားတို့သည် မျိုးစေ့များကို မြေသို့မချမီ သီးနှံဖွံ့ဖြိုးရေး အတွက်ဟုဆိုကာ ကြက်၊ ဝက်များကို သတ်ပြီး ယစ်ပူဇော်ကြသည်။ ဤသို့ သီးနှံဖွံ့ဖြိုးရေးအတွက် ပူဇော်ပသမှုများကို ယခုတိုင်တွေ့ရသော် လည်း တောင်ယာမီးရှို့စိုက်ပျိုးခြင်း ဓလေ့မှာ မတွေ့ရတော့ပေ။

ယခုအခါ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြပြီး စပါးကို အဓိကစိုက်ပျိုးသည်။ ထို့ပြင် မြေပဲ၊ ဝါ၊ ပဲကြီး၊ ပဲမျိုးစုံ၊ ပဲနောက်၊ ပဲစဉ်းငုံ များစိုက်ပျိုးကြသည်။ အဓိကအားဖြင့် စပါးကို [၁]အစိုစိုက်ပျိုးခြင်း ဖြစ်သည်။ ရှေးအခါက တစ်နှစ်လျှင် တစ်သီးသာ စိုက်ပျိုးသော်လည်း ယခုအခါ သီးထပ်၊ သီးညှပ်များလည်း စိုက်ပျိုးကြသည်။ လယ်ယာများ စိုက်ပျိုးသောအခါ လယ်သမားကြီးနှစ်ဦး (သို့မဟုတ်) သုံးဦး စုပေါင်းပြီး စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းများကို လက်စားလိုက်စနစ်ဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီလုပ်ကိုင်ပေးခြင်းများကို ယခုတိုင် တွေ့ရှိရပါသည်။

စိုက်ပျိုးသော မျိုးစေ့မှ အပင်များပေါက်လာ၍ တစ်ထွာခန့်အမြင့်သို့ ရောက်ရှိလာသောအခါ ပေါင်းနှုတ်ကြသည်။ ပေါင်းသင်ခြင်းကိုလည်း အိမ်ရှိလူကုန်ထွက်၍ စုပေါင်းလုပ်ကြပြီး အပင်များပွင့်လာချိန်အထိ တိရစ္ဆာန်ဘေးမှ ကာကွယ်ရန် အမြဲစောင့်ရှောက်ကြရသည်။ အချို့လယ်ယာများတွင် စာခြောက်ရုပ်များကို ချိတ်ဆွဲထားပြီး ကျေးငှက်၊ တိရစ္ဆာန်များကို ခြောက်လှန့်ကြသည်။ စိုက်ပျိုးထားသော သီးနှံများကို စက်တင်ဘာနှင့် နိုဝင်ဘာလများတွင် ရိတ်သိမ်း၍ နယ်ပြီးသောအခါ နေအိမ်ဝင်းအတွင်းရှိ ကျီများ၊ ပုတ်များဖြင့် သိမ်းဆည်းကြသည်။

အရှိုချင်းတိုင်းရင်းသားများသည် မိမိတို့လုပ်ခင်းကိုင်ခင်းထဲမှ စပါးများကို ရိတ်သိမ်းပြီး၍ တလင်းထဲသို့ သွင်းချိန်ရောက်တိုင်း တောင်ယာ (သို့မဟုတ်) လယ်ထဲတွင် ခေါင်တစ်အိုးနှင့်

---

[၁] Wet-rice cultivation

ကြက်တစ်ကောင်ကို ချက်ပြုတ်ကာ သေလွန်ပြီးသော အဘိုး၊ အဘွားများ (သို့မဟုတ်) အမိအဖများကို ပင့်ဖိတ်၍ ကျွေးမွေးပူဇော်လေ့ရှိကြလေသည်။ ထိုသို့ နှစ်စဉ်၊ နှစ်တိုင်း ပြုလုပ်ရခြင်းမှာ မိမိခန့်မှန်းထားသော သီးနှံထက် ပိုမိုထွက်စေရန်ဖြစ်သည်။

အချို့သော အရှိချင်းတိုင်းရင်းသားများသည် ထိုဓလေ့ကို အခြေပြု၍ ခေါင်နှင့်ကြက်ပူဇော် ကန်တော့ရုံတွင်သာမက မိမိတို့၏ ကျီထဲသို့ ထည့်ပြီးသော သီးနှံစပါးများထဲတွင် သီးနှံများတိုး သည့် အထိမ်းအမှတ်ဖြင့် ကျောက်ခဲသုံးလုံး ထည့်ထားလေ့ရှိကြပေသေးသည်။ ထိုကဲ့သို့ စပါးကျီထဲတွင် ကျောက်ခဲသုံးလုံးထည့်ထားသည်ကို အရှိချင်းဘာသာစကားဖြင့် "ပွတ်ကလိုင်လုံ" ဟုခေါ်ဆို လေသည်။

ဤကဲ့သို့ ကျီထဲတွင် ကျောက်ခဲသုံးလုံးထည့်ခြင်းနှင့် ဤပုန်းမကြည် ကျောက်ခဲကို (၉၆) ပါး အနာရောဂါကင်းစေရန် အိမ်များ၏ တံခါးဝတွင် ဆွဲထားလေ့ရှိခြင်းဓလေ့ကို ယခုတိုင်အောင်ပင် ကျင့်သုံးလျက်ရှိကြောင်းတွေ့ရှိရပါသည်။

ယခုအခါတွင် တစ်ဦးလျှင် အများဆုံးလယ်ဧက (၂၀) ထိစိုက်ပျိုးနိုင်ကြပြီး၊ အနည်းဆုံး (၂) ဧက၊ (၃) ဧက စပါးစိုက်ပျိုးကြသည်။ ကိုင်းစိုက်ပျိုးရေးလုပ်ငန်းကိုလည်း ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိချင်းတိုင်းရင်းသားများသည် ရှေးယခင်မှ ယခုတိုင် စိုက်ပျိုးလုပ်ကိုင်လေ့ရှိနေကြောင်း တွေ့ရပါသည်။ အထူးသဖြင့် ပဲကြီးချင်းရွာတွင် ကိုင်းမြေများကို အဓိကထားကာ စိုက်ပျိုးလုပ်ကိုင်ကြသည်။

ကိုင်းစိုက်ပျိုးရေးဆိုသည်မှာ မြစ်ရေဝင်သော နေရာများ၌ ရေကျချိန်တွင် မြေကို ပြုပြင်ဖန်တီး၍ စိုက်ပျိုးခြင်းဖြစ်သည်။ တော်သလင်းလလောက်တွင် မြစ်ရေများကျသွားသောအခါ မြစ်ကမ်းတစ်ဖက်တစ်ချက်တွင် မြေနုများပေါ်လာသည်။ ယင်းမြေများကို ကိုင်းကျွန်းဟုခေါ်သည်။ ကိုင်းကျွန်းများတွင် မြေပဲကို အဓိကစိုက်သည်။ မြေပဲနှင့်အတူ သီးညှပ်များမှာ ပြောင်းဖူးပင်၊ ကြက်သွန်နှင့် အခြားဟင်းသီးဟင်းရွက်များဖြစ်သည်။ အိမ်ထောင်စုရှိ မိန်းမများသည် နံနက်မိုးလင်းလျှင်လင်းချင်း မြေပဲခင်းသို့ လုပ်ငန်းဝင်ကြရသည်။ တစ်နံနက်လုံး ပေါင်းသင်ခြင်း၊ ဖျက်ဆီးတတ်သည့် ပိုးမွှားတိရစ္ဆာန်များ ကာကွယ်ခြင်း လုပ်ကိုင်ကြရသည်။

အရှိုချင်းတိုင်းရင်းသားများသည် ဥယျာဉ်ခြံစိုက်ပျိုးရေးကို ရှေးအခါက လုပ်ကိုင်ခြင်းမရှိချေ။ ဆန်စပါးကိုသာ အဓိကစီးပွားဖြစ် စိုက်ပျိုးကြသည်။ ယာခုတ်ပြီး ရေကြည်ရာ မျက်နုရာပြောင်းရွှေ့ ပြီးနေလေ့ရှိကြသည်။

ယခုအခါတွင် အတည်တကျ နေထိုင်တတ်လာကြသည်။ ဥယျာဉ်ခြံစိုက်ပျိုးခြင်းကိုလည်း တစ်နိုင်စိုက်ပျိုးရေးအဖြစ် မိသားစု စီးပွားရေး အဆင်ပြေစေရန် အနည်းငယ်လုပ်ကိုင်လာကြသည်။ စိုက်ပျိုးသည့် သီးနှံများမှာ ရှောက်ချို၊ သံပုရာ၊ သံပုယို၊ မန်ကျည်း၊ သရက်၊ ဒီး၊ ကွမ်းသီးနှင့် ကွမ်းရွက်ပင်များ ကို စီးပွားဖြစ်မဟုတ်သော်လည်း တစ်နိုင် ဥယျာဉ်ခြံစိုက်ပျိုးခြင်းကို လုပ်ကိုင်လာ ကြသည်။

## (ခ) မွေးမြူရေး

ရှေးအခါက အရှိုချင်းတိုင်းရင်းသားများ၏ တိရစ္ဆာန်မွေးမြူခြင်းမှာ ဓလေ့ထုံးစံတစ်ခုဖြစ်သော ယစ်ပူဇော်မှုနှင့် အသားစားရန် အဓိကမွေးမြူခြင်းဖြစ်သည်။ ယခုအခါတွင် ခရစ်ယာန်ဘာသာဝင် များသည်လည်း လူမှုရေးကိစ္စများအတွက် မွေးမြူကြသည်ပင်ဖြစ်သည်။ မွေးမြူသော တိရစ္ဆာန်များမှာ နွား၊ ဝက်၊ ကြက်၊ ဘဲနှင့် ခွေးများမွေးမြူကြသည်။ ယခုအခါ ကျွဲနှင့်နွားများကို ထွန်ယက်စိုက် ပျိုးရာတွင် အသုံးပြုကြသည်။ ရှေးအခါက ကျွဲ၊ နွားများကို ဝန်တင်ရာတွင် အသုံးမပြုသော်လည်း ယခုအခါ ဝန်တင်ရန်အတွက်နှင့် ယစ်ပူဇော်ရန်အတွက် လည်းကောင်း၊ ရိုးရာပွဲလမ်းသဘင်များတွင် သတ်စားရန်အတွက်လည်းကောင်း မွေးမြူကြသည်။ မွေးဘက်ပေးခြင်း (နွားမတစ်ကောင်အား မွေးဘက်ပေးခြင်းမှာ မွေးလာသော သားပေါက်များကို ငွေရင်းစိုက်သူနှင့် ကျွေးထားသူ တလှည့်စီ ယူခြင်း) ဖြင့် ကျွဲ၊ နွားများကို မွေးမြူကြသည်။

ယစ်ပူဇော်ပွဲ၊ မင်္ဂလာဆောင်ပွဲ၊ အသုဘအခမ်းအနားများနှင့် အခြားလူမှုရေးဆိုင်ရာ ပွဲများတွင် ဝက်ကိုလည်း အသုံးပြုကြသည်။ ဝက်ကို ဆင်းရဲချမ်းသာမရွေး မွေးမြူကြသဖြင့် အိမ်တိုင်းတွင် ဝက်ကျင်းများရှိသည်။ ယခုအခါ ဝက်မကြီးကို မွေးပြီး သားပေါက်ကလေးများ ရောင်းစားကာ မိသားစုအပိုဝင်ငွေရရန် စီးပွားဖြစ် မွေးမြူလာကြသည်။ ဝက်စာအဖြစ် တောငှက်ပျောပင်များ၊ အခြားသစ်ဥ၊ သစ်ဖုများနှင့် ခေါင်ရည်စီမံဖက်များကို အသုံးပြုသည်။

ယစ်ပူဇော်ရန်နှင့် ဓလေ့ထုံးစံပွဲများအတွက် အပြစ်အနာအဆာကင်းသော ဝက်များကို ရွေးချယ်လေ့ရှိသည်။

ကြက်များကိုလည်း အိမ်တိုင်းတွင် မွေးမြူ၍ ယစ်ပူဇော်ရာတွင် အသုံးပြုသည်။ ယခုအခါ မွေးမြူသော ကြက်များကို တစ်နိုင်မွေးမြူကြသည်။ အစာကျွေးမွေးစောင့်ရှောက်မှု များကို မိသားစုဝိုင်းဝန်းလုပ်ကိုင်ကြသည်။

ကြက်နှင့်ဝက်ကို သံလယ်ကြီးချင်းရွာများတွင် အိမ်တိုင်းလိုလို မွေးမြူကြရာ တစ်ဦးလျှင် အနည်းဆုံး ဝက်မကြီး (၁) ကောင်နှင့် ဝက်သားပေါက် (၅) ကောင်၊ ကြက်မ (၂) ကောင်၊ ကြက်ဖ (၁) ကောင်နှင့် ကြက်သားပေါက် (၁၀) ကောင်မွေးမြူကြပြီး တစ်ဦးလျှင် အများဆုံး ဝက်မကြီး (၃) ကောင်၊ ဝက်ထီး (၁) ကောင်၊ ဝက်သားပေါက် (၁၀) ကောင်၊ ကြက်မ (၅) ကောင်၊ ကြက်ဖ (၁) ကောင်၊ ကြက်ကလေး အကောင် (၃၀) ပျမ်းမျှအားဖြင့် မွေးမြူကြောင်း တွေ့ရသည်။ နွားများကို လယ်ယာလုပ်ငန်းအတွက်သာ အဓိကမွေးမြူကြပြီး အများဆုံး နွားထီး (၃) ရှဉ်း (၆) ကောင်၊ နွားမ (၂) ကောင်၊ နွားပေါက်ကလေး (၂) ကောင်မွေးမြူကြပြီး၊ အနည်းဆုံးနွားထီး (၂) ကောင်ကို မိမိတို့လယ်ယာလုပ်ငန်း အသုံးပြုရန်နှင့် ချောင်းများမှ ရေများသယ်ယူကြရန် နွားများကို အသုံးပြုကြသည်။ သို့ဖြစ်၍ အရှိုချင်းများ၏ မွေးမြူရေးမှာ အကြီးအကျယ် စီးပွားဖြစ် မွေးမြူခြင်း မဟုတ်ဘဲ မိသားစုတစ်နိုင် မွေးမြူခြင်းမျှသာဖြစ်ကြောင်း တွေ့ရှိရပါသည်။

ခွေးများကို အမဲလိုက်သည့်အခါ အသုံးပြုရန် ယစ်ပူဇော်ရန်နှင့် ဓလေ့ထုံးစံပွဲများအတွက် မွေးမြူကြသည်။ တောင်ယာစောင့်ရာတွင်လည်းကောင်း၊ အမဲလိုက်ရာတွင်လည်းကောင်း ချင်းခွေး များသည် များစွာ အသုံးဝင်ကြသည်။ ဝေးလံသော တောတောင်ခရီးများကို လူနှင့် အတူ လိုက်ပါနိုင်စွမ်းရှိပြီး သခင်ဖြစ်သူ မျက်စိလည် လမ်းမှားနေပါက ခွေးများက ရွာလမ်းကို ရှာဖွေပြနိုင်ကြသည်။ ယခုအခါ ခွေးများကို ရိုးရာထိန်းသိမ်းရုံလောက်သာ မွေးမြူကြတော့သည်။ ခွေးများနှင့် အမဲလိုက် ခြင်းမှာကား ပျောက်ကွယ်သလောက်ပင်ဖြစ်သည်။

ရှေးအခါက အရှိုချင်းတိုင်းရင်းသားများသည် အိုးအိမ် အတည်တကျမရှိဘဲ စိုက်ပျိုးရေး အတွက် မြေသြဇာကောင်းမည့်နေရာနှင့် မွေးမြူသော တိရစ္ဆာန်များအတွက် စားကျက်များ ပြောင်းရသည့်အခါတိုင်းနေရာပြောင်းရွှေ့နေရကြောင်း၊ မွေးမြူသောတိရစ္ဆာန်များမှာလည်း အသားစားရန်နှင့်

ယစ်ပူဇော်ရန် အဓိကမွေးမြူကြကြောင်း၊ သံလယ်ကြီးကျေးရွာနေ အရှိုချင်းစာပေ ဥက္ကဋ္ဌ၊ ပုဇ္ဈာန်းဆရာကြီး ဖုံဂျီဆိုင်၏ ပြောကြားချက်အရ သိရှိရသဖြင့် [၁]**တန်းနိမ့်စိုက်ပျိုးရေးနှင့်မွေးမြူရေး** ပေါ်တွင် မူတည်သော [၂] **တန်းနိမ့်ကုန်ထုတ်လုပ်သောစီးပွားရေးစနစ်** ဟု ဆိုနိုင်ပါသည်။ နောက်ပိုင်းတွင် တဖြည်းဖြည်း တိုးတက်လာကြပြီး ယခုအခါ နေရာအတည်တကျ နေထိုင်လာကြသည်။ တိရစ္ဆာန်များကို အသားစားရန်နှင့် ယစ်ပူဇော်ရန်သာမက ပိုလျှံသော အသားများကို မိမိတို့လိုအပ်သောပစ္စည်းများနှင့် [၃]**ပစ္စည်းချင်းလဲလှယ်ခြင်း** ရောင်းဝယ်ခြင်းအတွက် အဓိကမွေးမြူလာကြသည်။ တိရစ္ဆာန်များ ပို၍မွေးမြူနိုင်လေ ပို၍ကြွယ်ဝချမ်းသာလေဖြစ်သည်။ ထို့ကြောင့် တဖြည်းဖြည်း စီးပွားရေးလုပ်ငန်းများ တိုးတက်လာရာ [၄]**တန်းမြင့်စိုက်ပျိုးရေးနှင့်မွေးမြူရေး** ပေါ်မူတည်၍ [၅]**တန်းမြင့်ကုန်ထုတ်လုပ်သော စီးပွားရေးစနစ်** သို့ရောက်ရှိလာကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဂ) အမဲလိုက်ခြင်း**

အမဲလိုက်ခြင်းကို ပန်းတောင်းကြီးမြို့နယ် အတွင်းရှိ အရှိုချင်းအမျိုးသားများက ဝါသနာပါကြ အထူးတလည် ကျွမ်းကျင်ကြသည်။ ဂုဏ်လည်းယူသည်။ အမဲလိုက်သော သားကောင်များရသောအခါ အိမ်မွေးတိရစ္ဆာန်များကို သတ်၍ ယစ်ပူဇော်ရပြီး ရပ်ရွာလူများကို ဖိတ်ခေါ်ကျွေးမွေးရသည်။ ခေါင်ရည်နှင့် ရိုးရာအကများဖြင့်လည်း ဧည့်ခံရသည်။ ဤကား အလှူဒါနပြုခြင်းပင်ဖြစ်သည်။

ရှေးအခါ အရှိုချင်းအမျိုးသားများ အမဲလိုက်ထွက်လျှင် ပထမဦးစွာ ကြက်တစ်ကောင်၊ ခေါင်တစ်လုံးနှင့် တောပိုင်၊ တောင်ပိုင် အရှင်ကို ပုဇ္ဈာန်းဆရာက တောပစ်ခွင့်ပေးရန် ခွင့်တောင်ပြီးမှ တောလိုက်ကြရသည်။ ၄င်းကို အရှိုချင်းဘာသာစကားဖြင့် "မဆူးပေါန်ဗျန်း " ဟုခေါ်သည်။ ဤသို့ပူဇော်အပြီးတွင် ကြက်ကို အကုန်စားရသည်။ ခေါင်ရည်ကိုလည်း အကုန်သောက်ရသည်။

---

၁ Simple agriculture and domestication of animals

၂ Simple food producing economic system

၃ Barter system

၄ Advanced agriculture and domestiction of animals

၅ Advanced food producing economic system

မကုန်ဘဲ ကျန်နေလျှင်လည်း တင်ထားခဲ့ပြီး ပုဏ္ဏားဆရာက အိုးခွက်များ ယူပြီး ရွာသို့ ပြန်ရသည်။ ဤသို့တင်မြှောက်ကာ ခွင့်တောင်းပြီးမှ မုဆိုးသည် လေးနှင့်မြှားကို ထမ်းကာ တောထဲသို့ တောလိုက်လေသည်။ ပထမဦးစွာ ရှဉ့်တစ်ကောင်ကို ရအောင် တောလိုက်ပြီး တောပိုင်၊ တောင်ပိုင်ကို ဆုတောင်းရသည်။ ဤသည်မှာ လက်တည့်စမ်းသည့် သဘောပင်ဖြစ်သည်။ တောပိုင်၊ တောင်ပိုင်က သဘောကျလျှင် တောကောင်များများရသည်ဟု ယူဆသောကြောင့်ဖြစ်သည်။

အရှိုချင်းအမျိုးသားတိုင်း တန်ဘိုးထားသော ပစ္စည်းမှာ အမဲပစ်ရန် လက်နက်ကောင်းတစ်ခုဖြစ်သည်။ ရှေးက ဒူးလေး၊ ဓါးလှံ၊ တူမီး၊ သေနတ်များကို သုံးစွဲကြသည်။ မြှားကို အဆိပ်လူးပြီး အမဲလိုက်ကြသည်။ မြှားထိပ်တွင် သုတ်ထားသော အဆိပ်ကို အနောက်ရိုးမပေါ်ရှိ သစ်ပင်ကြီးများရရှိသည်။ ထိုအဆိပ်လူးထားသော မြှားဖြင့်သားကောင်အား ထိခိုက်မိပါက မြှားဆိပ်နှင့်သေလေသည်။

ဤသို့သားကောင်ရလျှင် အမဲရ အောင်ပွဲကို အိမ်တွင်ပြုလုပ်ကာ အခြားမုဆိုးများကို လှည့်ဖိတ်၍ ခွဲဝေစားခြင်းမျိုးဖြစ်သည်။ "မဆူပီယိုးလူလူဇိုး " ခေါ် အမဲရအောင်ပွဲ များကို များများကျင်းပနိုင်သူသည် ဂုဏ်သရေပို၍ တိုးတက်လာသည်။ အမဲလိုက်ခြင်းမှာ ယောကျာ်းပီသမှု၊ သူရသတ္တိ ရှိမှုကိုပြသသော ဆောင်ရွက်မှုတစ်ခုဖြစ်သည် ဟု အရှိုချင်းအမျိုးသားတို့က ယူဆကြသည်။ အမဲလိုက်ခြင်းသည် အုပ်ချုပ်ရေးတွင်လည်း အရေးပါသည်။ မျိုးရိုးနွယ်အကြီးအကဲများ၊ ရွာပိုင်သူကြီး၊ တောင်ပိုင်သူကြီး များနှင့် ဆယ်အိမ်ခေါင်း စသည်တို့သည် ရွာမှုကိစ္စများကို ထမ်းဆောင်ရာ၌ အမဲပစ်တော်လျှင်တော်သလို အများ၏ ရိုသေလေးစားမှုကို ခံယူကြရသဖြင့် စီမံအုပ်ချုပ်မှုတွင် အောင်မြင်သည်။ ထို့ကြောင့် အရှိုချင်းယောကျာ်းလေးများသည် ငါးနှစ်၊ ခြောက်နှစ် အရွယ်မှစ၍ လေးဂွ၊ လောက်လေး၊ မြှား၊ ကျောက်ခဲ၊ တုတ် စသော လက်နက်များဖြင့် ငှက်၊ ရှဉ့်၊ ပုတ်သင်ညို၊ ပွူး စသော သတ္တဝါငယ်ကလေးများကို လက်တည့်စမ်းလေ့ရှိကြပြီး ကိုးနှစ်၊ ဆယ်နှစ်အရွယ်တွင် အတော်အတန် ကျွမ်းကျင်သော မုဆိုးလောင်းလေးများ ဖြစ်လာကြသည်။

ရှေးအခါက အရှိုချင်းအိမ်တစ်အိမ်ကို ကြည့်ပါက အမဲလိုက်ထားသော သားကောင်များ၏ ဦးခေါင်းများ၊ ယစ်ပူဇော်ထားသော တိရစ္ဆာန်ခေါင်းများ၊ ဓလေ့ထုံးစံပွဲကြီးများတွင် သတ်ခဲ့သော နွားခေါင်းများ ချိတ်ဆွဲထားသည်ကို တွေ့နိုင်သည်။ ကိုင်ဆောင်သော လက်နက်များကိုလည်း အမြတ်တနိုး ချိတ်ဆွဲထားကြသည်။ အမဲကောင်များ၏ ဦးခေါင်းများနှင့် ဦးချိုများ၏ အရေအတွက်

အမျိုးအစားကိုလိုက်၍ ရပ်ရွာတွင် အိမ်ရှင်ယောကျာ်း၏ ဩဇာတိက္ကမ မည်ရွေ့မည်မျှ ရှိသည်ကို ခန့်မှန်းနိုင်သည်။

အမဲလိုက်နည်း (၃) မျိုးရှိသည်။ ယင်းတို့မှာ –

(၁) တောခြောက်၍အမဲလိုက်ခြင်း

(၂) ချောင်း၍ပစ်ခတ်ခြင်း

(၃) ထောင်ခြောက်ဖြင့်ဖမ်းခြင်းတို့ဖြစ်သည်။

(၁) ရှေးအခါက အရှိုချင်းတိုင်းရင်းသားများသည် **တောခြောက်၍အမဲလိုက်ခြင်း** မျိုးကို တောင်ယာ လုပ်ငန်းပြီးချိန်များတွင် ရွာလုံးကျွတ်ပါဝင်၍ ပြုလုပ်ကြသည်။ မိုးကုန်၍ စိုက်ပျိုးရေး လုပ်ငန်းများ ပြီးဆုံးသောအခါ ရွာတွင် အတွေ့အကြုံရှိသော မုဆိုးကြီးများက ဦးဆောင်၍ စီစဉ်ပေးသည်။ အဖွဲ့တစ်ဖွဲ့တွင် ဦးရေ (၂၀) ထက်မနည်း ဖွဲ့စည်းပြီး တစ်ပတ်မှ နှစ်ပတ်ကြာမျှ တောထွက်၍ လိုက်ကြသည်။ တောခြောက်၍ အမဲလိုက် သောပွဲကြီးများကို အနီးအနားရှိ ရွာသုံးလေးရွာ စုပေါင်း၍လည်း ပြုလုပ်တတ်ကြ သည်။ တောကောင်တို့သွားရာလမ်း၊ ခိုအောင်းရာ နေရာများကိုသိသော မုဆိုးဟောင်း ကြီးများ လိုက်ပါလာကြပြီး ရွာရှိ ခွေးများလည်း ကူညီကာ တောခြောက်ပေးသည့် အပြင် လူငယ်များနှင့် အမျိုးသမီးများလည်း ကူညီကာ တောခြောက်ပေးလေ့ရှိပါ သည်။

(၂) **ချောင်း၍ အမဲပစ်နည်း** မှာ ခြုံခို၍ဖြစ်စေ၊ သစ်ပင်မြင့်ပေါ်မှ စောင့်ချောင်း၍ ဖြစ်စေ၊ ပစ်ခတ်ခြင်းဖြစ်သည်။ အထူးသဖြင့် တောင်ယာမီးရှို့ပြီးချိန်၌ အငန်ဓါတ် ပါသော မီးလောင်ပြာကို လာ၍ လျက်ကြသော သားကောင်များကို ချောင်းမြောင်း ပစ်ခတ်လေ့ရှိသည်။

(၃) **ထောင်ခြောက်ဖြင့်ဖမ်းခြင်း** တွင် ကျော့ကွင်း၊ ညှတ်ကွင်းများနှင့် ထောင်ခြင်း၊ ပိုက်ကွန်များနှင့်ထောင်ခြင်း၊ သစ်တုံးနှင့်ထောင်ခြင်း၊ ကြီးမားသော ကျင်းများတူး၍ ထောင်ခြင်း စသည်ဖြင့် နည်းအမျိုးမျိုးကို အသုံးပြုသည်။ ကျင်းနှင့်ထောင်နည်းသည် အိမ်မွေးတိရစ္ဆာန်များနှင့် တောတွင်းခရီးသွားလာသူများအား အန္တရာယ်ဖြစ်စေနိုင်

သဖြင့် လိုက်နာရန် စည်းကမ်းများပြုလုပ်ထားသည်။ အမဲထောင်ခြင်းကို မည်သည့်နေရာတွင်မဆို အချိန်မရွေးလွတ်လပ်စွာ လုပ်နိုင်သည်။ သို့သော် အန္တရာယ်များသောထောင်ခြောက်များကို ထောင်လိုပါက မိမိရွာပိုင်နယ်နိမိတ်အတွင်း တောထဲ၌သာထောင်ကြရပြီး ထောင်ခြောက်ထားကြောင်းကိုလည်း ရွာသူရွာသားများအား အသိပေးရသည်။

အမဲလိုက်သည့်အခါ –

(ကက) အများအကျိုးစီးပွားကို မထိခိုက်စေရန်နှင့်ထုံးစံအရရသင့်သူများကိုပေးခြင်းနှင့်

(ခခ) အမဲပစ်သူ၏ ပုဂ္ဂလိကဆိုင်ရာ လိုက်နာရမည့်ဓလေ့ထုံးစံများ ဟူ၍ စည်းကမ်းနှစ်မျိုးရှိသည်။

(ကက) ရှောင်ရှားရမည့်စည်းကမ်းမှာ "ဆော်ဒွန်းစကျတ်" ခေါ် ကျွဲ၊ နွား တိရစ္ဆာန် များ၏ စားကျက်များတွင် ထောင်ခြောက်များမထောင်ရခြင်း၊ တောင်ယာလုပ်ချိန်တွင် တောင်ယာထဲ၌ လည်းကောင်း၊ ခြံဥယျာဉ်များ တွင်လည်းကောင်း၊ ထင်းခွေ၊ သစ်ခုတ်သော တောများ တွင်လည်းကောင်း ထောင်ခြောက်မထောင်ရခြင်းပင်ဖြစ်သည်။

ရှေးရိုးအစဉ်အလာအရ ပေးသင့်သူများသို့ ပေးရသော စည်းကမ်းကို အရှိုချင်းဘာ သာစကားဖြင့် "အေဖူ"ဟုခေါ်သည်။ အမဲလိုက်သူ အမဲရလာ သောအခါ အမဲကောင်၏ ပေါင်ကို ရွာပိုင်သူကြီး ကိုပေးရသည်။ ချောင်းပိုင်သူကြီးကို တင်ပဆုံ နှင့် နယ်ပိုင် သူကြီးကို လက်နှစ်ဖက်၊ တောင်ပိုင်သူကြီးကို လည်ပင်းပေးရသည်။ လက်တွေ့အား ဖြင့်ကား စုပေါင်း၍ တောခြောက်အမဲလိုက်ခြင်းဖြစ်ပါမူ ရသောအမဲကိုတောခြောက် အမဲလိုက်ရာတွင် ပါဝင်သူအားလုံးညီတူညီမျှ ခွဲဝေစားသုံးကြသည်က များသဖြင့် ပြဿနာမဖြစ်ချေ။

(ခခ) အမဲပစ်သူ၏ ပုဂ္ဂလိကဆိုင်ရာ လိုက်နာရမည့်စည်းကမ်းမှာ အမဲကောင်ကို မိမိမပစ်ဘဲ ပစ်သည်ဟု မလိမ်ညာရပေ။ ထို့ကြောင့် တစ်ဦးချင်း ချောင်းမြောင်း ပစ်သော သားကောင်နှင့် ပတ်သက်၍ ပြဿနာမပေါ်သော်လည်း စုပေါင်း

အမဲပစ်လျှင် မည်သူမည်ဝါ ပစ်သည်ကို တိကျစွာဖော်ထုတ်ရေး၌ ပြဿနာဖြစ်တတ်သည်။

အမဲကောင်ကို ဝိုင်းဝန်း သတ်ဖြတ် ပစ်ခတ်ကြသည့်အခါ မည်သူ၏လက်နက်ဖြင့် အမဲကောင်ကို ပထမဦးစွာထိပြီး သွေးထွက်သည်ကိုလည်း သေချာစွာ လေ့လာထား ရလေသည်။ အထူးသဖြင့် အငြင်းပွားခဲ့သော် ဗဟုသုတ ကြွယ်ဝသော မုဆိုးဟောင်းကြီးများ၊ ရွာကောင်စီဝင်များနှင့် မျက်မြင်သက်သေများ အားလုံးတို့က စုံစမ်းစစ်ဆေးရသည်။ ဤသို့မှ စစ်ဆေး၍ မရလျှင် အသက်ကြီးသူအား ဦးစားပေးလေ့ရှိသည်။ သဘောမှာ အသက်ငယ်သူများသည် နောက်ထပ် အမဲလိုက်နိုင်ရန် အချိန်နှင့်အခွင့် အလမ်းများရှိသေးသည်။ အသက်ကြီးသူအဖို့ အချိန်နှောင်းလာသဖြင့် ရသော အခွင့်ကို ရထိုက်သည်ဟု ဆိုလိုသည်။ သားကောင်ကို ပစ်နိုင်သူမှာ အမဲကောင်၏ ဦးခေါင်းပိုင်းကို သီးသန့်ရသည်။ ထို့ပြင် အမဲလိုက်ခြင်းဆိုင်ရာ အောင်ပွဲကြီးများ နှင့် ဂုဏ်ပြုခြင်းကိုလည်း ခံရသည်။ မုဆိုးကို အောင်မြင်မှုအနေနှင့် မုဆိုး အသက်ရှည်စေရန် အရှည်တစ်လံလောက်ရှိသည့် အဖြူရောင်ချည်မျှင်နှင့် မုဆိုး၏ လက်ယာလက်ကို ချည်မျှင်အရှည်ဆုံးသည်အထိ ပတ်နိုင်သလောက် ပတ်ပေးရသည်။ ဤသို့ပတ်ရာတွင် အရေအတွက်မှာ စုံမဖြစ်စေရပေ။ မဂဏန်းအရေအတွက်သာဖြစ်ရမည်။

ယခုအခါတွင်လည်း ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းများသည် နွေရာသီ တောင်ယာအားလပ်ချိန်များတွင် (၄) ယောက် တစ်ဖွဲ့၊ (၅) ယောက်တစ်ဖွဲ့ တောလိုက်လေ့ရှိကြသည်။ ရလာသော တောကောင်များကို အညီအမျှခွဲဝေယူကြပြီး အိမ်တွင်စားသုံးရန်နှင့် ပိုသောအသားများကို ပြန်ရောင်းကြသည်။ ထို့ပြင် ရရှိသော သားကောင်တို့၏ ဦးချို၊ သားရေ၊ အမွေးတို့ကို မိမိတို့အိမ်တွင် အမြတ်တနိုးချိတ်ဆွဲထားတတ်ကြသည်။

ဤသို့စုပေါင်း အမဲလိုက်ကြခြင်း၊ ရရှိသော အသားများကိုလည်း အညီအမျှ ခွဲဝေယူကြခြင်း၊ အမဲလိုက်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များကို စနစ်တကျ လိုက်နာကျင့်သုံးခြင်းတို့ကြောင့် အရှိုချင်းအဖွဲ့အစည်းမှာ စည်းလုံးညီညွတ်စွာဖြင့် လုပ်ကိုင်စားသောက်နေထိုင် ကြကြောင်း လေ့လာရပါသည်။

### (ဃ) ငါးမျှားခြင်း

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းလူမျိုးများသည် ငါးဖမ်းခြင်း၊ ငါးမျှားခြင်းကို အမဲလိုက်ခြင်းလောက် အရေးမထားကြချေ။ ပန်းတောင်းမြို့နယ် အတွင်းရှိ ဂုံညှင်းတန်းကျေးရွာတွင် အိုဇာချောင်း၊ ပဲကြီးရွာအနီး သူရဲတန်းချောင်း၊ သံလယ်ကြီးရွာအနီး သနီချောင်းများတွင် နွေရာသီ အားလပ်ရက်များ၌ ငါးဖမ်းထွက်ကြသည်။

ရှေးယခင်ကတည်းက ငါးဖမ်းခြင်းကို တစ်ဦးချင်းအနေဖြင့်လည်းကောင်း၊ အစုအဝေးနှင့်လည်းကောင်း ပြုလုပ်ကြသည် အရှိုချင်းအမျိုးသားများသည် နှစ်စဉ်စုပေါင်းငါးဖမ်းထွက်ခြင်းများ ပြုလုပ်လေ့ရှိကြပါသည်။

တစ်ဦးချင်းငါးဖမ်းရာတွင် "ခါလန်ဒန်" ခေါ် ငါးမျှားတံနှင့် ဖမ်းကြပြီး (၄) ယောက်အုပ်စု၊ (၅) ယောက်အုပ်စုဖြင့် ငါးဖမ်းရာတွင် "အဖါ"ခေါ် ယက်သုံနှင့် ဖမ်းခြင်း၊ "အဝါ"ခေါ် ကွန်နှင့်ဖမ်းခြင်း၊ "မောင်ခွန်း "ခေါ် မြှုံနှင့် ဖမ်းခြင်းများ ပြုလုပ်ကြသည်။ အလွန်မိုးများသည့် လများမှ လွဲ၍ ချောင်းအတွင်း မြှုံးထောင်ထားခြင်းများကို တွေ့နိုင်ပါသည်။

ယခုအချိန်အထိ စုပေါင်း ငါးဖမ်းခြင်း ပြုလုပ်ကာ အညီအမျှ ခွဲဝေယူပြီး အိမ်တွင်စားသုံးရန်နှင့် ပိုလျှံပါက ပြန်လည်ရောင်းချကြသည်။ ငါးဖမ်းနည်းများမှာလည်း ယနေ့တိုင်တွေ့မြင်နိုင်ပါသည်။

### (င) လက်မှုလုပ်ငန်း

အရှိုချင်းတိုင်းရင်းသား တို့အတွက် ဂုဏ်ယူစရာ လက်မှုလုပ်ငန်းတစ်ရပ်မှာ ဂျပ်ခုတ်လုပ်ငန်းဖြစ်သည်။ ရိုးရာအင်္ကျီ၊ လုံချည်ယက်လုပ်ခြင်း၊ ချင်းစောင်ယက်လုပ်ခြင်း တို့ဖြစ်သည်။ ရှေးယခင်က ဂျပ်ခုတ်ယက်လုပ်ခြင်းမှာ မိမိတို့မိသားစုဝင်များအတွက်သာ ယက်လုပ်ဝတ်ဆင်ခြင်း၊ အခမ်းအနား များအတွက် လက်ဆောင်ပေးရန် ယက်လုပ်ခြင်းလောက်သာ ပြုလုပ်ခဲ့ကြသည်။

ယခုအခါ ဂျပ်ခုတ်စောင်ပြုလုပ်ရာတွင် ဝါစေ့ထုတ်ပြီး ဝါကြိတ်စက်ဖြင့် ကြိတ်ရသည်။ ပြီးလျှင် ဗိုင်းတောင့်လိမ့်ရသည်။ ထို့ပြင် ရစ်နှင့်ချည်ခင်ဖြစ်အောင် ဆွဲရသည်။ ထို့နောက် ထမင်းရည်နှင့်စိမ်ပြီး ခြေဖြင့်နင်းကာ ချည်လုံးဖြစ်အောင်လုံးပြီး ချည်ခင်ကို ကိုယ်လိုချင်သော အရောင်ဖြစ်အောင် ဆိုးရသည်။ ရှေးယခင်က အရောင်ဆိုးရာတွင် အမဲ၊ အပြာ၊ အနီ၊ နီညိုစသည့်

အရောင်များ ရရှိရန် မဲနှစ်ကို အိုးတွင်ဖျော်ပြီး (၃)ကြိမ်၊ (၄) ကြိမ် ဆေးဆိုးခြင်းပြုလုပ်ရသည်။ ရိုးရာဝတ်စုံများ၊ ခေါင်းပေါင်း၊ လွယ်အိတ်များလည်း ယက်လုပ်ကြသည်။ ချည်စောင်တစ်ထည် ရရှိရန် (၂) ရက်ကြာ ယက်ရသည်။ ယခုအခါ အငှားယက်ခြင်းရှိပြီး ချည်(၅၀) ကျပ်သားရှိသော စောင်တစ်ထည် ယက်လုပ်ခမှာ ငွေသားကျပ် (၁၀၀) ပေးရသည်။ တစ်ယောက်တည်း ယက်လုပ်ခြင်းမျိုး မဟုတ်ဘဲ မိသားစု အားလျင်အားသလို တစ်ယောက်တစ်လက်ဝင်ကာ ယက်လုပ်ကြသည်။ အိမ်တွင် အကြီးအကဲ ဖြစ်သည့် အဖွားဖြစ်သူက ပြပေးသည်။ ချင်းရိုးရာ ဂျပ်ခုတ်လုပ်ငန်းမှာ အရှိုချင်း အမျိုးသမီးများ၏ အိမ်တွင်းမှုလုပ်ငန်းတစ်ရပ်ဖြစ်သည်။ တစ်နှစ်လျှင် စောင်အထည် (၅၀) ခန့် ပြီး ကာ ယခုအခါ အမျိုးသမီးများ အပိုဝင်ငွေရှာခြင်းပင်ဖြစ်သည်။

ယက်ကန်းလုပ်ငန်းသည် အရှိုချင်းတိုင်းရင်းသားတို့၏ အိမ်တွင်းမှု လုပ်ငန်းတစ်ရပ်ဖြစ်သည့် အလျောက် မိန်းမတို့တတ်အပ်သည့် အတတ်ပညာတစ်ခုလည်းဖြစ်သည်။ ယက်ကန်းမှာ ဂျပ်ခုတ် ယက်ကန်းဖြစ်ပြီး သွားလေရာတွင် ယူသွားနိုင်သည်။ ချင်းစောင်နှင့် ရိုးရာအထည်များမှာ များစွာသေသပ်ချောမွေ့ပြီး ဒီဇိုင်းများမှာလည်း အဆင်၊ အကွက်၊ အပျောက်များ၊ ပုံပန်းသဏ္ဌာန်များမှာ စက်ဖြင့်ယက်လုပ်သည်ထက် ဆန်းကျယ်ကာ လက်ရာမြောက်လှပေသည်။ ယခုအခါတွင် ရိုးရာအထည်များကို ပိုလျှံအောင် ယက်လုပ်နိုင်သဖြင့် ရွာကြီး၊ မြို့ကြီးများသို့ပင် ရောင်းချနိုင်ကြသည်။

ဂျပ်ခုတ်လုပ်ငန်းတွင် ရှေးအခါက မီးခိုး၊ နက်ပြာနှင့် အနက်ရောင်ရရှိရန် ပြုလုပ်ပုံမှာ မဲရွက်ကို အနှစ်ရည်ရအောင် ပြုလုပ်ခြင်းပင်ဖြစ်သည်။ ဂျပ်ခုတ်လုပ်ငန်း ယက်လုပ်ရာတွင် မဲနှစ်မှာ အရှိုချင်း များအတွက် အထူးပင်လိုအပ်ပေသည်။ မဲနှစ်ရရှိရန် မဲရွက် ထုံး (၂၅) ကျပ်သား၊ ရေငါးပုံး ထည့်ပြီး တစ်ညရေစိမ်ထားရသည်။ မိုးလင်းလျှင် မဲရွက်များကို ညှစ်ရသည်။ ထို့နောက် ထုံး (၂၅) ကျပ်သား၊ ရေငါးပုံး ထပ်ထည့်ကာ မွှေပေးရသည်။ ထိုအခါ အမြှုပ်များ တက်လာသည်။ နေ့လည် (၁) နာရီ အချိန်လောက်တွင် အမြှုပ်များပျောက်ပြီး အကြည်ရည်များတက်လာသည်။ ထိုအကြည်ရည်များကို သွန်ပစ်ရသည်။ ကျန်ရှိသည့် အနှစ်များကို အောက်ဖက်တွင် ပြာခံပြီး အပြင်မှ ရွံ့စေးသုတ်ထားသော ပုတ်ထဲသို့ လောင်းထည့်ရသည်။ ပုတ်တွင် အပေါက်ရှိပါက ဖာပေးရသည်။ ထို့နောက်ရေထည့်ကာ ပြန်မွှေပေးရသည်။ ထိုအခါ ထည့်ထားသော ထုံးများ ရေနှင့်အတူ

ရိုးရာမပျက် ဂျပ်ခုတ်ယက်လျက်



ပါသွားသည်။ ထိုထုံးနှုတ်ပြီးသော အနှစ်ကို အိုးထဲထည့်ရသည်။ ထို့နောက် ငှက်ပျောဖက်ခြောက်ကို မီးရှို့၍ ပြာချပြီး ရေနှင့်ဖျော်ကာ စစ်ထားရသည်။

ဤသို့ဖြင့် ထုံးနှုတ်ပြီး မဲနှစ်ကို အိုးထဲထည့်ပြီး ၄င်းအထဲသို့ ပြာချထားသည့် ငှက်ပျောဖက်ရည်ကို စစ်ထည့်ရသည်။ ထို့ပြင် လျှော်စာဖတ်နှင့် ရေထည့်ပြီး အုပ်ထားရသည်။ နောက်တစ်နေ့ မိုးလင်းသောအခါ ယောင်းမနှင့်မွှေပေးရသည်။ အဝါရောင်ကျင်ကျင် ဖြစ်လာလျှင် ချည်များကို ၄င်းအဝါရောင် မဲနှစ်ရည်ထဲထည့်ပြီး တုတ်နှင့်ထုကာ ညှစ်၍ လှန်းရသည်။ နောက်တစ်နေ့တွင်လည်း ထိုအရည်ထဲထည့်ပြီး ပြန်လှန်းခြင်းမျိုးကို သုံးကြိမ်၊ လေးကြိမ် ပြုလုပ်ပါက အရောင်ဆိုးပြီးသော ချည်ကိုရရှိသည်။ အရောင်ပိုရင့် လိုလျှင် မဲနှစ်နှင့် ပြာချထားသော ငှက်ပျောဖက်ရည်များ ပိုထည့်ပါက နက်ပြာရောင်၊ အနက်ရောင် ချည်များရရှိသည်။ အရှိချင်းများမှာ အရောင်ရင့်ကို ပိုနှစ်သက်ကြသည်။

အနီရောင်နှင့်နီညိုရောင်ချည်မျှင်များရရှိရန် အရှိချင်းဘာသာစကားဖြင့် တုတ်လတ်ယုန်းမြစ်၊ ဆင်ယုန်းမြစ်၊ အချိုင်းထိုင် (သစ်ဆိမ့်သီးအခေါက်)၊ ဖဝိုင်းခေါ် ဝါစေ့များကို ထုထောင်းပြီး ရေထဲထည့်ကာ ၄င်းအရည်ထဲသို့ ချည်ကိုစိမ်လျှင် အရောင်ဆိုးပြီးချည်ကိုရသည်။ အရောင်ရင့်လိုလျှင် နှစ်ကြိမ်၊ သုံးကြိမ် လိုအပ်သလိုစိမ်၍ လှန်းယူခြင်းဖြင့် အနီရောင်နှင့် နီညိုရောင်ချည်များရရှိပါသည်။

ဤသည်မှာ အရှိချင်းများ၏ ဂျပ်ခုတ်လက်မှုလုပ်ငန်းအတွက် ချည်အရောင်ဆိုးခြင်းနှင့် ရိုးရာဓလေ့ တစ်မျိုးဖြစ်သည့် ဆိုးဆေးများပြုလုပ်ခြင်းပင်ဖြစ်သည်။ ဤသို့ဆိုးဆေးပြုလုပ်ခြင်း၊ အရောင်ဆိုးခြင်းကို အိမ်တွင်ရှိသော အဖွားအိုများက ပြသကြပြီး အမျိုးသမီးများကပြုလုပ်ကြရသည်။ ယခုအခါတွင် လိုအပ်သောအရောင်များကို ဓါတ်ဆေးဆိုးခြင်းဖြင့်သာ ဂျပ်ခုတ်လုပ်ငန်းယက် လုပ်ကြပါတော့သည်။

လက်သမားပညာ၊ တောင်းယက်လုပ်ခြင်းနှင့် ဖျာယက်လုပ်ခြင်းလုပ်ငန်းများမှာ အရှိချင်း အမျိုးသားတို့၏ အိမ်တွင်းမှုလုပ်ငန်းဖြစ်သည်။ သီးခြားအလုပ်ရုံများတွင် ငွေရင်း၊ ငွေနှီးနှင့် လုပ်အားဖွဲ့စည်းပြီး လုပ်သော အလုပ်မျိုးမဟုတ်ဘဲ အရှိချင်းအမျိုးသားများ၏ နွေရာသီ အားလပ်ရက်တွင် အနားမနေဘဲ အိမ်တွင်းမှုလုပ်ငန်းသက်သက်မျှသာဖြစ်သည်။

## (စ) ရောင်းဝယ်ဖောက်ကားမှု

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများသည် ရှေးယခင်အချိန်က ကုန်ကူးသန်းရောင်းဝယ်ဖောက်ကားခြင်း သဘောမျိုးလုံးဝရှိဟန်မတူပေ။ နောက်ပိုင်းမှ တဖြည်းဖြည်းတိုးတက်လာကြကာ ကုန်ပစ္စည်းချင်းဖလှယ်သည့် စနစ်များရှိလာကြသည်။ တောင်းများ၊ ထောင်ဘို့များ၌ တောင်ယာခြံထွက်ပစ္စည်း၊ တောထွက် ပစ္စည်း (သို့မဟုတ်) လက်မှုပညာဖြစ်သော ပစ္စည်းများကိုထည့်ပြီး တစ်ရွာဝင်တစ်ရွာထွက် လှည့်လည်ကာ ယင်းတို့လိုသော ပစ္စည်းနှင့် လဲလှယ်သော ကုန်ဖလှယ်စနစ်ကို သုံးကြသည်။ ပစ္စည်းများ တန်ဘိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မိမိလိုအပ်သော ပစ္စည်းရရန်ကို အဓိကထား၍ ကုန်ပစ္စည်းဖလှယ်မှုများ ပြုလုပ်ကြခြင်းဖြစ်သည်။ ကုန်ပစ္စည်းများကို သယ်ယူလိုပါလျှင် ဝန်တင်နွားများ၊ လားများကို အသုံးပြုကြသည်။ ဤသို့ လက်ဆောင်ပေးခြင်း၊ တစ်ရွာဝင်တစ်ရွာထွက် ပစ္စည်းဖလှယ်ခြင်းများကို ယခုအခါတွင် မတွေ့ရတော့ပေ။ သို့သော် ယောကျာ်း၊ မိန်းမတို့၏ ဦးခေါင်းတွင် ချိတ်သိုင်း၍လည်းကောင်း၊ ကြောတွင်ပိုးပြီး တစ်ဝန်တစ်ထုတ်စာ သယ်ယူကာ ငွေကြေးဖြင့် ရောင်းချမှုများကို ယခုအခါ တွေ့မြင်နိုင်ပါသည်။ ဂုံညင်းတန်းချင်းရွာတွင် ကစလ (၄) အတွင်း၌ ဈေးရှိသည်။ နံနက် (၅) နာရီမှ (၇) နာရီအထိ တစ်ချိန်၊ နံနက်ဈေးအဖြစ်ဖွင့်ကြပြီး ညနေ (၄) နာရီမှ (၈) နာရီအထိတစ်ချိန် ညနေဈေးဟူ၍ ဖွင့်လှစ်ရောင်းချပါသည်။ ဈေးပိတ်ရက်ဟူ၍မရှိပေ။ ပဲကြီးရွာတွင် ဈေးဟူ၍မရှိပေ။ အိမ်တွင်ရောင်းသော အိမ်ဆိုင်များသာရှိသည်။ ထိုနည်းတူ သံလယ်ကြီးချင်းရွာတွင်လည်း အိမ်ဆိုင်များဖွင့်လှစ်ရောင်းချကြသည်။ ဈေးဟူ၍ သီးသန့်မရှိပေ။ ပစ္စည်းများ လိုအပ်လျှင် ဥဿျစ်ပင်ရွာသို့ စက်ဘီးများ ထော်လီများနှင့် သွား၍ ဝယ်ကာ အိမ်ဆိုင်အဖြစ်ရောင်းခြင်းဖြစ်သည်။ အသားများအတွက်မူ မိမိတို့အိမ်တွင်မွေးမြူထားသော တိရစ္ဆာန်များမှာ မိမိတို့ အိမ်တွင် စားသုံးရန်အတွက်ဖြစ်ပေသည်။

ရှေးအခါက ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းများသည် အချိန်အတွယ်၊ အတိုင်းအတာများကို လက်ဆုပ်နှင့် ဝေငှခြင်း၊ မှန်းဆခြင်းပြုလုပ်ကြသည်။ တောကောင်များရလာလျှင်လည်း လူ(၅) ယောက်ရှိလျှင် (၅)ပုံ ပုံသည်။ လူ (၁၀) ယောက် ရှိလျှင်လည်း အညီအမျှ (၁၀) ပုံ ပုံခြင်းမျိုးဖြစ်သည်။

ယခုအခါ အများအားဖြင့် အလေးချိန်ခွင်၊ တင်းတောင်းများ အသုံးပြုသည်ဟု ဆိုသော်လည်း လက်ဆုပ်ဝေခြင်းမျိုး၊ တောင်ဆုပ်ဖြင့် တိုင်းထွာခြင်းများကိုလည်း ဆက်လက်အသုံး ပြုနေသေးကြောင်းတွေ့ရသည်။

## (ဆ) အစားလုပ်ငန်း

ရှေးအခါက ငွေကြေးနှင့်ပေး၍ ငှားရသော အစားလုပ်ငန်းသည် ပန်းတောင်းမြို့နယ် အတွင်းရှိအရှိုချင်းများတွင် လုံးဝမရှိချေ။ တစ်ဦးကိုတစ်ဦး ကျေးဇူးတုံ့ပြန်သောအားဖြင့် အပြန် အလှန် လုပ်အားပေးကြသော ခလေ့သာလျှင် ရှေးရိုးရာ ယဉ်ကျေးမှု အစဉ်အလာ တစ်ရပ်အနေဖြင့် ရှိခဲ့သည်။ ယခုအခါတွင် ရှေးရိုးရာ ယဉ်ကျေးမှု အစဉ်အလာကို ဆက်လက်ကျင့်သုံးသည်ဟု ဆိုသော်လည်း ဗြိတိသျှတို့ ဝင်ရောက်လာပြီးသည့်နောက်မှစ၍ လုပ်ခပေးစနစ် စတင်ပေါ်ပေါက်လာ ခဲ့သည်။ ဗြိတိသျှတို့ ဝင်ရောက်လာသောအခါ ယင်းတို့၏ အုပ်ချုပ်ရေးလွယ်ကူရန်နှင့် အခွန် အတွက် ကောက်ယူမှု အဆင်ပြေရန်၊ ငွေကြေးစနစ်ကို သွင်းယူလာကြသည်။ ထိုအချိန်မှစ၍ အရှိုချင်းတို့တွင် ငွေကြေးစနစ်ရှိလာခဲ့သည်။

လူတစ်ယောက်ကို ငွေငါးကျပ်နှင့်ပေါင်သော ကျေးပိုင်၊ ကျွန်ပိုင်ခေတ်မျိုးသည် အရှိုချင်း တိုင်းရင်းသားများအတွင်း ဖြစ်ပေါ်ခဲ့သည်။ ထိုအချိန်က မြေရှင်၊ အရင်းရှင်များသည် ဆယ်တင်း ဝင်ပုတ်နှင့် တူရွှင်းများထည့်ထားပြီး ပုတ်အတွင်းရှိ တူရွှင်းအရေအတွက်ကို ကြည့်၍ ကျွန်အရေအတွက် မည်မျှ ရှိသည်ကို သိနိုင်သည်။ လူတစ်ယောက်၏ လုပ်အား (ကျွန်တစ်ယောက်) ရှိလျှင် တူရွှင်းတစ် ချောင်းရှိမည်ဖြစ်သည်။ ထိုအချိန်က တောင်ယာခုတ်ခြင်း၊ စိုက်ပျိုးခြင်းများကို ကျွန်များက ထိုတူရွှင်းများနှင့် လုပ်ကိုင်ကြရသည်။ ကျွဲ၊ နွားများ အသုံးပြုခြင်းမရှိပေ။ ကျွန်အဖြစ် ပေါင်သည့် အိမ်မှ ပုဂ္ဂိုလ်တစ်ဦးဦးက ငါးကျပ်နှင့် ပြန်ရွေးနိုင်မှ ကျွန်အဖြစ်မှ လွတ်မြောက်မည်ဖြစ် သည်။

ယခုအခါ အစိုးရအမှုထမ်း၊ လခစားများတွင်လည်း အရှိုချင်းတိုင်းရင်းသားများ ပါဝင်ကြ သည်။ ထိုအချိန်မှစ၍ စိုက်ပျိုးရေး၊ အမဲလိုက်ခြင်း စသော ရိုးရာနည်းများဖြင့် အသက်မွေး ခဲ့ကြသောအရှိုချင်းများအဘို့ အစိုးရအမှုထမ်းခြင်း၊ အစားအလုပ်လုပ်ခြင်းသည်လည်း အသက်မွေး ဝမ်းကြောင်းလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းအဖြစ် သိမြင်လာကြသည်။ ယခုအခါတွင်လည်း

ပန်းတောင်းမြို့နယ် အတွင်းတွင် အကြီးစားစက်မှုလုပ်ငန်းပေါင်း (၃) ခုရှိသည်။ အမှတ် (၃) အကြီးစားစက်မှု လုပ်ငန်း ဆင်တဲ၊ အမှတ် (၄) အကြီးစားစက်မှုလုပ်ငန်း ထုံးဘို၊ အမှတ် (၅) အကြီးစားစက်မှုလုပ်ငန်း ညောင်ခြေထောက်တို့ဖြစ်သည်။ သို့ဖြစ်၍ အရှိုချင်းတိုင်းရင်းသားများသည်လည်း အခစား အလုပ်လုပ်ခြင်း၊ အစိုးရအမှုထမ်းခြင်းများ ပိုမိုများပြား လာသည်။

စိုက်ပျိုးရေးလုပ်ငန်းများ၌ ကျွဲ၊ နွားများကို အသုံးပြုလာကြသည်။ အခကြေးငွေပေး၍ ငှားရမ်းရသော လုပ်ခပေးစနစ်သည်လည်း ဆက်လက်ထွန်းကားလျက်ရှိသည်ဟု ဆိုသော်လည်း မပြောပလောက်ပေ၊ လက်ကူလက်စားလိုက် စနစ်ကိုသာ ဆက်လက်ကျင့်သုံးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဓ) လုပ်ငန်းခွဲခြားမှု

အရှိုချင်းတိုင်းရင်းသားများတွင် ယေဘူယျအားဖြင့် လုပ်ငန်းခွဲခြားမှုမရှိဟု ဆိုသော်လည်း အစဉ်အလာ ထုံးစံများတွင် ယောကျာ်းလုပ်ငန်း၊ မိန်းမလုပ်ငန်းဟူ၍ ခွဲခြားထားသော အလုပ်ပိုင်းခြားလုပ်ကိုင်ခြင်းရှိသည်။ ကျား၊ မ နှစ်ဦးနှစ်ဖက် စုပေါင်း၍ လုပ်ရသော အလုပ်များလည်းရှိသည်။ ယောကျာ်းများသာ လုပ်ကိုင်ရသော လုပ်ငန်းများမှာ အိမ်ဆောက်ခြင်း၊ တောင်ယာရှင်းခြင်း၊ ထင်းခုတ်ခြင်း၊ အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းလုပ်ငန်းများအပြင် [၁]**သီးသန့်ထူးချွန်လုပ်ငန်း** များဖြစ်သည့် ခြင်းတောင်း၊ ပုတ်၊ ဆန်ကော၊ ဆန်ကာ ယက်လုပ်ခြင်းနှင့် ပန်းတိမ်၊ ပန်းပဲ အတတ်ပညာ၊ အိုးလုပ်ခြင်းနှင့် အခြားလေးလံသော ဝန်များသယ်ယူခြင်းကို လုပ်ကိုင်ကြသည်။

မိန်းကလေးများသာ လုပ်ကိုင်သော လုပ်ငန်းများမှာ ထမင်းချက်ခြင်း၊ ဆန်ဖွတ်ခြင်း၊ စပါးထောင်းခြင်း၊ ယက်ကန်းယက်ခြင်း၊ ရေသယ်ခြင်း၊ ဝက်စာ၊ ကြက်စာကျွေးခြင်း စသည့် အိမ်တွင်းမှု လုပ်ငန်းများပင်ဖြစ်သည်။

---

၁ Specialization of labour

မိန်းမများသာ ကျွမ်းကျင်စွာ လုပ်နိုင်သော အလုပ်၊ ယောကျာ်းများသာ ကျွမ်းကျင်စွာ လုပ်နိုင်သောအလုပ်ဟူ၍ [၁]**လိင်အားဖြင့်အုပ်စုဖွဲ့ခြင်းဖြင့်** [၂]**လုပ်ငန်းခွဲခြားလုပ်ကိုင်ခြင်း** ရှိသည်ဟု ဆိုသော်လည်း အိမ်တွင်လူခွဲများမရှိသောအခါနှင့် သားမယားနာမကျန်းဖြစ်သောအခါမျိုး တွင် ယောကျာ်းများသည် အိမ်တွင်းအလုပ်များကို ဝင်ရောက်ဆောင်ရွက်ကြသည်။

အမှန်စင်စစ်သော် ကျား၊ မ အားလုံးတစ်နှစ်တာ ပတ်လုံး အားလပ်သည်ဟူ၍ မရှိကြပေ။ တောင်ယာခုတ်ချိန်၊ တောင်ယာမီးရှို့ချိန်၊ စိုက်ပျိုးချိန်၊ ကောက်ရိတ်သိမ်းချိန် စသည်တို့တွင် ကျား၊ မ၊ လူကြီး၊ လူငယ်မရွေး အားလုံးအလုပ်လုပ်ကြရသည်ပင်ဖြစ်သည်။ နံနက်လေးနာရီခန့်တွင် အိပ်ယာထကြပြီး၊ ထမင်းဟင်းချက်ပြုတ်ခြင်း ပြုလုပ်ကြရသည်။ စားသောက်ပြီးစီးသော် တောင်ယာသို့ နံနက်မိုးမလင်မီ အရောက်သွားကြရသည်။ တောင်ယာတွင် တစ်နေကုန် အလုပ်လုပ်ကြရပြီး ညနေမိုးချုပ်မှ အိမ်ပြန်ရောက်ကြသည်။

ရေးအခါက တောင်ယာလုပ်ချိန်၌ တစ်အိမ်သားလုံး တောင်ယာသို့ ပြောင်းရွှေ့ နေထိုင်ကြသည်။ ယခုအခါတွင်လည်း လယ်ယာစိုက်ခင်းများသို့ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များတွင် တစ်အိမ်သားလုံး ပြောင်းရွှေ့နေထိုင်လေ့ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းမှ အားလပ်လျှင် အိမ်ပြင်ဆင်ခြင်း၊ ခြံခတ်ခြင်း၊ လမ်းပြင်ခြင်း၊ မြို့သို့သွား၍ လိုအပ်သော ပစ္စည်းများဝယ်ခြင်း စသည်ဖြင့် အလုပ်နှင့်လက်ပြတ်သည်မရှိကြပေ။ အလုပ်ခွဲခြားသတ်မှတ်ထားခြင်းမဟုတ်ဘဲ လိုအပ်သလို စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းလုပ်ကိုင်သွားကြကြောင်း လေ့လာရပါသည်။

## (ဈ) လုပ်အားဖွဲ့စည်းပုံ

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများသည် စည်းစည်းလုံးလုံး နေထိုင်တတ်ကြ၍ တစ်ဦးကိုတစ်ဦး ကူညီလေ့ရှိသည်။ အတိဒုက္ခရောက်နေကြသူများကို ရပ်ရွာကဝိုင်းဝန်း၍ စောင့်ရှောက်ကြသည်။ အိုးအိမ်ပစ္စည်းဆုံးပါးရလောက်အောင် ဒုက္ခတစ်ခုခုနှင့်ကြုံရသူများအား အိမ်သုံးပစ္စည်းများ၊ အိမ်တွင်မွေးမြူထားသော တိရစ္ဆာန်များဖြင့် စုံလင်နိုင်သလောက် စုံလင်အောင် ထောက်ပံ့ကူညီကြသည်။ သက်ကြီး၊ ဝါကြီး ပုဂ္ဂိုလ်တို့ကို ဆက်ဆံရာတွင်လည်း ချိုသာသည်။

---

[၁] **Social grouping based on sex**

[၂] Division of Labour

ဂါရဝ ထားသည်။ စေတနာထားသည်။ ထို့ကြောင့် အသက်ကြီးလာပါက နောင်ရေးအတွက် ပူပန်ရခြင်းမရှိပေ။ အလုပ်အကိုင်လုပ်ကိုင်ရာတွင်လည်း စည်းစည်းလုံးလုံးဖြင့် စုပေါင်းလုပ်ကိုင်လေ့ရှိသည်။

ပန်းတောင်းမြို့ပတ်ဝန်းကျင် ချင်းရွာများတွင် နေထိုင်ကြသော အရှိုချင်းများ၏ ရိုးရာလုပ်အားဖွဲ့စည်းပုံမှာ လုပ်ငန်းသဘာဝအလျောက် အောက်ပါအတိုင်းဖြစ်သည်။

(၁) အများနှင့်ဆိုင်သော လုပ်ငန်းများအတွက် စုပေါင်းဆောင်ရွက်နည်းဖြင့်လုပ်အားဖွဲ့စည်းမှု

(၂) ပုဂ္ဂလိကလုပ်ငန်းများအတွက် အပြန်အလှန်ကူညီခြင်းဖြစ်သော လက်စားလိုက်လုပ်အားဖွဲ့စည်းမှု ဟူ၍ လေ့လာတွေ့ရှိရပါသည်။

## (၁) အများနှင့်ဆိုင်သော လုပ်ငန်းများအတွက် စုပေါင်းဆောင်ရွက်နည်းဖြင့်လုပ်အားဖွဲ့စည်းမှု

ရွာသစ်တည်ခြင်း၊ တောင်ယာခုတ်ခြင်း၊ ရွာခြံစည်းရိုးကာခြင်း၊ နတ်စင်၊ ဘုရားရှိခိုးကျောင်း၊ စာသင်ကျောင်း၊ ရွာထိပ်ဇရပ်များ ဆောက်လုပ်ခြင်း၊ ရွာသချိုင်းဆောက်ခြင်း၊ ရေသွယ်ယူခြင်း၊ တောင်ယာမီးရှို့ခြင်း၊ မီးတားခြင်း၊ သားရဲတိရစ္ဆာန်နှင့်ရန်သူအန္တရာယ်ကာကွယ်ခြင်း၊ သီးနှံဖျက်တတ်သည့် ငှက်များ၊ တောဝက်များ၏ ရန်ကိုဖယ်ရှားခြင်း စသော အများနှင့် ဆိုင်သော လုပ်ငန်းများတွင် စုပေါင်း ဆောင်ရွက်လေ့ရှိကြသည်။ စုပေါင်းလုပ်ငန်း များတွင် ကိုယ်ထိ လက်ရောက် ပါဝင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက စားသောက်ဖွယ် များကို ပေးပို့ခြင်း (သို့မဟုတ်) မိမိ အိမ်မှ အသုံးဝင်မည့် ပစ္စည်းကရိယာ၊ တောင်ယာသုံး၊ အိမ်သုံး ပစ္စည်း များဖြစ်သော ပေါက်ချွန်း၊ ပေါက်တူး၊ ဓါး၊ စူး၊ တောင်း၊ အိုး၊ ခွက် စသည် တို့ကို ခေတ္တ သုံးစွဲနိုင်ရန် ငှားရမ်းခြင်းများပြုလုပ်ရသည်။ ခြေလက် အင်္ဂါမသန်စွမ်းသူများ၊ ချို့တဲ့သူများ၊ အိုမင်းရင့်ရော်သူများနှင့် နာမကျန်းသူများ အပြင် ဆင်းရဲ နွမ်းပါးသော မုဆိုးမများသည် စုပေါင်းလုပ် အားပေးမှုမှ လွတ်ငြိမ်းခွင့်ရကြသည်။ တောင်ယာခုတ်ခြင်း၊ မီးရှို့ခြင်း၊ အမှိုက်ရှင်းခြင်း၊

တောင်ယာခြံစည်းရိုးကာခြင်း၊ ယာစောင့်ခြင်း၊ ကောက်ရိတ်သိမ်းခြင်း များကိုလည်း ရှေးအခါက စုပေါင်းလုပ်ဆောင်ခြင်းဖြင့် ပြီးစီးအောင်ဆောင်ရွက်ကြသည်။

ယခုအခါတွင်လည်း ရပ်ရွာကိစ္စ အားလုံးလိုလိုပင် စုပေါင်းလုပ်အားဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း လေ့လာရပါသည်။

## (၂) ပုဂ္ဂလိက လုပ်ငန်းများအတွက် အပြန်အလှန် ကူညီခြင်းဖြစ်သော လက်စားလိုက် လုပ်အားဖွဲ့စည်းမှု

လက်စားလိုက်နည်းကို ပုဂ္ဂလိကလုပ်ငန်းများတွင် ကျင့်သုံးကြသည်။ ပုဂ္ဂလိကတောင်ယာများရှိ လုပ်ငန်းများ၊ အိုးအိမ်အသစ် တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ အခြားကိစ္စများ ဆောင်ရွက်ခြင်းများတွင် အပြန်အလှန် ဝိုင်းဝန်းကူညီသော စနစ်ဖြင့် လုပ်အားပေးကြသည်။ မိမိအားကူညီသူများကို ထိုသူတို့ အကူအညီလိုသောအခါ ပြန်လည် အကူအညီပေးသောနည်းဖြစ်သဖြင့် လက်စားလိုက်နည်းဟု ခေါ်သည်။ ကူညီသူများအား တစ်စုံတစ်ရာ အခကြေးငွေပေးရန်မလိုပေ။ အလုပ်ရှင်က စေတနာအလျောက် ကျွဲ၊ နွား၊ ဝက်၊ ကြက် တစ်မျိုးမျိုးကိုသတ်၍ ထမင်း၊ ခေါင်ရည်တို့ဖြင့် ဧည့်ခံခြင်း (သို့မဟုတ်) ပြောင်းဆန်၊ ပဲပြုတ်၊ ဆန်ပြုတ်စသော အစားအသောက်တို့ဖြင့်ကျွေးမွေးခြင်း၊ ဆေး၊ ကွမ်းတည်ခြင်း စသည်တို့ဖြင့် လုပ်အားပေးကူညီသူများအား ကျေးဇူးတုံ့ပြန်လေ့ရှိသည်။ မိမိလက်စားလိုက် ကူညီရမည့် အခါတွင် ဖျားနာ၍သော်လည်းကောင်း၊ အဝေးရောက်နေ၍ သော်လည်းကောင်း၊အခြားအကြောင်းမညီညွတ်မှုကြောင့် သော်လည်းကောင်း၊ ကိုယ်ထိလက်ရောက် မကူညီနိုင်ခဲ့သော် စားသောက်ဖွယ် ပစ္စည်းပေးပို့ခြင်း၊ ကိုယ်စားလှယ်လွှတ်၍ လုပ်အားကူစေခြင်း၊ အသုံးဝင်မည့် လက်နက်ကရိယာ ပစ္စည်းများ ငှားရမ်းခြင်း၊ စသည်တို့ဖြင့် လုပ်အားဖွဲ့စည်းရာတွင် ပါဝင်နိုင်သည်။ ဤသို့လက်စားလိုက်နည်းကို ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများ ယခုထိ ဆက်လက်ကျင့်သုံးလျက်ရှိသည်။

ဤသို့လက်စားလိုက်နည်းဖြင့် လုပ်ကိုင်ရာတွင် အလုပ်ရှင်သူကြီး (သို့မဟုတ်) နတ်ဆရာတို့က လုပ်အားပေးသူများအား ကျေးဇူးတုံ့ပြန်သည့် သဘောဖြင့် နေ့လည်စာ

ကျွေးမွေးခြင်း၊ ခေါင်ရည်တည်ရခြင်းစသော ဧည့်ခံမှုကို ပြုရသည်။ တစ်ခါတစ်ရံ ဧည့်ခံကျွေးမွေးရသော စရိတ်သည် မိမိရရှိသော အခမဲ့အများ၏ လုပ်အားတန်ဘိုးထက်ပင် ပိုမိုကုန်ကျနေတတ်သည်။ အရှိုချင်းတိုင်းရင်းသားတို့သည် မိမိဆွေမျိုးတို့၏ အစဉ်အလာနှင့် ဂုဏ်ကို ထိန်းသိမ်းကြသူများဖြစ်သည်နှင့်အညီ ဘိုးဘေးများက ရက်ရောစွာ ဧည့်ခံကျွေးမွေးခဲ့ဘူးသူများဖြစ်ပါက အစဉ်အဆက် ရက်ရောစွာ ကျွေးမွေးခြင်းဖြင့် ဂုဏ်သရေကို ထိန်းသိမ်းရသော ကြောင့် ဧည့်ခံကျွေးမွေးစရိတ်များ ကြီးလေးစွာ ကျခံကြရသည်။

ရွာတွင်ရှိသည့် မည်သူ၏ လယ်တွင်ဖြစ်စေ၊ ယာတွင်ဖြစ်စေ သူကြီးအားခေါ်ကြ၍ ထိုသူကြီးလည်းဖြစ်သူ၊ ပုဏ္ဏားဆရာလည်းဖြစ်သူက ရိုးရာပူဇော်ပသမှုများ ပြုလုပ်ပေးရသည်။ အိမ်ဆောက်သည့်အခါတွင်လည်း လက်စားလိုက်စနစ်ဖြင့် လူအများ ဝိုင်းဝန်းဆောက်ကြသည်။ အခကြေးငွေပေးရန်မလိုပေ။ သို့ဖြစ်၍ ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများသည် စီးပွားရေးဆိုင်ရာလုပ်ငန်းများ လုပ်ကိုင်ကြရာတွင်လည်း စည်းလုံး ညီညွတ်မှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## အခန်း ၄။
## ဘာသာရေး၊ ရိုးရာယဉ်ကျေးမှုနှင့်စာပေ

### (က) ယုံကြည်ကိုးကွယ်မှု

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများသည် မူလကနဦး၌ အမိဘုရားသခင်အား ယုံကြည်ကြသူများဖြစ်သည်။ အရှိုချင်းဘာသာစကားဖြင့် "အောက်အူလို" ဟုခေါ်သည်။ ကောင်းကင်ဘုံတွင်ရှိသည့် ဖန်ဆင်းရှင် အမိဘုရားသခင်ဖြစ်သည်။ ထို "အောက်အူလို" အား ယစ်ကောင်များဖြင့် ပူဇော်ပသကြရလေသည်။ မကျန်းမမာဖြစ်သောအခါ ဘေးဒုက္ခတွေ့သောအခါ ကြက်၊ ဝက်၊ ခွေး၊ နွား စသော တိရစ္ဆာန်များဖြင့် ရောဂါကြီးငယ်ကိုလိုက်၍ ပူဇော်ကြရလေသည်။ မိဘများ သေဆုံးသောအခါ မိဘများ ကောင်းရာသုဂတိ ရောက်နိုင်ရန် သားသမီးများက ယစ်နတ်ပူဇော်ပေးရ၏။ အရှိုချင်းရိုးရာအယူအဆမှာ တမလွန်ဘဝရှိသည်ဟု ယုံကြည်ကြပါသည်။ အရှိုချင်းတိုင်းရင်းသားတို့၏ ဘဝကို [၁] **ယစ်ပူဇော်မှု** ကလွှမ်းမိုးထားသဖြင့်အမိဘုရားသခင် (သို့မဟုတ်) လိုထာဝရ ဘုရားယုံကြည်ကိုးကွယ်မှု အယူအဆသည် ပျောက်ကွယ်လုဖြစ်ရသည်။ လိုဘုရားထက် ယစ်နတ် ပူဇော်သော ပုစ္ဆာန်းဆရာတို့က လွှမ်းမိုးလာသဖြင့် [၂] **ဘိုးဘွားဝိဉာဉ်တန်ခိုးရှင်များ** အား ယုံကြည် ကိုးကွယ်လာကြပြန်သည်။

အသက်ရှင်စဉ်က ယစ်ပူဇော်ခဲ့ကြသော ခေါင်းရည်၊ အသားငါးမျိုးစုံ တို့ကို သေပြီးသောအခါ သုခဘုံတွင် ပြန်လည်၍ အတူတကွ စားသောက်ပျော်ရွှင်နိုင်ကြသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် အသက်ရှင်စဉ်တွင် ပူဇော်ပသမှုများ များများပြုလုပ်လေ နာသိန်ဟု ခေါ်သော သုခဘုံသို့ရောက်ရန် သေချာလေသည်ဟု ယူဆပြီး ပူဇော်ပသမှုများကို ကြိုးစား၍ ပြုလုပ်ကြသည်ကို တွေ့ရသည်။

ဘိုးဘွားဝိဉာဉ်နတ်များကို ပူဇော်ပသကိုးကွယ်ခြင်းမှာ အမိ၊ အဖ၊ ဘိုးဘွားများကို တိုင်တည်၍ ကောင်းရာသို့ရောက်ရန် ဆုတောင်းခြင်းဖြစ်သည်။ ဝိဉာဉ်များကို ပူဇော်ခြင်းသည် အရှိုချင်းတို့၏ မူလပင်ရင်း ယုံကြည်မှုဖြစ်ပြီး ယနေ့တိုင် ရှိနေသေးသော ကိုးကွယ်မှု တစ်ခုလည်းဖြစ်သည်။ ရွာတစ်ရွာတည်း၌ပင် ခရစ်ယာန် ဘာသာဝင်များနှင့် ဝိဉာဉ်နတ်ကိုးကွယ်ခြင်းများ

---

[၁] Sacrifice

[၂] Ancestral spirit

ရောပြွန်းလျက် ရှိသကဲ့သို့ အိမ်ထောင်စု တစ်စုအတွင်း၌လည်း သက်ကြီးရွယ်အိုများ အပိုင်းက ဘိုးဘွားဝိဉာဉ်နတ်ကိုးကွယ်၍ လူငယ်ပိုင်းက ဗုဒ္ဓဘာသာဖြစ်နေခြင်းများလည်း ရှိပေသည်။ သံလယ်ကြီး ကျေးရွာတွင် ဘိုးဘွားဝိဉာဉ်နတ်ပူဇော်သည့် ဓလေ့များ ယနေ့တိုင်တွေ့ရှိနိုင်ပါသည်။

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းများသည် ခရစ်ယာန်ဘာသာသို့ လည်းကောင်း၊ ဗုဒ္ဓဘာသာသို့လည်းကောင်း ကူးပြောင်းလာကြပြီဟု ဆိုရငြားလည်း မျိုးဆက်ပေါင်းများစွာက ယုံကြည်ကိုးကွယ်လာခဲ့သော ဝိဉာဉ်နတ် ကိုးကွယ်မှု၏ အရိပ်အငွေ့များမှာ လုံးဝပျောက်ကွယ်မသွားနိုင်ကြသေးပေ။ များစွာသော အရှိုချင်းတိုင်းရင်းသားများသည် ခရစ်ယာန်များ (သို့မဟုတ်) ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည့် တိုင်အောင် မိမိတို့၏ ဓလေ့ထုံးစံများကို မဆန့်ကျင်ကြဘဲ ရိုးရာ ပွဲတော်ကြီးများ၌ ပါဝင်ဆင်နွှဲလေ့ရှိကြပေသည်။

ခရစ်ယာန် သာသနာပြုဂိုဏ်း အမျိုးမျိုးရှိသကဲ့သို့ ပန်းတောင်းမြို့နယ် အတွင်းရှိ ခရစ်ယာန် အမျိုးမျိုးရှိနေပေသည်။ ရွာတစ်ရွာတည်းတွင် ခရစ်ယာန်ဂိုဏ်း သုံးလေးမျိုး၏ ဂိုဏ်းဝင်များရှိပြီး အိမ်ထောင်စု တစ်စုတည်း၌ပင် [၁] **အေဘီအမ်၊** [၂] **အာစီအမ်၊** [၃] **မက်သဒစ်** စသည်ဖြင့် အမျိုးမျိုးရှိတတ်ကြသည်။ သို့သော် သာသာရေး အယူသည်းမှုမရှိ၊ သည်းခံမှု တရားရှိကြသဖြင့် အေးအေးချမ်းချမ်း ပင်ရှိကြသည်။

ပန်းတောင်းမြို့နယ်တွင် ယခင်က နိုင်ငံခြားသာသနာပြုများ ရှိခဲ့သော်လည်း ယခုအခါ သာသာရေးဆိုင်ရာ အာဏာပိုင်များ၊ ဘုန်းကြီးများ စာပေဟာဆရာများ ဓမ္မဆရာများ အားလုံးတို့မှာ ချင်းအမျိုးသားများဖြစ်နေကြပြီကို တွေ့ရသည်။

---

၁ American baptist mission

၂ Roman catholic mission

၃ Methodist

## (၁) စုန်း၊ နတ်၊ ကဝေ စသည်တို့အပေါ်စွဲလမ်းယုံကြည်မှု

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းများတွင် [၁]**စုန်းပြုစားခြင်းအတတ်** နှင့် [၂]**ရှေးမျိုးနွယ်များကို စွဲလမ်းယုံကြည်ကိုးကွယ်မှု** အယူအဆများရှိသည်။ ဝမ်းတွင်းပါ စုန်းများရှိသည်ဟု ယူဆများရှိသည်။ ဤသို့ဝမ်းတွင်းပါစုန်းများပြုစားလျှင် ထမင်းစားပြီးသောအခါ၌ အလွန် အမင်းဗိုက်နာတတ်သည် ဟု အယူရှိသည်။ ထို့ကြောင့် အိမ်အနီးနား၌ စုန်းရှိနေပြီဟု ထင်မှတ်လျှင် စားနေသော ထမင်းမှ ထမင်းဟင်း တစ်ဆုတ်၊ တစ်ခဲကို ယူ၍ မသိမသာ စုန်းစာပစ်ရသည်။ အကယ်၍ တစ်စုံတစ်ယောက်အား စုန်းဖြစ် သည်ဟု အများယူဆခဲ့သော် ရပ်ရွာမှ နှင်ထုတ်ပစ် သည်အထိ အပြစ်ပေးလေ့ရှိသည်။ များသောအားဖြင့် စုန်းပြုစားခံရသည်ဟု ထင်မှတ်လျှင် ဘိုးဘွား ဝိညာဉ်နတ်များကို အကူအညီတောင်း၍ ကုသလေ့ရှိသည်။ အကယ်၍ ရောဂါမပျောက်လျှင် ပုဏ္ဏားဆရာများက ဆိုင်ရာ၊ ပိုင်ရာ နတ်များအား ကြက်၊ ဝက်၊ နွား၊ ခေါင်ရည် စသည်များဖြင့် ပသ၍ ရောဂါကို ကုသပေးကြသည်။

## (၂) နတ်ကွန်းနှင့်နတ်ဆရာ

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းများသည် ရွာဘုံနတ်၊ ဘိုးဘွားဝိညာဉ်နတ်၊ တောတောင်သစ်ပင်နတ် စသည်ဖြင့် ရှိသော်လည်း ယင်းနတ်များကို ကိုယ်စားပြုသော နတ်ရုပ်ထုများမရှိပေ။ အချို့သော ရွာများတွင် ရွာဘုံနတ်ကွန်းနတ်စင်ပင်မရှိချေ။

ရှေးအခါက ကျေးလက်တောရွာများတွင် ရွာဘုံနတ်ကို ပူဇော်ပသရန် ရွာထိပ်များတွင် လည်းကောင်း၊ ရွာလယ်မြေသန့်နေရာများတွင် လည်းကောင်း၊ ကျောက်ပြားများကို စီကာဆင့်ကာဖြင့် ပြုလုပ်ထားသော ကျောက်တုံးစင်မြင့်များရှိသည်။ နတ်စင်များကို ကြီးမား အုံ့ဆိုင်းသော သစ်ပင်ကြီးများ အောက်တွင် သက်ငယ်၊ ဝါးတိုင်၊ သစ်သားတိုင်များဖြင့် ယာယီဆောက်လုပ်ထားတတ်သည်။ ယင်းနတ်ကွန်း၊ နတ်စင်နေရာများကို မလေးမစားမပြုရ ဟုအယူအဆရှိသည်။

---

[၁] Witchcraft

[၂] Ancestor worship/ cult

ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းများသည် မူလအစဦး၌ "အမိဘုရားသခင် (သို့မဟုတ်) လီထာဝရဘုရား " ကို ယုံကြည်ခဲ့ကြရာမှ ဘိုးဘွားဝိညာဉ်တန်ခိုးရှင်များအား ယုံကြည်ကိုးကွယ်လာကြသဖြင့် ရှေးယခင်က နတ်ဆရာများ များစွာ ရှိခဲ့သည်။ ၄င်းနတ်ဆရာများကို အရှိုချင်းများက ပုဏ္ဏားဆရာဟု ခေါ်သည်။ ရှေးအခါက ယောကျာ်းပုဏ္ဏားဆရာများသာမက မိန်းမပုဏ္ဏားဆရာများ ပါရှိကြောင်း လေ့လာသိရှိရပါသည်။ ထိုပုဏ္ဏားဆရာများသည် လူနာတစ်ယောက်အတွက်ဖြစ်စေ၊ လူနာများအတွက်ဖြစ်စေ ရောဂါပျောက်ကင်းစေရန် ပွဲသဘင်ကျင်းပပေးရသည်။ ပူဇော်ပသပေးရသည်။ ထိုပွဲများမှာ အချိန်အခါ တိကျစွာပြုလုပ်ကျင်းပလေ့ရှိသော ရာသီပွဲမျိုးမဟုတ်ပေ။ တစ်စုံတစ်ဦး နေမကောင်းလျှင် အချိန်မရွေးရောဂါကုစားသည့် အနေနှင့် ကျင်းပခြင်းဖြစ်သည်။ ပုဏ္ဏားဆရာများသည် နတ်တင်ခအဖြစ် ကျွဲ၊ နွား၊ ကြက်၊ ဝက် စသော ယစ်ကောင်များမှ အကောင်းဆုံးသော အသားကိုရပေသည်။ အချို့လည်း မွေးမြူရေးအလုပ်၊ တောလိုက်အလုပ်များကို တစ်ဖက်တစ်လမ်းမှ လုပ်ပြီး ဝမ်းကျောင်းရသည်လည်းရှိသည်။ ပုဏ္ဏားဆရာများသည် များသောအားဖြင့် ကျေးရွာများတွင် ဩဇာညောင်းကြ၍ ရပ်ရွာ၏ စည်းကမ်းထိန်းသိမ်းရေး၌ လည်းကောင်း၊ အငြင်းအခုန် ဖြန်ဖြေရေး၌လည်းကောင်း ကူညီဆောင်ရွက်ကြရသည်။

ယခုအခါအမျိုးသမီးပုဏ္ဏားဆရာများ မရှိတော့ဘဲ ယောကျာ်းပုဏ္ဏားဆရာများသာ ရှိတော့သည်။ ပုဏ္ဏားဆရာများသည် အများအားဖြင့် သားစဉ်မြေးဆက် ပြုလုပ်ဆောင်ရွက်လေ့ရှိသည်။ ဘိုးဘွားဝိညာဉ် တန်ခိုးရှင်များနှင့် ၄င်းတန်ခိုးရှင်များကို ကိုးကွယ်သူများကြားမှ ပူဇော်ပသမှုများကို ဆောင်ရွက်ပေးရသူဖြစ်သည်။ ထို့ပြင် ယခုအခါ ပုဏ္ဏားဆရာများသည် ဘာသာရေးဆိုင်ရာ ကိစ္စများတွင် အချိန်ပြည့်ဆောင်ရွက်သူဖြစ်သည်။

ပုဏ္ဏားဆရာများသည် ပူဇော်ပသရာ၌လည်းကောင်း၊ ဆုတောင်းရာ၌လည်းကောင်း၊ အတိတ်နိမိတ်ကောက်ရာ၌လည်းကောင်း ဟောကိန်းထုတ်ရာ၌လည်းကောင်း ကျွမ်းကျင်သူဖြစ်ရလေသည်။ ထို့ပြင် နတ်ဆရာသည် ရွာ၌ ရောဂါဘယဖြစ်ပေါ်မည့် အရိပ်လက္ခဏာ အတိတ်နိမိတ်များ မြင်သည်ရှိသော် နတ်ဆိုးများကို နှင်ထုတ်၍ နတ်ကောင်း၊ နတ်မြတ်များကို အကူအညီခေါ်တတ်ရလေသည်။ နတ်ဆရာများသည် ဂိုဏ်း (သို့မဟုတ်) အဖွဲ့အစည်း

မရှိသော်လည်း တစ်ဦးက တစ်ဦးကို အကူအညီတောင်းသောအခါ၌လည်းကောင်း၊ ရောဂါကြီးများကုစားရာတွင်လည်းကောင်း အချင်းချင်းကူညီမှုရှိကြသည်။

ယခုအချိန်တွင်မူ ခေတ်မီဆေးဝါးကုသမှုကို အားကိုးလာသဖြင့် ဓလေ့ထုံးစံအရ ပူဇော်ပသသည့် အလေ့အထများ တဖြည်းဖြည်းလျော့နည်းလာလျက်ရှိသည်။ သို့သော် တောင်ယာ သီးနှံများ ဖွံ့ဖြိုးရန်နှင့် ကျန်းမာရေး အလွန်ဆိုးသော အခါများတွင် ယခုတိုင်အောင် ပူဇော်ပသမှုများ ပြုလုပ်လျက်ရှိသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ခ) ရိုးရာပွဲတော်များ

ပန်းတောင်းမြို့နယ်အတွင်းတွင် နေထိုင်ကြသော အရှိုချင်းတိုင်းရင်းသားများသည် ရာသီအလိုက် ရိုးရာပွဲတော်များကို ကျင်းပပြုလုပ်လေ့ရှိကြသည်။ များသောအားဖြင့် ကျင်းပလေ့ရှိသော ရိုးရာပွဲတော်များမှာ သီးနှံမစိုက်မီ မြေတိုင်တည်ခြင်း၊ ပုန်းမကြည်နတ်တင်ပွဲ၊ စပါးရိတ်သိမ်းချိန်တွင် လယ်ရှင်ကြီး တင်မြှောက်ခြင်း၊ ကောက်သစ်စားပွဲ၊ စပါးလိပ်ပြာသိမ်းပွဲ၊ တောင်ယာစပါးတင်း (၁၀၀) ပြည့်ပွဲ၊ မိုးကောင်းနတ်ကိုးပူဇော်ပွဲ၊ အိမ်သစ်တက်ပွဲစသည့် ပွဲတော်များ ကျင်းပလေ့ရှိသည်။

### (၁) မြေတိုင်တည်ခြင်း

မြေတိုင်တည်ခြင်းကို အရှိုချင်းဘာသာစကားဖြင့် "ဒိုက်ဟဲင်း " ဟု ခေါ်သည်။ တောင်ယာစပါးမစိုက်ပျိုးမီ၊ ကြက်ဖို (၁) ကောင်၊ ကြက်မ (၁) ကောင်တို့ကို ရင်မှ ထက်ခြမ်းခွဲပြီး ချက်ပြုတ်ကာ နှီးဖြင့်ယက်ထားသော ဆန်ကောနက်နက်ပုံစံရှိသည့် ခေါခွက်လေးလုံးတွင် ဖက်ခင်းပြီး တစ်လုံးလျှင် တစ်ခြမ်းစီထည့်ကာ မြေတိုင်တည် ခြင်း ပြုလုပ်ကြသည်။ တစ်ချို့မှာ ခေါင်ရည်ထည့်ထားသော ခေါင်ဖူးများလည်းပါကြသည်။ ဤသို့မြေစောင့်နတ်အား ပူဇော်ခြင်းဖြစ်သည့် မြေတိုင်တည်ခြင်းမှာ သီးနှံများပိုးမကျစေရန်နှင့် လူများလည်း ကျန်းမာရေး ကောင်းစေရန် ပြုလုပ်ခြင်းဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းကို အရှိုချင်းဗုဒ္ဓဘာသာဝင်ရော ခရစ်ယာန်ဘာသာဝင်များပါ ဆက်လက်ထိန်းသိမ်းကာ ယနေ့တိုင်ကျင့်သုံးလျက်ရှိပေသည်။

ယခုအခါတွင်လည်း ကောက်မစိုက်မီ မြေတိုင်တည်ခြင်းပြုလုပ်ပြီး ကောက်စိုက်သူများကို တစ်ခါတည်း ကြက်သားကျွေးမွေးကာ ခေါင်ရည်များတိုက်ပြီး မြေတိုင်တည်သည့် နေ့မှာပင် ကောက်စတင်စိုက်ပျိုးခြင်းများပြုလုပ်ကြသည်။

## (၂) ပုန်းမကြည်တင်ခြင်း

သီးနှံပေါ်ချိန် နတ်တော်လတွင် ကြက်တစ်ကောင်ဖုတ်ပြီး ခေါင်တစ်ဗူးနှင့် ကြက်ဥတစ်လုံးကို အစိမ်းကိုးပြီးမှ ပြုတ်ကာ လယ်ပုန်းမကြည်ကို တင်ရသည်။ ပြုတ်ထားသော ကြက်ဥတစ်လုံး၏ ထိပ်မှ အခွံခွာလိုက်လျင် ခွက်နေသော နေရာမှ အသားများမောက်နေလျင် ကောက်ပဲသီးနှံပေါများမည်ဟု ယူဆကြသည်။ ကြက်သေနှင့် ကြက်ဥကို ခေါ်ခွက်ပေါ်တင်၍ ပုန်းမကြည်မကို ပူဇော်ပသထားပြီး စပါးရိတ်ခြင်းမျိုးဖြစ်သည။

ထို့နောက် ရိတ်ပြီးသော ကောက်လှိုင်းများကို အိမ်သို့ယူဆောင်ချိန် တပို့တွဲလတွင်လည်း ပုန်းမကြည်တင်ကြပြန်သည်။ ဤသို့တင်ရာတွင် ကောက်လှိုင်းပေါ်တွင် စောင်ဖြူခင်းကာ ၄င်းစောင်ပေါ်တွင် ဖက်ခင်းပြီး အထက်ပါနည်းအတိုင်း ကြက်ဖြင့်ဒုတိယအကြိမ် ပုန်းမကြည်တင်ပြန်သည်။ ဤသို့ ပုန်းမကြည်တင်ရာတွင် မိသားစုသာ ပြုလုပ်ခြင်းဖြစ်ပြီး အခြားလူများကို ဖိတ်ခြင်းမရှိပါ။ ပုန်းမကြည်တင်သော ကြက်ကို အိမ်သားများသာစားကြသည်။ ဤသို့ ကောက်လှိုင်းသယ်ချိန် မလုပ်လျင်လည်း စပါးလှေ့သောအခါတွင်လည်း ပုန်းမကြည်နတ်ကို ဒုတိယအကြိမ်တင်လေ့ရှိကြသည်။ ဤသို့ ပုန်းမကြည်တင်ရာတွင် အလယ်တွင် အပေါက်ပါရှိသည့် လယ်ထဲမှ ရွှံ့တုံး (ပုဇွန်ကျစ်စာလုံး) များ အလယ်တွင် ပန်းများစိုက်ကာ အထက်ပါနည်းအတိုင်း ကြက်ဖြင့်ပုန်းမကြည်တင်ခြင်းဖြစ်သည်။ ထိုရွှံ့တုံးကို စပါးကျီထဲသို့စပါးများနှင့် အတူထည့်လေ့ရှိကြသည်။ စပါးများကို တိုးပွားစေရန်ရည်ရွယ်ခြင်းဖြစ်သည်။ ၄င်းကို အရှိချင်းဘာသာစကားဖြင့် "ပွတ်ကလိုင်လုံ" ဟု ခေါ်သည်။

## (၃) လယ်ရှင်ကြီးတင်ခြင်း

စပါးမှည့်ပြီး ရိတ်သိမ်းချိန် နတ်တော်၊ ပြာသိုလတွင် လယ်ရှင်ကြီး တင်မြှောက်ခြင်းလည်းပြုလုပ်ကြသည်။ ဤသို့တင်မြှောက်ရာတွင် ငှက်ပျောနှစ်ဖီး၊ လွှက်အသားအနည်းငယ်ကို ကွမ်းရွက် နှင့် ထုပ်ထားသော လွှက်တစ်ထုတ်၊ ထုံးနှင့်ကွမ်းသီး နှစ်မျိုးသာပါသော ကွမ်းတစ်ယာ၊ ကောက်ညှင်းထည့်ထားသော လွှက်ရည်အကြမ်း ပန်းကန်တစ်လုံး၊ ဖရောင်းတိုင် တစ်တိုင်ထွန်းပြီး ဆေးရွက်ကြီး ဆေးပြင်းလိပ်တစ်လိပ်နှင့် လယ်ရှင်ကြီးအား လယ်ပိုင်ရှင် ကိုယ်တိုင် ပူဇော်ပသပြီး ပိုးမွှားများ ဖယ်ရှားပေးရန်၊ သီးနှံများပြည့်ပြည့်ဝဝ ရရှိစေရန် အတွက် ပူဇော်ပသကြသည်။ ဤသို့လယ်ရှင်ကြီးတင်ရာတွင် လယ်၏ ကန်သင်းကုန်းစပ် ပေါ်တွင် တင်မြှောက်ခြင်းသာဖြစ်သည်။ မိသားစုတင်မြှောက်ခြင်းသာဖြစ်သည်။ ဧည့်သည်များမဖိတ်ကြပေ။ ယခုအခါတွင်လည်းလယ်ရှင်ကြီးတင်မြှောက်ခြင်းဓလေ့မှာ အရှိုချင်းတိုင်းရင်းသားများ ဆက်လက်ကျင့်သုံးလျက်ရှိပြီး မြန်မာ လယ်ကွက်များကိုပင် အရှိုချင်းတိုင်းရင်းသားများက တင်မြှောက်ပေးကြကြောင်း လေ့လာသိရှိရပါသည်။

## (၄) ကောက်သစ်စားပွဲ

တောင်ယာနှင့်ပတ်သက်သော ပွဲတော်အမျိုးမျိုးရှိသည့်အနက် ကောက်သစ်စားပွဲသည် အရှိုချင်း တိုင်းရင်းသားတို့အတွက် အဓိကကျသော ပွဲတော်တစ်ခုပင်ဖြစ်သည်။ ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများသည်လည်း ကောက်သစ်စားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပကြောင်းသိရှိရပါသည်။ ကောက်သစ်စားပွဲကို အရှိုချင်းဘာသာစကား ဖြင့် "ဓောင်ထာအေပွေ" ဟုခေါ်သည်။

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများသည် ကောက်သစ်စားပွဲကို စပါးပင်များရင့်သန်လာချိန် နတ်တော်လတွင် ကျင်းပလေ့ရှိသည်။ စိုက်ပျိုးထားသော တောင်ယာထွက်သီးနှံများကို ပွဲနေ့မတိုင်မီ ခူးစားခြင်းမပြုရပေ။

ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများသည် ရှေးအခါက ကောက်သစ်စားပွဲပြုလုပ်ရာတွင် ပထမဦးစွာ လယ်ကွင်းတွင် နတ်စင်ဆောက်ကာ ရိုးရာနတ်

ကိုဖိတ်ပြီး လူတစ်ကြိတ်နှင့်နတ်စင်ကို ပန်းပွားများဆင်ကာ ဝက်ဖြင့် တောင်ယာနတ်ကို ပူဇော်ကာ ပျော်ပွဲသဘင်ကျင်းပခြင်းမျိုးဖြစ်သည်။ ဤသို့ပူဇော်ပြီးနောက် စိုက်ပျိုးထားသော သီးနှံမျိုးစုံမှ အနည်းငယ်စီကို ခူးကာ အိမ်သို့ပြန်၍ အိမ်တွင် ကောက်သစ်စားပွဲ ပြုလုပ်ကြ ပြန်သည်။ ဟင်းဦး၊ ဟင်းညွန့်နှင့် ဖွတ်လိပ်၊ ပဒတ်များ ရှာဖွေပြီး ရွတ်ဆိုမှုများ ပြုလုပ်ကြ သည်။ ဤသို့ပြုလုပ်ခြင်းမှာ သီးနှံအောင်မြင်စေရန်၊ အကျိုးစီးပွား တိုးတက်စေရန် အတွက် ကွယ်လွန်ပြီးသော မိဘ၊ ဘိုးဘွား၊ ဆရာသမားများအား ပူဇော်ပသခြင်းမျိုးဖြစ်သည်။

ယခုအခါ ကောက်သစ်စားပွဲကျင်းပရာ၌ လယ်ကွင်းတွင် တောင်ယာနတ် ပူဇော်ခြင်း များကို မတွေ့ရတော့ပေ။ အိမ်များတွင်သာ ပြုလုပ်ကြသည်။ အိမ်တွင် ပြုလုပ်သော ကောက်သစ်စားပွဲတွင် သမီးများက ခေါင်ဖူးများပို့ကြပြီး သားများကလည်း သမီးယူလာ သော ခေါင်ဖူးအရေအတွက်နှင့်အညီ ခေါင်အိုးများဖြင့် ဧည့်ခံကြသည်။ ခေါင်းအိုးတွင် ပလူတန်စိုက်ကာ အိမ်အပြင်ဘက်တွင် သောက်ကြရသည်။ လင်းကွင်း၊ မောင်းများနှင့် ဝါးညှပ်အကများ ချင်းရိုးရာ အကများနှင့် ကပွဲသဘင်ကိုလည်း ထိုကောက်သစ်စားပွဲတွင် ကျင်းပလေ့ရှိသည်။ အပြင်လူက ခေါင်အိုးနှင့်ပျော်ပြီး အတွင်းလူက ခေါင်ဖူးနှင့်ပျော်ကြ ကာ ယောကျာ်းလေး သပ်သပ်၊ မိန်းကလေးသပ်သပ် ပျော်ရွှင်ကြသည်မှာ တစ်ညလုံး မိုးလင်းသည်အထိ ကျင်းပကြသည်။ လူငယ်လူရွယ် မောင်မယ်များသည် တောင်ယာလုပ်ချိန် မှစ၍ ပင်ပန်းသမျှ အမောပြေစေရန် ပွဲလုပ်၍ ပျော်ရွှင်ကြခြင်း ဖြစ်သည်။

ကောက်သစ်စားပွဲမှာ နံနက်စောစောအချိန်မှစ၍ ပြင်ဆင်ချက်ပြုတ်ကြရသည်။ ဤသို့ပြုလုပ်ရာတွင်လည်း ယောကျာ်းအလုပ်၊ မိန်းမအလုပ်ဟု ခွဲခြားခြင်းမရှိဘဲ တစ်ရွာလုံး ပင်ဝိုင်းဝန်းကာ လုပ်ကိုင်ကြသည်။ ဤသို့လုပ်ကိုင်ကြရင်း လူငယ်လူရွယ်များသည်လည်း အချင်းချင်း စကြ၊ နောက်ကြ၊ ကလူကြည်စယ်ပြုကြကာဖြင့် အပန်းပြေစေကာ အလွန်ပင် ပျော်ရွှင်ကြကြောင်းသိရပါသည်။

ညအခါ ခေါင်ရည်များ သောက်ကြရာတွင်လည်း ရိုးရာဓလေ့အရ ယဉ်ကျေးစွာ သောက်ကြရသည်။ အလွန်အကျွံသောက်ခြင်းများမရှိပေ။ ထိုကောက်သစ်စားပွဲတွင် လူငယ် လူရွယ်များသာ ပျော်ရွှင်ကြသည်မဟုတ် အဘိုးအို၊ အဘွားအိုများသည်ပင် လင်းကွင်း၊ မောင်းများတီးမှုတ်ကခုန်ကြကာ အလွန်ပင်ပျော်ရွှင်ကြကြောင်း လေ့လာရပါသည်။

ဤသို့ဖြင့် ကောက်သစ်စားပွဲမှာ နံနက်မိုးသောက်မှ စတင်ပြင်ဆင်ကြပြီး ညဘက်တွင် ခေါင်ရည်များသောက်ခြင်း၊ ကပွဲသဘင်များမှာလည်း တစ်ညလုံး နံနက်မိုးလင်းအထိ ကျင်းပကြသဖြင့်နောက်တစ်နေ့နံနက်တွင်မှ ကောက်သစ်စားပွဲပြီးဆုံးလေသည်။

တစ်နှစ်တာလုပ်ငန်း အောင်မြင်ပြီးဆုံးပြီးနောက် ထိုနှစ်အတွင်း ရရှိသော အသီးအနှံများအတွက် အောင်ပွဲခံသည့် ပွဲတော်နှင့် တဆက်တည်း ထိုနှစ်အတွင်း ကျေးရွာတွင် ကျရောက်ခဲ့သော နတ်ဆိုးများ၏ ဘေးဒုက္ခများကို မောင်းထုတ်ဖယ်ရှားပြီး တစ်နှစ်တာ လုပ်ငန်းမှ ရရှိသော သီးနှံများဖြင့် ပျော်ရွှင်စွာ ဧည့်ခံကျွေးမွေးသည့် ပျော်ပွဲရွှင်ပွဲကြီး တစ်ရပ်ပင်ဖြစ်ပါသည်။

ရွာနှင့်ဆိုင်သော ပွဲဖြစ်၍ ရွာနှင့်မပတ်သက်သောသူများ ဝင်ရောက်လာခြင်းကို မလိုလားပေ။ ကောက်သစ်စားပွဲ ကျင်းပနေချိန်တွင် ရွာထဲ၌ဧည့်သည်များ ဝင်မလာရဟု ကြေညာထားသည်။ ဧည့်သည်များ ဝင်လာခဲ့သော် အရေးအခင်းပျက်သည်ဟု ယူဆ၍ လျော်ကြေးငွေအဖြစ် ကောက်သစ်စားပွဲ ကုန်ကျစရိတ်အားလုံးကို ဧည့်သည်က စရိတ်ခံရသည်။

ကောက်သစ်စားပွဲတော်သည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု အိမ်ထောင်စု တစ်စုနှင့်တစ်စု ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေပါသည်။

သို့သော် ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသာ (၉၀) ရာခိုင်နှုန်း နီးပါးသည် ရှေးပဝေသဏီခေတ်က ရိုးရာဓလေ့ထုံးတမ်းအရ ကိုးကွယ်ခဲ့သော ဘိုးဘွားဝိဉာဉ်နတ်ကိုးကွယ်မှုကို စွန့်လွှတ်ကြပြီးဖြစ်သည်။ ယခုအခါ ဗုဒ္ဓဘာသာဝင် အရှိုချင်းအချို့သာ လျှင် ကောက်သစ်စားပွဲပြုလုပ်ကြပြီး ခရစ်ယာန်ဘာသာဝင် အရှိုချင်းများသည်လည်း မိမိတို့ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို တမူပြောင်းကာ မပျောက်ကွယ်စေဘဲ ကောက်သစ်များကို ခရစ်ယာန် ဘုရားကျောင်းသို့ ဝတ်ပြုကိုးကွယ်ခြင်းနှင့်အတူ ပေးလှူသည့် ဓလေ့များရှိသည်။ ရှေးအခါက ခေါင်ရည်များနှင့်တည်ခင်းဧည့်ခံသကဲ့သို့ ယခုအခါတွင် ခရစ်ယာန် ဘာသာဝင်များပီပီ ယဉ်ကျေးသိမ်မွေ့စွာ ခေါင်ရည်သောက်ကြပြီး မိမိတို့၏ ရိုးရာဓလေ့ကို ထိန်းသိမ်းရင်း အတူတကွ ဆုတောင်းဝတ်ပြုခြင်းများလည်းရှိပါသည်။

ပန်းတောင်းမြို့နယ်ရှိ အရှိုချင်းကျေးရွာများဖြစ်သည့် ဂုံညှင်းတန်းချင်းရွာနှင့် ပဲကြီး ချင်းရွာများတွင် ကောက်သစ်စားပွဲမှာ ပျောက်ကွယ်သလောက်ဖြစ်သည်။ အကြောင်းမှာ သီးနှံထွက်နည်းပါးလာခြင်း၊ စီးပွားရေးကြပ်တည်းလာခြင်း၊ ယုံကြည်ကိုးကွယ်မှုများ ကွဲပြားလာခြင်းတို့ကြောင့် ကောက်သစ်စားပွဲ ကျင်းပပြုလုပ်ခြင်း မတွေ့ရတော့ခြင်း ဖြစ်ပေသည်။

## (၅) စပါးလိပ်ပြာသိမ်းပွဲ

ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းများသည် စပါးရိတ်သိမ်းပြီး၍ စပါးလှေ့၊ စပါးနယ်အပြီးတွင် တပို့တွဲ၊ တပေါင်းလများ၌ စပါးလိပ်ပြာသိမ်းပွဲများ ပြုလုပ်ကြသည်။ အရှိုချင်းများသည် စပါးများ မလေလွင့်စေရန် ရည်ရွယ်၍ စပါးလိပ်ပြာသိမ်းပွဲပြုလုပ် ခြင်း ဖြစ်ပေသည်။

ဤစပါးလိပ်ပြာသိမ်းပွဲတွင် ကြက်၊ ဂျုံ၊ တောဝက်၊ ငါး၊ ပုဇွန်တို့ကို ယာထွက် သီးနှံများဖြစ်သည့် ရွှေဖရုံ၊ သခွားသီး အစရှိသည်တို့နှင့် ရောပြီး အရှိုချင်းရိုးရာဓလေ့ အတိုင်း ပြုတ်ချက်ချက်ရသည်။ ထို့ပြင် စပါးပုံ၏ဘေးတွင် ရိုင်ပတ်၍ကာပြီး စပါးလိပ်ပြာ တိုင် (၅) တိုင်စိုက်သည်။ စပါးလိပ်ပြာတိုင်ကို အရှိုချင်းဘာသာစကားဖြင့် "စောင်ဆွန်းနန်း " ဟုခေါ်သည်။ ၎င်းတိုင်များကြားတွင် လင်ပန်းတစ်ချပ်ထားသည်၊ ၎င်းလင်ပန်းပေါ်တွင် ချက်ပြုတ်ထားသော အသားများကို ဓါးနှင့်စဉ်း၍ထည့်ထားသည်။ ကြက်၏ ခေါင်း၊ ခြေထောက်၊ တောင်ပန်များကို မစင်းဘဲထည့်ထားသည်။ လင်ပန်းရှေ့ ငှက်ပျောရွက်ပေါ်တွင် ကောက်ညှင်းဆီထမင်း (၅) ပုံ၊ ထမင်း(၅) ပုံ ၎င်းအပုံပေါ်တွင် ယာထွက်သီးနှံအစုံအလင်နှင့် ရောချက်ထားသော ဟင်းတုံးများကို တင်ထားသည်။ ရှေ့တွင် သခွားသီးအကွင်းလိုက်လှီး၍ တင်ထားသည်။ စပါးလိပ်ပြာတိုင်ငါးတိုင်၏ ထိပ်တွင် စပါးသီးနှံများ ချည်ထားသည်။ လင်ပန်းရှေ့ခေါင်အိုးတွင် ပလူတန်နှစ်ချောင်း တဖက်တချက်စိုက်၍ ကြားတွင် "ယူချိုင်" ဟုခေါ်သော ခေါင်ပန်းကို စိုက်ရသည်။ ၎င်း ခေါင်အိုးမှာ အိမ်ထောင်ခွဲသမီးများနှင့်မြေးများက ညှိသည်များအား ညှိခံရန် ပို့ခြင်းဖြစ်

သည်။ သို့သော် ၄င်းခေါင်ရည်ကို ပို့သည့်သမီးနှင့်မြေးများ မသောက်ရပေ။ လင်ပန်းထိပ်တွင် ဘူးသီးချောက်နှင့်ပြုလုပ်ထားသော ခေါင်ဖူးသဏ္ဍာန်ရှိ ရေဖူးလေးတစ်ခုပါရှိသည်။

ဤသို့ ပြင်ဆင်ပြီး ပုဏ္ဏားဆရာမှ ရွတ်ဖတ်၍ တောင်ပိုင်များအား တင်မြှောက်ထားသော ဆီထမင်းနှင့် ထမင်း (၅) ပုံတွင် (၂)ပုံမှာ မိန်းကလေးများအတွက်၊ (၂) ပုံမှာ ယောကျာ်းလေးများအတွက်ဖြစ်သည်။ ကျန်တစ်ပုံမှာ ဖိတ်ကြားထားသော ဧည့်သည်များအတွက် ရည်ညွှန်းခြင်းဖြစ်သည်။ ဤသို့ တောပိုင်၊ တောင်ပိုင်များကို ဖိတ်ကြားပြီးလျှင် ရေဖူးမှ ရေများဖြန်းရသည်။ ထိုသို့တင်မြှောက်ပြီး စပါးလိပ်ပြာတိုင်မှ စပါးနှံများဖြတ်ပြီး တောင်းထဲသို့ တည့်ရသည်။ စပါးလိပ်ပြာတောင်းကို ပုဏ္ဏားဆရာက စပါးရှင်ထံ အပ်ရသည်။ ထိုအခါ စပါးရှင်သည် စပါးလိပ်ပြာတောင်းထဲရှိ စပါးများကို စပါးပုံပေါ်သို့ တင်သည်။ ၄င်းပွဲပြီးသောအခါ စပါးများကို ကျီထဲသို့သွင်းသည်။ ဤသို့ကျီထဲသွင်းသော အခါ အခကြေးငွေနှင့် ငှားစရာမလိုဘဲ လိပ်ပြာသိမ်းပွဲတွင် ဖိတ်ကြားထားသည့် အိမ်နီးချင်းများ၊ ယာနီးချင်းများက တစ်ယောက်တစ်လက် ကူညီထမ်းပိုးကာ ကျီထဲသို့ ထည့်ကြခြင်းဖြစ်သည်။ မိမိအား ကူညီသူများကို ထိုသူတို့အကူအညီလိုသောအခါ ပြန်လည်၍ အကူအညီပေးကြရသည်။ ထိုသို့ဖြင့် အချင်းချင်း အပြန်အလှန် ကူညီကြရသည့် လက်စားလိုက်နည်းကို ကျင့်သုံးကြသည်။

ဤသို့ စပါးကျီထဲသို့ စပါးသွင်းပြီးသောအခါ စပါးလိပ်ပြာမလွင့်စေရန် စပါးများပေါ်တွင် (၅) ပိဿာခန့်ရှိသော ကျောက်ခဲကို တင်ထားရသည်။ ရှေးအခါက စပါးများကို ပုတ်နှင့်ထည့်ကြရာ ကျောက်ခဲစပါးပေါ်တင်ပြီးမှ ကောက်ရိုးများ၊ နွားချေးများဖြင့် မံ၍ ဖုံးအုပ်ထားလေ့ရှိကြသည်။ ဤစပါးလိပ်ပြာသိမ်းပွဲကို အရှီချင်းဘာသာစကားဖြင့် "စောင့်စွန်ဆင်ပွေ" ဟုခေါ်သည်။ ပန်းတောင်းမြို့နယ် အတွင်းရှိ အရှီချင်းများမှာ ယခုတိုင် စပါးလိပ်ပြာသိမ်းပွဲကို ပြုလုပ်လေ့ရှိသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

စပါးလိပ်ပြာသိမ်းပွဲတွင်

ပုစ္ဆာန်းဆရာကြီး မြင့်တက်အောင်ရှိန်

ပူဇော်ပသနေပုံ





ပုစ္ဆာန်းဆရာကစပါးလိပ်ပြာတောင်းကို
စပါးရှင်ထံအပ်စဉ်






စပါးလိပ်ပြာတောင်းထဲမှ စပါးများကို စပါးပုံပေါ်သို့တင်ပုံ

## (၆) တောင်ယာစပါးတင်း (၁၀၀) ပြည့်ပွဲ

ဤပွဲကို ချင်းလူမျိုးတိုင်းလိုလိုပင် ကျင်းပလေ့ရှိကြောင်း သိရသည်။ ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများသည်လည်း ဤတောင်ယာစပါးတင်း (၁၀၀) ပြည့်ပွဲကို ရှေးအခါက ကျင်းပလေ့ရှိသော ရိုးရာဓလေ့ပွဲတော်တစ်ခုပင်ဖြစ်သည်။

ရှေးအခါက တောင်ယာစပါးတင်း (၁၀၀) ပြည့်ကြောင်းကို ရွာလူကြီးများက ထောက်ခံချက်ပြုလုပ်မှသာလျှင် ပွဲကျင်းပနိုင်သည်။ ဤပွဲမျိုးမှာ တစ်ဦးတစ်ယောက်၊ တစ်အိမ်ထောင်စုနှင့်သာဆိုင်သော ပွဲမျိုးဖြစ်သည်။ ထို့ကြောင့် ပွဲအတွက် ကုန်သော နွား၊ ဝက်၊ ကြက်၊ ခေါင်ရည်နှင့် ထမင်းဘိုးကိုလည်း ပွဲကျင်းပသော အိမ်ထောင်စုကပင် တာဝန်ယူရသည်။ ဤပွဲတွင် စပါးတင်း (၁၀၀) ပြည့်သူအား ချီးကျူးဂုဏ်ပြုသော သီချင်းနှင့် အကများကို ဝိုင်းဖွဲ့ကခုန်၍ သီဆိုကြသည်။ ဤသို့သီဆိုကခုန်ကြခြင်း၊ ပွဲကျင်းပရန် တစ်ရွာလုံး ဝိုင်းဝန်းကူညီလုပ်ဆောင်ကြခြင်းဖြင့် စည်းလုံးညီညွတ်မှုနှင့် ခင်မင်ရင်းနှီးမှုများ ပိုမိုခိုင်မြဲစေနိုင်ပါသည်။ တောင်ယာစပါးတင်း (၁၀၀) ပြည့် ကျင်းပနိုင်သူသည်လည်း ရွာတွင် ဂုဏ်ရှိန်တက်၍ ထိုသူသေလွန်သောအခါ၌ အသုဘအခမ်းအနားတွင် ဂုဏ်ပြုသီချင်းနှင့် ဂုဏ်ပြုသီဆိုပေးကြသည်။ ထို့ပြင် ထိုသူ၏ စောင်၊ ခေါင်းပေါင်း များကိုလည်း အလံအဖြစ် စိုက်ထူကာ ဂုဏ်ပြုအထိမ်းအမှတ် ပြုလုပ်ခြင်းဖြစ်သည်။ တောင်ယာစပါးတင်း(၁၀၀) ပြည့်ပွဲကို အရှိုချင်းဘာသာစကားဖြင့် "စောင်ဆွတ်ဖျားပွိုင်ဖွေ" ဟုခေါ်သည်။ ယခုအခါတွင် ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းများတွင် ဤတောင်ယာစပါးတင်း (၁၀၀) ပြည့်ပွဲကျင်းပသည့် ဓလေ့မှာ လုံးဝပျောက်ကွယ်သွားပြီဖြစ်သည်။

## (၇) မိုးကောင်းနတ်ကိုးပူဇော်ပွဲ

ရှေးအခါက အရှိုချင်းတိုင်းရင်းသားများသည် ရေကြည်ရာမြက်နုရာသို့ လှည့်လည်သွားလာနေထိုင်ခဲ့ကြသောမျိုးတူစုအဖွဲ့များဖြစ်ကြသည်။ ထို့ကြောင့်မိမိတို့ ကြိုက်နှစ်သက်သော နေရာများကို ပနက်တိုင်ထူပြီး ရွာအဖြစ်သတ်မှတ်ကာ မိုးကောင်းနတ်ကိုပူဇော်လေ့ရှိကြသည်။

ဤသို့ပူဇော်ခြင်းမှာ တည်ဆောက်ထားသော ရွာသစ်များတွင် ဆန်ရေစပါး ပေါများစေရန်၊ ရာသီဥတုကောင်းမွန်စေရန်နှင့် ရွာတွင်ရှိသော လူများရောဂါကင်းစေရန်အတွက် မိုးကောင်းနတ်ကို ပူဇော်ခြင်းဖြစ်သည်။

ရွာသစ်တည်ရာတွင် ဦးချိုကားကားနှင့် လှပသည့်နွားတစ်ကောင်၊ ဝက်တစ်ကောင်၊ ကြက်နှစ်ကောင်၊ ကြက်ဥ (၂) လုံး ခွေးတစ်ကောင်လိုအပ်ပါသည်။

နွား၏ဦးချိုမှာ တစ်တောင်ရှိပြီး နွားအမြီးမှာ တစ်လံလောက်ရှိရသည်။ အမြီးတစ်လံမပြည့်လျှင် အတုတပ်ထားပေးရသည်။ တုံးတစ်တုံးကိုချွန်ပြီး အမဲသွေးဖြန်းကာ လင်ပန်း (၇) ပွဲ (သို့မဟုတ်) (၅) ပွဲတွင် အမဲသားများထည့်ရသည်။ (၇) ပွဲမှာ အများဆုံးပြုလုပ်ခြင်းဖြစ်ပြီး (၅) ပွဲမှာ အနည်းဆုံးပြုလုပ်ရသည်။ တိုင်လေးတိုင်ကို ချွန်ပြီး အမဲသွေးလိမ်းကာ ရွာဦးထိပ်တွင် စိုက်ထူ၍ မိုးကြိုသည့်ပွဲပြုလုပ်ခြင်းပင်ဖြစ်သည်။ ဤသို့ နွားတစ်ကောင်ဖြင့် မိုးကောင်းနတ်ပူဇော်ပေးခြင်းကို သူကြီးလည်းဖြစ် ပုစ္ဆာန်းဆရာလည်း ဖြစ်သူက ပူဇော်ပေးခြင်းများ ပြုလုပ်ပေးရသည်။ အမဲသား လင်ပန်းထမ်းသူမှာ မှန်ကန်ရိုးသားသောသူမှ ထမ်းနိုင်သည်။ အမျိုးသားရော အမျိုးသမီးပါ ထမ်းနိုင်သည်။ အမျိုးသားများ၏ မိန်းမများမှာ ပဋိသန္ဓေတည်နေသည် ဖြစ်လျှင် ထိုအမျိုးသားရော သန္ဓေတည်နေသည့် အမျိုးသမီးပါ ထမ်းခွင့်မရှိပေ။ အကယ်၍ ထမ်းခဲ့မည်ဆိုလျှင် အရက်တကွဲဖြစ်တတ်သည်။ မိုးကောင်းနတ်ပူဇော်ပွဲတွင် မဖိတ်ဘဲနှင့်လည်း မလိုက်ရပေ။ ထို့ပြင် ဤဓလေ့ထုံးစံ စည်းကမ်းများကို ချိုးဖောက်ခြင်း၊ စနစ်တကျမဟုတ်ဘဲ တခြားလူမျိုးများ ပါဝင်ဆင်နွှဲကာကကြမည်ဆိုလျှင် စည်းကမ်းပျက်သဖြင့် ပါဝင်သူများအားလုံးသေကြသည်ဟု ပုစ္ဆာန်းဆရာကြီး ဖုံဂျီဆိုင်နှင့်မြင်တက်အောင်ရှိန်တို့၏ ပြောကြားချက်အရ လေ့လာသိရှိရသည်။

ဤမိုးကောင်းနတ်ပူဇော်ပွဲတွင် အသုံးပြုသော ကြက်ဥ (၂) လုံးကို ပုစ္ဆာန်းဆရာကိုယ်တိုင် မီးဖိုပြီး ကြက်ဥကိုပြုတ်၍ ရွတ်ဖတ်ပူဇော်မှု ပြုရသည်။ ပြီးလျှင် ကြက်ဥကို အခွံခွာ၍ ထိပ်ကိုကြည့်သောအခါ ကြက်ဥထိပ်ပိုင်းမောက်နေလျှင် ဆန်ရေစပါး ပေါများမည်ဟု အတိတ်ကောက်ယူကြသည်။ ကြက်နှစ်ကောင်ကိုလည်း ပြုတ်ချက်ချက်ရသည်။ ဝက်တစ်ကောင်ကိုလည်း ပြုတ်ချက်၊ ခွေးကိုလည်းပြုတ်ချက်ချက်ကာ ပုစ္ဆာန်းဆရာက

မိုးကောင်းနတ်ကို ပူဇော်ရသည်။ ပြုတ်ချက်ဟုဆိုရာတွင် အရှိုချင်းတိုင်းရင်းသားများ၏ ရိုးရာဓလေ့ ချက်ပြုတ်နည်းပင်ဖြစ်သည်။ အရှိုချင်းတိုင်းရင်းသားများမှာ ဗမာများကဲ့သို့ ဆီများများသုံးစွဲခြင်း မရှိဘဲ ရေနှင့်ပင်ပြုတ်ချက်ချက်ကြသည့် ဓလေ့မှာ ယနေ့တိုင်အောင် ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းအိမ်တိုင်းပင် တွေ့မြင်နိုင်ပါသည်။

ဤသို့ မိုးကောင်းနတ်ကိုးပူဇော်ပွဲကျင်းပရခြင်းမှာ ရွာတွင် အန္တရာယ်ကင်းစေရန် နှင့် မိုးကောင်းစွာရရှိပြီး သီးနှံထွက်ကောင်းစေရန် ကျင်းပကြခြင်းဖြစ်သည်။ ပန်းတောင်း မြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများသည် ရှေးအခါက ရွာသစ်တည်ထောင်သည့် အခါတိုင်းနှင့် မိုးဦးကျသည့်အခါတိုင်း မိုးကောင်းနတ်ကိုးပူဇော်ပွဲများ ကျင်းပကြရသည်။

ဤမိုးကောင်းနတ်ကိုး ပူဇော်ပွဲကို ကြည့်ခြင်းအားဖြင့် အရှိုချင်းတိုင်းရင်းသားများ သည် မိမိတို့ ကျေးရွာ၏ သာယာဝပြောရေး၊ အနာရောဂါများ မကျရောက်ဘဲ (၉၆) ပါးကင်း စေရန်နှင့် ဘေးအန္တရာယ် ကင်းရှင်းနိုင်ရေးအတွက် ရွာသူကြီး (ပုစ္ဆာန်းဆရာ) မှ ဦးဆောင်ကာ ရွာသူရွာသားများ စည်းလုံးညီညွတ်စွာဖြင့် ပါဝင်ဆင်နွှဲကြရသဖြင့် အချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေနိုင်ပါသည်။

မိုးကောင်းနတ်ကိုး ပူဇော်ပွဲမှာ ငွေကြေး အကုန်အကျများသဖြင့် ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းကျေးရွာများတွင် ထိုမိုးကောင်းနတ်ကိုးပူဇော်ပွဲ ကျင်းပသည့် ဓလေ့မှာ လုံးဝပျောက်ကွယ်ခဲ့ကြရခြင်း ဖြစ်ပေသည်။ မိုးကောင်းနတ်ကိုးပူဇော်ပွဲကို အရှိုချင်းဘာသာ စကားဖြင့် "ပ္လောန်ဆော်အေဖွေ" ဟုခေါ်သည်။

## (၈) အိမ်သစ်တက်ပွဲ

ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများသည် ရှေးအခါက အိမ်သစ် ဆောက်လုပ်ပြီးတိုင်း အိမ်သစ်တက်ပွဲ ကျင်းပလေ့ရှိသည်။ ၎င်းပွဲတွင် နှစ်ဖက် ဆွေမျိုးများနှင့်ခင်မင်ရင်းနှီးသူများအား ဖိတ်လေ့ရှိသည်။ ခေါင်ရည်များဖြင့် ဧည့်ခံသည်။ အတွင်းလူ အရှိုချင်းအယူအဆအရ မြင့်သူ ဟုသတ်မှတ်ထားသော မိန်းကလေး၏ ဆွေမျိုးများက ခေါင်အိုးတွင် စိုက်ထားသော ပလူတန်အရှည်ဘက်မှ သောက်ရပြီး အပြင်လူ နိမ့်သူဟု သတ်မှတ်ထားသော ယောကျ်ားဘက် ဆွေမျိုးများက ခေါင်အိုးတွင်စိုက်ထားသော

ပလူတန် အနိမ့်ဘက်မှ သောက်ကြသည်။ ဤသို့ အိမ်သစ်တက်ပွဲ ပြုလုပ်ခြင်းဖြင့် နှစ်ဖက် ဆွေမျိုးများ ပိုမိုချစ်ကြည်ရင်းနှီးမှု ရရှိစေသည်။ ယခုအခါ တွင် ဤကဲ့သို့ အိမ်သစ်တက်ပွဲ ကျင်းပခြင်းမှာ ပျောက်ကွယ်သွားပြီဖြစ်ပါသည်။

ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းကျေးရွာများ၌ တောင်ယာ စိုက်ပျိုးခြင်းနှင့် ပတ်သက်သော ပူဇော်ပွဲများမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ တောင်ယာစပါးများ စတင်စိုက်ပျိုးသော အချိန်၌ တောင်ယာသီးနှံအထွက်များရန်၊ တောင်ယာသမားများ ကျန်းမာ ချမ်းသာရှိရန် စိတ်ပျော်ရွှင်ရန် နတ်၊ ရက္ခစိုးများ ကျေနပ်ရန် နတ်ပူဇော်ပွဲများ ကျင်းပရခြင်းဖြစ် သည်။ နွား၊ ကြက်၊ ဝက်များကို သတ်၍ ပူဇော်ကြသည်။ ပူဇော်ပွဲတွင် ရွာသူရွာသားပွဲကျင်းပသူများစုပေါင်း၍လည်းကောင်း၊ အိမ်သားများစုပေါင်း၍ လည်းကောင်း ဆုတောင်းကြသည်။

လူတို့၏ စိုးရိမ်ပူပန်မှုများ ပပျောက်ပြီး စိတ်ဓါတ်တက်ကြွစေရန်အပြင် စည်းလုံးမှုရစေရန် အတွက် ထိုပွဲတော်များသည် အရေးပါသည့် ကဏ္ဍများဖြစ်သည်။ ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းများ၏ တောင်ယာနှင့်ပတ်သက်သည့် ပွဲတော်များ ကို လေ့လာကြည့်ခြင်းအားဖြင့် [၁] **ဖွံ့ဖြိုးရေးအယူထုံးဓလေ့** ကို လက်ခံယုံကြည်ခြင်းများ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ) စာပေ

အရှိုချင်းစာပေကို လေ့လာကြည့်သောအခါ စာပေသမိုင်းဟူ၍ ကျမ်းတစ်ဆူတစ်ဖွဲ့ ရေးသားမှတ်တမ်းတင်ထားခြင်း ယခုတိုင်မရှိခဲ့သေးပေ။ သို့ဖြစ်၍ ရှေးအခါမှစ၍ ယနေ့ထိ အရှို ချင်းတိုင်းရင်းသားတို့၏ စာပေဖြစ်ပေါ်မှု အရပ်ရပ်ကို မှတ်တမ်းသဘောမျိုး ရေးသားတင်ပြလိုက် ရပေသည်။

အရှိုချင်းတိုင်းရင်းသားတို့တွင် ဘာသာစကား အရေးအသား မရှိဘဲ လူ့သမိုင်းတွင် နှစ်ပေါင်းရာစုများစွာ ဖြတ်သန်းခဲ့ရသော်ငြားလည်း မိရိုးဖလာ သာသာစကား၊ ယဉ်ကျေးမှုဖြစ်သော မျိုး၊ ကဗျာ၊ လင်္ကာ၊ တေးသီချင်းများ၊ လင်္ကာဖြင့်စပ်ဆိုထားသော ပုံပြင်၊ ဒဏ္ဍာရီ၊ စကားပုံ၊

---

[၁] Fertility cult

စကားထာ၊ ပဟေဠိ၊ စကားလိမ်၊ စကားဝှက်များနှင့် စကားပရိယာယ်များသည် တိမ်မြှုပ်ပျောက်ကွယ်မသွားဘဲ အခါအားလျော်စွာ ပြင်ပယဉ်ကျေးမှုများနှင့် ထိတွေ့၍ ပြောင်းလဲတိုးတက်ဖြစ်ပေါ်မှုများရှိခဲ့သည်ကိုတွေ့မြင်ရပေသည်။ ယနေ့တိုင် မိရိုးဖလာ ပျို့၊ ကဗျာ၊ လင်္ကာ၊ တေးသီချင်းများကို ရေးမူ၊ ရေးဟန်အတိုင်း စည်းစနစ် မပျက် ကျက်မှတ်ထိန်းသိမ်း၍ အခမ်းအနားများတွင် ဝင့်ဝင့်ကြွားကြွား၊ မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုကြပြီး နိုင်သူကို ချီးကျူးဂုဏ်ပြုတတ်ကြသည်။ ငယ်ရွယ်သူတို့သည်လည်း အားကျအတုယူကာ အားကြိုးမာန်တက် လေ့ကျင့်တတ်ကြပေသည်။ မိဘဘိုးဘွားများကလည်း ကြပ်မတ်၍ သွန်သင်ညွှန်ပြပေးတတ်ပြီး မိရိုးဖလာ ယဉ်ကျေးမှုများ မပျောက်ကွယ်မတိမ်ကောသွားစေခြင်းငှာ လူငယ်တို့၏ ကြိုးပမ်းမှုများကို အသိအမှတ်ပြု၍ အားပေးချီးမြှင့်တတ်ကြသည်။ ထို့ကြောင့်လည်း အရှိုချင်းတိုင်းရင်းသားတို့၏ ဘာသာယဉ်ကျေးမှုသည် နှုတ်တက်အာဂုံဆောင် ဘဝနှင့်ရပ်တည်ခဲ့ရသော်ငြားလည်း တိမ်မြှုပ်ပျောက်ကွယ်မသွားဘဲ အစဉ်ရှင်သန် အားကောင်းလျက်ရှိခဲ့ပေသည်။

၎င်းအပြင် လူငယ်အပေါင်းတို့အား နှုတ်မှတ် ရေးဟောင်းရာဇဝင်များ၊ လင်္ကာသီချင်းကျူးခြင်းများ အစရှိသော ယဉ်ကျေးမှု အနုပညာအရပ်ရပ်တို့ကိုလည်း သင်ပေးသေး၏။ သို့ဖြစ်၍ ရှေးအခါက အရှိုချင်းတိုင်းရင်းသားများတွင် စာပေဟူ၍ မရှိပေ။ အရှိုချင်းစကားများ၊ ကဗျာ၊ လင်္ကာ သီချင်းများကို နှုတ်နှင့်ပင် အာဂုံဆောင်ကြသည်။ ၎င်းကို အရှိုချင်းဘာသာစကားဖြင့် "မုံထင်" နှုတ်တိုက်ဆောင်ခြင်းဟုခေါ်သည်။

အရှိုချင်းတိုင်းရင်းသားများတွင် စာပေအနေဖြင့် မှုရင်းအရေးအသားများ မရှိခဲ့ပေ။ လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ခန့်ကမှသာ ဆမိုးလှဦးနှင့် အမေရိကန်သာသနာပြု ဘော်လွင်နှင့် အီးစီဂ္ဂန်ဒစ် တို့သည် မြန်မာအက္ခရာကို အခြေခံကာ တီထွင်ရေးသားခဲ့ကြပေသည်။ မြန်မာဗျည်းများနှင့် ပိုးကရင်သရများကို တွဲဘက်အသုံးပြုကာ အနည်းငယ်ဖြည့်စွက် တီထွင်ခဲ့ကြခြင်းဖြစ်သည်။ ဂ္ဂန်ဒစ် လက်ထက်တွင် နယ်အနှံ့သင်ပေးနိုင်ခဲ့သည်။

အမေရိကန် သာသနာပြု ဘော်လွင်နှင့် ဂ္ဂန်ဒစ်တို့တီထွင်ခဲ့သော အရှိုချင်းစာပေကို ပန်းတောင်းမြို့နယ်အတွင်းတွင် ခရစ်ယာန်ဘာသာဝင် အရှိုချင်းများသာ အသုံးများသော စာပေဖြစ်သည်။ ဗုဒ္ဓဘာသာ အရှိုချင်းတော်တော်များများသည် အရှိုချင်းအသံထွက်ကို မြန်မာဘာသာဖြင့် နီးစပ်နိုင်သလောက် ရေးသားခြင်းနည်းကိုသာ အသုံးများသည်။

အရှိုချင်းသင်ပုန်းကြီးတွင် ဗျည်းအက္ခရာ (၂၆) လုံးနှင့် သရ (၁၁) လုံး ပါဝင်ပေသည်။ ဗျည်း (၂၆) လုံးအနက် ရေးထုံးမပျက် မူလအသံထွက်အတိုင်း သုံးစွဲထားသော (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ၊ ည၊ တ၊ ထ၊ ဓ၊ န၊ ပ၊ ဖ၊ ဗ၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ ဟ၊ အ) မြန်မာဗျည်းအက္ခရာ (၂၂) လုံး၊ ရေးထုံးမပျက် အသံထွက်ပြောင်း၍ သုံးစွဲထားသော (ဒ နှင့် ဘ) မြန်မာဗျည်းအက္ခရာ (၂) လုံး၊ ရေးထုံးမပျက် အသံထွက်ပြောင်း၍ ဗျည်းအက္ခရာအဖြစ် သုံးစွဲထားသော မြန်မာသရ (ဧ) တစ်လုံး၊ ရေးထုံးမပျက် မူလအသံထွက်အတိုင်း သုံးစွဲထားသော မြန်မာဗျည်းနှစ်ထပ်ဆင့် (ရှ) တစ်လုံးဟူ ဗျည်းအက္ခရာ စုစုပေါင်း (၂၆) လုံးဖြစ်သည်။ သရ (၁၁) လုံးမှာ -ံ၊ -့၊ -ဲ၊ -်၊ -ျ၊ -ျံ၊ -ု၊ -ူ၊ -ိ၊ -ီ၊ -ိံ တို့ဖြစ်ကြသည်။

ထိုအရှိုချင်းစာပေဖြင့် ခရစ်ယာန်ဓမ္မသစ်ကျမ်းကို ၁၉၅၄ ခုနှစ်တွင် ရေးသားထုတ်ဝေပြီးဖြစ်သည်။ ထိုနှစ်မှာပင်အရှိုချင်းဓမ္မသီချင်းစာအုပ်ကိုလည်းထုတ်ဝေနိုင်ခဲ့သည်။ ခရစ်ယာန်ဓမ္မဟောင်းကိုကား ပြန်ဆိုနေဆဲဖြစ်ပါသည်။

၁၃၄၆ ခုနှစ်၊ တပေါင်းလဆန်း (၁၄) ရက် တနင်္လာနေ့တွင် ပန်းတောင်းမြို့နယ် ကျောင်းဦးအုပ်စု သံလယ်ကြီးကျေးရွာတွင် အရှိုချင်းကျေးရွာတိုင်းမှ ပုဏ္ဏားပညာနှင့် အရှိုစာပေပညာများကို တစ်လတိတိသင်ကြားပို့ချပေးမည်ဖြစ်၍ ကျေးရွာအုပ်စုအလိုက်ကျေးရွာကိုယ်စားလှယ်တစ်ယောက်နှင့် ကော်မတီလူကြီးတစ်ယောက် စုစုပေါင်း နှစ်ယောက် ဆွေးနွေးပွဲသို့ မပျက်မကွက်တက်ရောက်ရန် မြေပြန့်အရှိုချင်းဘာသာဥက္ကဋ္ဌ ဖုံဂျီဆိုင် (သံလယ်ကြီးကျေးရွာ) ၏ (၂၅) ကြိမ်မြောက် ပန်ကြားလွှာအရ ရိုးရာယဉ်ကျေးမှုနှင့် စာပေပြန့်ပွားရေး လုပ်ငန်းများကို ကျေးရွာများစုပေါင်းကာ ဆောင်ရွက်ခဲ့ကြကြောင်း လေ့လာတွေ့ရှိရပါသည်။

အချုပ်ဆိုရသော် ယနေ့မြေပြန့် အရှိုချင်းတိုင်းရင်းသားတို့သည် စာရေးနည်း စနစ်အမျိုးမျိုးရှိသည်ဟု ပြောဆိုနိုင်လေသည်။ အရှိုချင်း အသံနှင့် အနီးစပ်ဆုံး ဖတ်၍ရအောင် မြန်မာစာလုံးပေါင်းဖြင့် စပ်ဆိုခဲ့သော ဒေါက်တာဆလိုင်းထွန်းသန်း၏ အရှိုချင်းရေးကဗျာတစ်ပုဒ်မှာ လူမှုရေးလုပ်ဆောင်ချက်များကို စည်းကမ်းတကျ လုပ်ကိုင်ကြရန် ပညာပေးထားသည့် ကဗျာတစ်ပုဒ်ထွက်ပြီးဖြစ်သည်။ ၁၉၆၃ ခုနှစ်အထိ အရှိုချင်းဓမ္မတေးသီချင်းပေါင်း (၃၀၀) ကိုလည်း ထုတ်ဝေနိုင်ခဲ့သည်။ ဆက်လက်၍လည်း ဓလေ့ထုံးစံများကို ရေးသားရန် ကြိုးပမ်းလျက်ရှိသည်။ သို့ဖြစ်၍ အရှိုချင်းတိုင်းရင်းသားတို့၏ စာပေလောကကြီးကို လေ့လာကြည့်သောအခါ ယခုအခါတွင်

နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုနှင့် လက်တွေ့ဆောင်ရွက်ချက်များအရ အမျိုးသားစိတ်ဓါတ် အပြည့်အဝဖြင့် အရှိုချင်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို ပြန်လည်ထုတ်ဖော်လျက်ရှိပေသည်။ ထို့အပြင် အရှိုချင်းတိုင်းရင်းသား စာပေတတ်မြောက်ရေး၊ စာပေအစွမ်းသတ္တိများကို အရှိုချင်းတိုင်းရင်းသားတို့၏ လူမှုရေး၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် အသုံးပြုနိုင်ရေး၊ စာပေညီညွတ်ရေး စသည့် အခြခံများဖြင့် မျက်မှောက်ခေတ် အရှိုချင်းစာပေလောကကြီးသည် တက်ကြွလှုပ်ရှားလျက်ရှိနေသည်ကို တွေ့ရပါသည်။

## (ဃ) တေးဂီတနှင့်အကအခုန်

ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းအမျိုးသား၊ အမျိုးသမီးများသည် တူရိယာ၊ ဂီတ၊ အကအခုန်နှင့် သီချင်းသီဆိုမှုကို များစွာနှစ်သက်ကြလေသည်။ အရှိုချင်းတိုင်းရင်းသားတို့၏ တူရိယာ ပစ္စည်းများသည် အများအားဖြင့် ရိုးရာဓလေ့အရ ပြုလုပ်ထားသော ပစ္စည်းများဖြစ်သည်။

အရှိုချင်းတိုင်းရင်းသားများ၏ တူရိယာပစ္စည်းများတွင် အောက်ပါပစ္စည်းများပါဝင်ကြသည်။

ယင်းတို့မှာ – (၁) လင်းကွင်း

(၂) မောင်း (မောင်းကြီး၊ မောင်းလတ်၊ မောင်းငယ်)

(၃) ချူချောင်း တို့ဖြစ်သည်။

"လင်းကွင်း " နှင့် "မောင်း " သည် အရှိုချင်းတိုင်းရင်းသားများ၏ အဓိကအသုံးပြုသော တူရိယာပစ္စည်းဖြစ်သည်။ မင်္ဂလာပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲများတွင် လင်းကွင်းနှင့်မောင်း (၃) မျိုးစလုံး အသံထွက်အောင်တီးသည်။ အသုဘအခမ်းအနားတွင် လင်းကွင်းနှင့်မောင်းကြီး (၁) လုံးကိုသာ အသုံးပြုကြသည်။ ချူချောင်းမှာ အရှိုချင်းတိုင်းရင်းသားများ၏ ရိုးရာတူရိယာ တစ်မျိုးဖြစ်သည်။ သိုက်ဝါးနှင့်ပြုလုပ်ထားပြီး ပုံသဏ္ဍာန်မှာ ဝါးခြမ်းငယ်လေးပင်ဖြစ်သည်။ အဖျားတွင်နှစ်ခုဖြစ်အောင်ခွဲထားသည်။ အရင်းဘက်တွင် အထစ်ကလေးပြုလုပ်ကာ ကြိုးဖြင့်ချည်ထားသည်။ ပါးစပ်တွင်တေ့၍ အသံထွက်အောင် မှုတ်ရသော တူရိယာတစ်မျိုးဖြစ်သည်။ ချူချောင်းမှာ ရေးအခါ လူပျိုလှည့်ရာတွင် လူပျိုအပျိုချိန်းဆိုရာ၌ လည်းကောင်း၊ ကလူကြည်စယ်၍ စောင်းကာချိတ်ကာ သီချင်းများသီဆိုရာ တွင်လည်းကောင်း အသုံးပြုသည့် ရိုးရာ တူရိယာတစ်မျိုးပင်ဖြစ်သည်။

(၁) **ရိုးရာအကများ**

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသားတို့သည် အနုပညာကို ချစ်မြတ်နိုးကြ၍ သီချင်း၊ ကဗျာ၊ လင်္ကာများကို လက်တန်းပင်ကောက်၍ စပ်ဆိုနိုင်ကြသည်။ ရောက်လာသော ဧည့်သည်များ ဂုဏ်ပြုထိုက်သူ၊ ချီးကျူးထိုက်သူများအား ဖွဲ့နွဲ့သီစပ်နိုင်ကြပေသည်။

အကအခုန်များတွင်လည်း ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ဆိုင်သော အကမျိုးစုံရှိသည်။ လူမှုရေးဆိုင်ရာ အကများတွင်လည်း သာရေး၊ နာရေး ဟူ၍ နှစ်မျိုးနှစ်စားရှိသည်။

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသားများသည် အများအားဖြင့် စုပေါင်း၍ ကလေ့ရှိကြသည်။ အမျိုးသားနှင့် အမျိုးသမီးတို့တွဲ၍ ကသည်လည်းရှိသည်။ အမျိုးသား ချည်း ကသည်လည်းရှိသည်။ အမျိုးသမီးချည်း ကသည်လည်းရှိပေသည်။ များသောအားဖြင့် ကရာတွင် ခြေထောက်အကသာများပြီး အချို့လက်နက်ကိုင်၍လည်း ကလေ့ရှိကြသည်။

ကောက်ရိတ်သိမ်းပြီး တောတိရစ္ဆာန် လိုက်လံဖမ်းဆီး၍ အကောင်ကြီးကြီး ရသော် ဂုဏ်ပြုသောအားဖြင့် ကခြင်းလည်းရှိသည်။ ရှေးအခါက အသုဘအိမ်များတွင် အသုဘပွဲ သီချင်းဆို၍လည်း ကလေ့ရှိသည်။ သေသူ အသက်ရှင်စဉ်က လုပ်ဆောင်ချက် ဂုဏ်ပုဒ်များကို ဖော်ထုတ်သီဆို၍ ကခြင်းဖြစ်သည်။ ဤကပွဲတွင် ဝမ်းနည်းသီချင်းသာဆို၍ ဝမ်းနည်းဟန်ဖြင့် လင်းကွင်းနှင့်မောင်းကြီးတစ်လုံးကို တီး၍ကပြရသည်။ သေသူ အသက်ရှင်စဉ်က ကျား၊ ကျားသစ်၊ ဝက်ဝံ၊ တောဝက် စသည့် တောကောင်ကြီးကြီးကို သတ်ခဲ့ပါက ဂုဏ်ပြုသောအားဖြင် ကခြင်းဖြစ်သည်။ အသုဘပွဲကပုံမှာ ရှေးယခင်က မောင်းတစ်လုံးနှင့် လင်းကွင်းကို အိုးကြီးတစ်လုံးတွင် ထည့်ပြီး အပေါ်တွင် ဓါးတင်ကာ ဓာတ်ဟန်ဖြင့်ကခြင်းဖြစ်သည်။ မကောင်းမိစ္ဆာများကို အနိုင်ရရန် ယုံကြည်ချက်ဖြင့် ကခြင်းဖြစ်သည်။ ယခုအခါတွင် ပျော်ပွဲရွှင်ပွဲများတွင်သာ ကကြပါတော့သည်။

ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းများ၏ အကအခုန်များမှာ အဓိကအားဖြင့် (၃) မျိုးခန့်ရှိသည်။ ယင်းတို့မှာ ဝိုင်းဖွဲ့ကခြင်း၊ ဝါးညှပ်ကခြင်းနှင့် တပင်တိုင်အကများ ဖြစ်လေသည်။ ဝိုင်းဖွဲ့၍ကခြင်းကို နတ်ပွဲများနှင့် ရာသီပွဲများတွင်ကကြသည်။

အရှိုရှိုးရာအကများ



ရှိုးရာဝါးညှပ်အက



တပင်တိုင်အက

ဝါးညှပ်အကတွင် တစ်ဖက်လျင် ယောကျာ်းလေး နှစ်ယောက် (သို့မဟုတ်) သုံးယောက်သည် ရှည်လျားသော ဝါးလုံး၏ အဖျားကိုကိုင်၍ စည်းချက်ကျကျ လှုပ်ရှားပေးသည်။ ဝါးအတွင်းသို့ ယောကျာ်းပျို နှစ်ယောက် (သို့မဟုတ်) သုံးလေးယောက်နှင့်မိန်းမပျို နှစ်ယောက် (သို့မဟုတ်) သုံးလေးယောက် တို့သည် ခုန်ကာ၊ ပျံကာ ဝင်ထွက်ကရခြင်းမျိုး ဖြစ်သည်။ ဝါးများကို စည်းချက်နှင့် ခွဲလိုက်စေ့လိုက် ပြောင်းပြီး ဝါးလုံးများအကြားတွင် ခြေမညှပ်အောင် ကသော အကဖြစ်ပေသည်။

လူအများကသော အကများအပြင် လူတစ်ဦး (သို့မဟုတ်) နှစ်ဦးအစွမ်းကို ဖော်ထုတ်၍ ကသော အကမျိုးလည်းရှိသည်။ ထို့ပြင် နေ့စဉ်ဘဝကို သရုပ်ဖော်ထုတ်သော အကမျိုးလည်းရှိသည်။ တောင်ယာလုပ်ငန်းအဆင့်ဆင့်ကို ကကွက်များဖြင့် ကပြသွားခြင်း မျိုးဖြစ်သည်။

ဤသို့ဖြင့် ရှေးယခင်က အသုဘအခမ်းအနားများတွင် သေသူဂုဏ်ပုဒ် ဖော်ထုတ်ကခြင်းဖြင့် ကျန်ရစ်သူ ဆွေမျိုးများမှာ မိမိတို့ အဖွဲ့အစည်းများ အပေါ်တွင် ဩဇာလွှမ်းမိုးမှု များရှိကြောင်းလေ့လာရပါသည်။ ထို့ပြင် ရာသီပွဲများနှင့် အခြားပျော်ပွဲရွှင်ပွဲများတွင် အဆင့်အတန်း မခွဲဘဲ ဝိုင်းဖွဲ့ကခြင်းအားခြင့် အရှိုချင်းလူငယ်များ၏ စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မြဲစေပါသည်။

## (င) အုပ်ချုပ်ရေးနှင့်ထုံးတမ်းဥပဒေ

ပန်းတောင်မြို့နယ်အတွင်းရှိ အရှိုချင်းကျေးရွာများ၏ အုပ်ချုပ်ရေးကို လေ့လာကြည့်သော အခါ ရှေးယခင်က ရွာများတွင် အုပ်ချုပ်သူ လေးဦးရှိကြောင်း သိရသည်။ ၎င်းတို့မှာ ရွာပိုင်သူကြီး၊ ချောင်းပိုင်သူကြီး၊ နယ်ပိုင်သူကြီး၊ တောင်ပိုင်သူကြီး ဟူ၍ဖြစ်သည်။ ရွာပိုင်သူကြီးမှာ အဓိကကျပြီး ရွာတွင် ဩဇာအာဏာ အရှိဆုံးသူဖြစ်သည်။ ထိုသူကြီးလေးဦးသည် ဒေသအတွင်းရှိ လူတစ်ဦး နတ်ပူဇော်သည့်အခါတွင် လည်းကောင်း၊ လူတစ်ဦးသေဆုံးသည့် အခါတွင်လည်းကောင်း ပူဇော်မှုများ ပြုလုပ်သည့်အခါ ပူဇော်သည့် တိရစ္ဆာန်၏ ပေါင်ကို ရွာပိုင်သူကြီးအားလည်းကောင်း၊ တင်ပဆုံကို ချောင်းပိုင်သူကြီးအားလည်းကောင်း၊ လက်တစ်ဖက်ကို နယ်ပိုင်သူကြီးအား လည်းကောင်း၊ လည်ပင်းကို တောင်ပိုင်သူကြီးအားလည်းကောင်း အခွန်အဖြစ်ဆက်သရပေသည်။

ရွာပိုင်သူကြီးသည် အဓိကအကျဆုံးဖြစ်ပြီး အခြားအရပ်ဒေသမှ လူများသည် သူကြီး၏ နယ်နိမိတ် အတွင်းသို့ ပြောင်းရွှေ့လာပါက ၎င်းအား ခေါင်တစ်အိုး ဆက်သရလေသည်။ သူကြီးလေးဦး တင်မြှောက်ရာတွင်လည်း လင်းကွင်းနှင့် မောင်းသုံးလုံးကို တီးမှုတ်ပြီး အကအခုန်များဖြင့် တင်မြှောက်ခြင်းဖြစ်သည်။ လူသေ၍ အခြားလူများက ထိုလူသေလောင်းကို ကိုင်မည့်သူမရှိလျှင် လည်း ရွာသူကြီးက ကိုင်ရသည်။ သင်္ဂြိုလ်ပေးရသည်။

ယခုအခါ ပြည်ထောင်စု တစ်ဝှမ်းလုံးတွင် ကျင့်သုံးနေသည့် အုပ်ချုပ်ရေး ဥပဒေအတိုင်း ရပ်ရွာလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများဖြစ်သည့် မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့၊ ကျေးရွာ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တို့မှ အရှိချင်းကျေးရွာများကို အုပ်ချုပ်လျက် ရှိပေသည်။

အရှိချင်းများ၏ တရားစီရင်နည်းမှာ တရားလို၊ တရားခံ နှစ်ဦးစလုံးခေါ်ပြီး အပြန်အလှန် စစ်ဆေးသော နည်းဖြစ်သည်။ ဖြတ်ထုံးများမှာ စာဖြင့်ရေးမှတ်ထားသော ဥပဒေမျိုးမဟုတ်ဘဲ သက်ကြီးစကား သက်ငယ်ကြားဖြင့် မှတ်သားထားသော ဖြတ်ထုံးမျိုးဖြစ်သည်။ သို့သော် မျိုးရိုးစဉ် ဆက်အကြီးအကဲများဖြစ်သဖြင့် ဖြတ်ထုံးများကို အဆင့်ဆင့် မှတ်သားနာယူခဲ့ကြသည့်အတိုင်း တရားစီရင်ရာတွင် အခက်အခဲမရှိလှချေ။

လင်ကွာ၊ မယားကွာများတွင် လျော်ကြေးပေးရသော စနစ်များကို တွေ့ရသည်။ ရာဇဝတ်မှု ကျူးလွန်ခြင်းမှာ အလွန်နည်းပါးသည်။ ခိုးမှု၊ တိုက်မှုများပင် မရှိသလောက်ဖြစ်သည်။ ရာဇဝတ်မှု များကျူးလွန်ပါက မည်သို့မည်ပုံ အပြစ်ဒဏ်ပေးသည်ကို တိကျစွာမသိရသော်လည်း (၂) ကြိမ်ထက် ကျူးလွန်ပါက သေဒဏ်ပေးသည်။ ရွာသူကြီးက အပြစ်ကျူးလွန်သူ၏ ဦးခေါင်းပေါ်တွင် အောင်လံ ကို တင်ပြီး အဓိဋ္ဌာန်မှုကို ပြုလုပ်ရာတွင် အပြစ်ကျူးလွန်သူသည် သေဆုံးသွားခြင်းဖြစ်သည်ဟု မျက်မြင်ကြုံတွေ့ဘူးသူ ပုဏ္ဏာန်းဆရာကြီး ဖုံဂျီဆိုင်၏ ပြောကြားချက်အရ လေ့လာသိရှိရပါသည်။ သို့သော် ထိုသို့အပြစ်ကျူးလွန်မှုမှာ အလွန်ရှားလှပေသည်။

ယခုအခါတွင်ပင် အရှိချင်းများ၏ အိမ်တွင် ခြံစည်းရိုးတံခါးများမရှိပေ၊ လယ်ယာလုပ်ငန်း အားလပ်သည့်အခါ မိမိပိုင် ကျွဲ၊ နွားများကို တောအတွင်းလှည့်လည် သွားလာစားသောက်ရန် လွှတ်ထားကြသည်။ လယ်ယာလုပ်ငန်းစတော့မည့် အချိန်ရောက်မှရှာဖွေကြသည်။ အချို့ ကျွဲ၊ နွား များသည် မိမိတို့ အလိုအလျောက် အိမ်များသို့ပြန်လာသည်ဟုဆိုသည်။

သို့ဖြစ်၍ ပန်းတောင်းမြို့နယ် အတွင်းရှိ အရှိုချင်းလူ့အဖွဲ့အစည်းတွင် အတန်းအလွှာများ တိတိကျကျခွဲခြားထားခြင်းမရှိပေ၊ ရပ်ရွာကို အုပ်ချုပ်သော အကြီးအကဲများ၏ အဆင့်မှလွဲ၍ ရွာသူရွာသားများတွင် အထက်တန်းလွှာ၊ အလယ်တန်းလွှာ၊ အနိမ့်တန်းလွှာ ဟူ၍ ခွဲခြားထားခြင်း မရှိပေ။ လူတန်းစား အနိမ့်အမြင့်ခွဲခြားမှု နည်းပါးလှပေသည်။ သို့ဖြစ်၍ အရှိုချင်းကျေးရွာများတွင် အကြီးအကဲများ၏ ဩဇာသြောင်းကာ စည်းလုံးညီညွတ်မှု အပြည့်အဝရှိကြောင်း လေ့လာရပါသည်။

## နိဂုံး

ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ်အတွင်းရှိ အရှီချင်းရွာများအနက် ဂုံညှင်းတန်းချင်းရွာ၊ ပဲကြီးချင်းရွာနှင့် သံလယ်ကြီးချင်းရွာနေ အရှီချင်းတိုင်းရင်းသားများ၏ လူမှုရေးဖွဲ့စည်းပုံကို အခန်း (၄) ခန်း ခွဲခြား၍ လေ့လာခဲ့ပါသည်။

အရှီချင်းများ၏ နောက်ခံသမိုင်းကြောင်းနှင့် ပန်းတောင်းမြို့နယ် အတွင်းရှိ အထက်ပါ အရှီချင်းကျေးရွာများသို့ အရှီ (မြေပြန့်) ချင်းများ ရောက်ရှိလာပုံသမိုင်းကို လေ့လာကြည့်သော် အရှီချင်း တိုင်းရင်းသားတို့သည် ပြည်ထောင်စု တိုင်းရင်းသားများနှင့် သွေးတူသားတူ ဆွေမျိုးတော် စပ်လျက်ရှိသော ဆွေမျိုးသားချင်းများပင် ဖြစ်ပါသည်။ အရှီချင်းရွာများတွင် (၉၀) ရာခိုင်နှုန်းမှာ အရှီချင်းများပင်ဖြစ်၍ ကရင်၊ ဗမာ အနည်းငယ်မျှသာ အတူတကွ နေထိုင်ကြသဖြင့် အရှီချင်းသီး သန့်ရွာလေးများဟု ဆိုနိုင်ပေသည်။ ရာသီဥတုမှာ အပူပိုင်းရာသီဥတုဖြစ်ပြီး အဖိုးတန်ကျွန်းသစ် နှင့် သစ်မာအမျိုးမျိုးလည်း ရရှိနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာလည်း အတော်အတန် အခက်အခဲများ ရှိနေသေးကြောင်းနှင့် ဧရာဝတီမြစ်ကူးတံတားကြီး ပြီးဆုံးသွားပါက ပိုမိုလွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ပေသည်။ အရှီချင်း အိမ်ပုံစံများမှာလည်း ရိုးရာအိမ်ပုံစံများ မတွေ့ရတော့ဟု ဆိုသော်လည်း ရိုးရာအခန်းဖွဲ့မှုပုံစံများကိုမူ ယနေ့တိုင်တွေ့နိုင်ပါသည်။ အရှီချင်းများ၏ ရုပ်ပိုင်း အနေအထားမှာ တိဗက်-မြန်မာ အနွယ်ဝင်များဖြစ်၍ ဗမာများနှင့် ဆင်တူကြောင်း တွေ့ရှိရပါသည်။ သို့သော် ဝတ်စားဆင်ယင်မှုတွင် ပြောင်းလဲလာကြောင်းတွေ့ရပါသည်။

ထို့ပြင် အရှီချင်းများ၏ "လူမှုရေးဖွဲ့စည်းပုံ" ကိုလည်း အသေးစိတ်ဖော်ပြထားပါသည်။ အရှီချင်းမိသားစု ဖွဲ့စည်းပုံကို လေ့လာကြည့်သော် ရှေးယခင်က အိမ်ထောင်တွဲမိသားစုများ ဖြစ်သဖြင့် လက်ထပ်ပြီးသော သားယောကျာ်းလေးများ၏ မိသားစု၊ လက်ထပ်ပြီးသော မြေးယောကျာ်းလေး များ၏ မိသားစု၊ လက်ထပ်ပြီးသော ညီ၊ အစ်ကိုများ၏ မိသားစုများ အတူနေထိုင်ကြသော်လည်း ယခုအခါတွင် လက်ထပ်ပြီးသော အချို့သားများသာ အတူနေထိုင်သည့်အတွက် အိမ်ထောင်တွဲ မိသားစုပုံစံ ပေါ်လွင်မှုမရှိတော့ကြောင်း တွေ့ရှိရပါသည်။ သို့သော်ရှေးယခင်ကကဲ့သို့ပင် ဖခင်နှင့် အစ်ကိုကြီးမှာ ဩဇာရှိကြပြီး စည်းလုံးညီညွတ်မှု ရှိသဖြင့် မိသားစု အဆောက်အအုံကို တည်တံ့ခိုင် မြဲစေပါသည်။

ဆွေမျိုးတော်စပ်ပုံစနစ်ကို လေ့လာကြည့်သော် ဖခင်ဘက်မှ တော်စပ်သော ဆွေမျိုးများကို ဦးစားပေးလေ့ရှိသည်ကို တွေ့ရပါသည်။ သို့သော် သာရေး၊ နာရေး ကိစ္စများတွင် မိခင်ဘက်မှ ဆွေမျိုးများနှင့် ဖခင်ဘက်မှ ဆွေမျိုးများ နှစ်ဦးနှစ်ဖက် ဖိတ်ကြား၍ အတူတကွ လက်တွဲလုပ်ကိုင်လေ့ရှိသည်ကို တွေ့ရပေသည်။ တစ်ဦးချင်း ကိစ္စများတွင်ဖြစ်စေ၊ ဆွေမျိုးတစ်စုလုံးအတွက် ပြုလုပ်ဆောင်ရွက်သော ကိစ္စများတွင်ဖြစ်စေ ဆွေမျိုးများသည် လူအင်အားဖြင့်လည်းကောင်း၊ အစားအစာ လက်ဆောင်ပစ္စည်းများဖြင့်လည်းကောင်း အပေးအယူအပြန်အလှန် ကူညီကြပြီး စည်းလုံးညီညွတ်မှုရှိကြောင်းလေ့လာသိရှိရပါသည်။

အမွေဆက်ခံခြင်းနှင့် ပတ်သက်၍ ရှေးယခင်က အဖမျိုးရိုးဆက်လိုက်စနစ်အရ အမွေဆက်ခံနိုင်ကြသည်။ သို့သော် မိဘသဘောမတူသော မိန်းမယူလျှင် အမွေဖြတ်နိုင်ပါသည်။ ယခုအခါတွင် အခြားသားသမီးများမရှိဘဲ သမီးတစ်ယောက်သာ မွေးလျှင်လည်း ပစ္စည်းအမွေဆက်ခံနိုင်ကြောင်း လေ့လာသိရှိရပါသည်။

အရှိုချင်းများ၏ အပျိုလူပျိုဘဝသည် အလွတ်လပ်ဆုံးနှင့် အပျော်ပါးဆုံး ဘဝဟု ဆိုနိုင်ပါသည်။ ရှေးယခင်က အပျိုဂေဟာများတွင် လူပျိုလှည့်ခွင့်ပေးထားကြောင်းနှင့် အပျိုအိမ်သို့လူပျိုလှည့်လိုပါကလည်း အမျိုးသမီးပျိုအိမ်မှ သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ လက်ခံစကားပြောဆိုရသည်ဟူသော ရိုးရာဓလေ့ထုံးစံမှာလည်း ယခုအခါတွင် အရိပ်အငွေ့မျှသာ ကျန်ရှိတော့ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် စေ့စပ်ကြောင်းလမ်းခြင်းနှင့် ပတ်သက်၍ ရှေးအခါက ကင်ပွန်းတပ်စဉ်ကပင် ဆိုင်သူမောင်နှမဝမ်းကွဲများအား စေ့စပ်ပေးလေ့ရှိသော ဓလေ့သည်လည်း ယခုအခါတွင် လုံးဝပျောက်ကွယ်သွားပြီဖြစ်ပါသည်။

ရှေးယခင်က လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ဦးစားပေးစည်းမျဉ်းဖြစ်သော လိင်ကွဲ မောင်နှမမွေး ဝမ်းကွဲမောင်နှမများ လက်ထပ်ခြင်းကို တွေ့ရသည်။ မင်္ဂလာအခမ်းအနား ကျင်းပပုံ ဓလေ့ထုံးစံများကိုလွန်ခဲ့သည့် အနှစ်(၂၀) အချိန်အထိ ကျင့်သုံးလျက်ရှိနေသေးကြောင်း လေ့လာသိရှိရပါသည်။ ယခုအခါတွင်လည်း အရှိုချင်းတိုင်းရင်းသားတို့သည် တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးလျက်ရှိကြသဖြင့် အိမ်ထောင်ရေး ဖောက်ပြန်မှုများ လျော့နည်းစေပြီး မိသားစုဘဝ ချမ်းမြေ့သာယာစေပါသည်။

မီးဖွားခြင်းဆိုင်ရာ ဆောင်ရန်နှင့် ရှောင်ရန် အချက်များကို ရှေးအခါမှစ၍ ယခုအချိန်ထိ ဆက်လက်ကျင့်သုံး နေသေးကြောင်း တွေ့ရပါသည်။ ရှေးယခင်က အရှိုချင်းများ နာမကျန်းဖြစ်သည့်အခါတွင် ဘိုးဘွား ဝိညာဉ်နတ်ကိုးကွယ်သူများ ဖြစ်သည့်အလျောက် ရိုးရာပူဇော်ပသမှုများဖြင့် ကုသကြကြောင်းနှင့် ယခုအခါတွင် အလွန်အမင်းဖျားနာမှုဖြစ်လျှင် ထိုဓလေ့ထုံးစံများအရ ကုသမှုများ ရှိနေသေးကြောင်း လေ့လာသိရှိရပါသည်။ ထို့အတူ အရှိုချင်းများ၏ အသုဘ အခမ်းအနားများတွင် ရှေးရိုးရာ ပူဇော်ပသမှုများ ပြုလုပ်ခြင်းမရှိတော့ချေ။ သို့သော် သံလယ်ကြီး ကျေးရွာရှိ အရိုးတောင်ပေါ်တွင် အရိုးတိုင်များကို ယနေ့တိုင်အောင် တွေ့မြင်နိုင်ပါသည်။

အရှိုချင်းတိုင်းရင်းသားများ၏ စီးပွားရေးကို လေ့လာကြည့်သော် စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်ကြကြောင်း စိုက်ပျိုးရေးလုပ်ကိုင်ရာတွင် လက်ကူလက်စားလိုက်စနစ်ဖြင့် ဝိုင်းဝန်းကူညီလုပ်ကိုင်ကြကြောင်းနှင့် ဖွံ့ဖြိုးရေး အယူဝါဒများကိုလည်း ယနေ့တိုင်ကျင့်သုံးလျက်ရှိကြောင်း တွေ့ရှိရပါသည်။ လက်မှုလုပ်ငန်းဖြစ်သည့် ချင်းရိုးရာ ဂျပ်ခုတ်ထည်ယက်လုပ်ငန်းမှာ ယခုအခါ အရှိုချင်းအမျိုးသမီးများ၏ မိသားစု အပိုဝင်ငွေရှာခြင်းဖြင့် အရှိုချင်းတို့၏ စီးပွားရေးကို တိုးတက်လာစေပါသည်။ ပန်းတောင်းမြို့နယ် အတွင်းတွင် အကြီးစားစက်မှုလုပ်ငန်းများရှိသည့်အတွက် အရှိုချင်းတိုင်းရင်းသား အစိုးရဝန်ထမ်းလုပ်ကိုင်သူများကြောင်း၊ လုပ်ငန်းများလုပ်ကိုင်ရာတွင် အများနှင့်ဆိုင်သော လုပ်ငန်းများအတွက် စုပေါင်းလုပ်ဆောင်နည်းဖြင့် လုပ်အားဖွဲ့စည်းမှုများ ပုဂ္ဂလိကလုပ်ငန်းများအတွက် အပြန်အလှန်ကူညီခြင်းဖြစ်သော လက်စားလိုက် လုပ်အားဖွဲ့စည်းမှုများ စုပေါင်းဆောင်ရွက်လုပ်ကိုင်ကြသဖြင့် လူမှုပေါင်းသင်းဆက်ဆံရေးကို ကျယ်ပြန့်စေပါသည်။

အရှိုချင်းတိုင်းရင်းသားတို့၏ ဘာသာရေးကို လေ့လာကြည့်သော် ပုဇ္ဇာန်းဆရာ (နတ်ဆရာ) များသည် ပူဇော်ပသမှုများ ပြုလုပ်ပေးကြရသဖြင့် ပုဇ္ဇာန်းဆရာများကို အများက ရိုသေလေးစားကြသည်။ ထို့ကြောင့် ပုဇ္ဇာန်းဆရာများ၏ ဩဇာသည် လူထုအပေါ်တွင် လွှမ်းမိုးမှုပိုရှိသည်။ ၎င်း၏ ဩဇာလွှမ်းမိုးမှုသည် အရှိုချင်းတို့၏ လူမှုရေးနှင့် သာသာရေးတို့တွင် စည်းလုံးညီညွတ်မှုကို ရရှိစေပါသည်။ ယခုအခါတွင် အရှိုချင်းများသည် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ဘာသာဝင်များ ဖြစ်လာကြသည်ဟု ဆိုသော်လည်း ရိုးရာပူဇော်ပသမှုများနှင့် ရိုးရာဓလေ့ထုံးစံအတော်များများကို အရိပ်အငွေ့အဖြစ်တွေ့ရှိနိုင်ကြောင်း လေ့လာရပါသည်။ ထို့အပြင် မိမိတို့ကိုယ်ပိုင်ရိုးရာဓလေ့နှင့်စာပေများကို

ယနေ့တိုင် ဆက်လက်ထိန်းသိမ်းထားကြောင်းကို မြို့နယ်အတွင်း စိုက်ထူထားသော ဆိုင်းဘုတ်များ၊ ပိုစတာများက သက်သေခံလျက်ရှိသည်။

ပန်းတောင်းမြို့နယ်အတွင်းရှိ အရှိုချင်းတိုင်းရင်းသားတို့၏ လူမှုရေးဖွဲ့စည်းပုံကို သုံးသပ်တင်ပြရမည်ဆိုသော် အရှိုချင်းတို့၏ ရှေးရိုးရာ ဓလေ့ထုံးစံအနည်းငယ်မျှသာ ရိုးရာမပျက်ကျန်ရှိနေသေးသော်လည်း ရိုးရာဓလေ့အတော်များများမှာ ပြောင်းလဲမှုများ၊ လုံးဝပျောက်ကွယ်မှုများ ရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုသို့ဖြစ်ရသည့် အကြောင်းများမှာ –

(၁) အရှိုချင်းရွာများသို့ ရှေးအခါထက်ယခုအခါတွင် သွားလာရေး လွယ်ကူလာပြီဖြစ်၍ အနီးအနားရှိတိုးတက်နေသောမြို့သူမြို့သားများနှင့်ကူးလူးဆက်ဆံမှု ပိုများလာသည်။

(၂) ကူးလူးဆက်ဆံမှု များပြားလာသည်နှင့်အမျှ ယဉ်ကျေးမှုချင်း ရောနှောလာကာ အသစ်တည်ထွင်မှုများရှိလာပြီး ရှေးရိုးရာဓလေ့ထုံးစံများမှာလည်း တဖြည်းဖြည်း ပြောင်းလဲမှုများရှိလာသည်။

(၃) ရှေးယခင်က အရှိုချင်းများသည် ဘိုးဘွားဝိညာဉ်ကိုးကွယ်သူများဖြစ်သော်လည်း ယခုအခါတွင် ခရစ်ယာန် အနည်းငယ်နှင့် အများစုမှာ ဗုဒ္ဓဘာသာဝင်များဖြစ်လာကြ၍ ဘာသာရေးဆိုင်ရာပွဲတော်များ၊ စွဲလန်းယုံကြည်မှုများတွင် ပြောင်းလဲမှုများ ရှိလာသည်။

အချုပ်အားဖြင့်ဆိုရသော် အရှိုချင်းတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ အချို့ပြောင်းလဲရခြင်း၊ ပျောက်ကွယ်သွားရခြင်းမှာ သွားရေးလာရေးလွယ်ကူလာ၍ ကူးလူးဆက်ဆံမှုများလာခြင်း၊ ကူးလူးဆက်ဆံမှုများလာ၍ [၁] **ယဉ်ကျေးမှုဓလေ့ထုံးစံချင်းရောနှောသွားခြင်း၊** တီထွင်မှုများရှိလာခြင်း၊ ဓလေ့ထုံးစံအရ ပူဇော်ပသမှုများမှာ အကုန်အကျများခြင်း၊ ဘာသာရေးပြောင်းလဲလာခြင်းတို့ကြောင့်ပင်ဖြစ်ကြောင်းရေးသားတင်ပြလိုက်ရပေသည်။

---

၁ Diffusionism

## ကျမ်းကိုးစာရင်း


| | | | |
|---|---|---|---|
| ၁။ | မင်းတပ်ဘုန်နိန်း၊ | ချင်းတောင်သမိုင်း | ၁၉၆၇ ခုနှစ် |
| ၂။ | ဥတ္တမသာရ၊ အသျှင် | ချင်းရာဇဝင် | ၁၃၁၃ ခုနှစ်၊ ပြာသိုလဆန်း(၁၁) ရက် |
| ၃။ | လှ၊ ဦး (လူထု) | ချင်းပုံပြင်များ | ၁၉၆၆ ခုနှစ်၊ မတ်လ |
| ၄။ | စံထွန်းအောင်၊ ဦး | ကျေးလက်ပျော်ရွှင်မှုများ | ၁၉၆၈ ခုနှစ် |
| ၅။ | အောင်သိန်း၊ ဦး (ဆင်ဖြူကျွန်း) | မြန်မာ့ထိုးကွင်း မှင်ကြောင်ခလေ့ | ၁၉၆၈ ခုနှစ်၊ ပထမအကြိမ် |
| ၆။ | ပိုရှမ်း၊ ဦး | အရှိုချင်းသမိုင်း (ပထမတွဲ) | |
| ၇။ | မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ | ချင်း၊ | ၁၉၆၈ ခုနှစ်၊ဖေဖော်ဝါရီလ ပထမအကြိမ် |
| ၈။ | ထွန်းသန်း၊ ဆလိုင်း (ဒေါက်တာ) | အရှိုချင်းတို့၏ရှေးကဗျာ | |
| ၉။ | မြတ်မင်း၊ မောင် (ငွေတာရီမဂ္ဂဇင်း) | အရှိုချင်းနှင့်ဝက်သည်းကြည့် မင်္ဂလာ | ၁၉၇၃ ခုနှစ်၊ဖေဖော်ဝါရီလ |
| ၁၀။ | မြန်မာ့သမိုင်းဖြစ်ရပ်မှန်များ ရေးသားပြုစုရေးအဖွဲ့ကစီစစ်၍ ကျော်ဝင်း၊ ဦး၊ မြဟန်၊ ဦး သိန်းလှိုင်၊ ဦး | တိုင်းရင်းသားလူမျိုးများအရေး နှင့်၁၉၄၇ ခုနှစ်အခြေခံဥပဒေ ပထမတွဲ | ၁၉၉၀ ခုနှစ်၊ မေလ ဒုတိယအကြိမ် |

၁၁။ Hla U, Sama B.A, ASHO Southern Chin Primer, 1952.

၁၂။ Shwe Wa, Mg, Burma Baptist Chronicle,1963.

၁၃။ Coleonel Herace Brown, Account of the Chins in the District of Thyetmyo extracted from the Statistical and Historical Account of the Districte of Thyetmyo, 1987.

၁၄။ Raymond Firth, Elements of Social Organization, Second Edition 1956.

၁၅။ Keesing, Cultural Anthropology, 1958.

၁၆။ Ralph L.Beals, Harry Aoijer, An Introduction to Anthropology, 1966.


၁၇။ Boas, The Mind of Primitive Man, 1965.


၁၈။ J.S. Furnival, The Govermance of Modern Burma, Institute of Pacific Relations, New York, 1960.


## တွေ့ဆုံဖြေကြားပေးသူများစာရင်း

| | | |
|---|---|---|
| ၁။ | ဗုံဂျီဆိုင်၊ အရှိချင်းဘာသာဥက္ကဋ္ဌဟောင်း၊ သံလယ်ကြီး | ၉၄ နှစ် |
| ၂။ | ဒေါ်မြရင်၊ အထက်ပဲကြီးချင်းရွာ | ၈၀ နှစ် |
| ၃။ | ဒေါ်ငွေ၊ တလုပွင်ချင်းရွာ | ၇၅ နှစ် |
| ၄။ | ဒေါ်အုန်းမေ (မ)၊ အရိုးကျိုးကုဆရာမကြီး၊ တလုပွင်ချင်းရွာ | ၇၃ နှစ် |
| ၅။ | ဥူးကေသရ၊ ဂုံညှင်းတန်းတောင်ပေါ်ကျောင်း | ၇၂ နှစ် |
| ၆။ | မြင့်တက်အောင်ရှိန်း၊ အရှိချင်းဘာသာအတွင်းရေးမှူးဟောင်း | ၇၀ နှစ် |
| ၇။ | ဒေါ်မငယ်၊ သံလယ်ကြီးချင်းရွာ | ၇၀ နှစ် |
| ၈။ | ဒေါ်မေရှင်၊ ဂုံညှင်းတန်းချင်းရွာ | ၇၀ နှစ် |
| ၉။ | ဥူးသူရိယ၊ ဂုံညှင်းတန်းတောင်ပေါ်ကျောင်း | ၆၇ နှစ် |
| ၁၀။ | ဆမိုးနူးလှရီ၊ အထက်တန်းကျောင်းအုပ် (ငြိမ်း) | ၆၆ နှစ် |
| ၁၁။ | ဆလိုင်းခင်မောင်၊ ပဲကြီးချင်းရွာ | ၅၉ နှစ် |
| ၁၂။ | ဆလိုင်းစိန်မောင်၊ အကျိုးဆောင်သာသနာ့ဝန်ထမ်း | ၅၆ နှစ် |
| ၁၃။ | ဆမိုးအောင်ရှန်း၊ ခရစ်ယာန်ဓမ္မဆရာ၊ ရန်ကုန် | ၅၅ နှစ် |
| ၁၄။ | ဆမိုးအောင်လှ၊ ခရစ်ယာန်ဓမ္မဆရာ၊ သံလယ်ကြီးအသင်းတော် | ၅၃ နှစ် |
| ၁၅။ | ဆလိုင်းသိန်းလွင်၊ ညောင်ပင်ရွာ | ၅၂ နှစ် |
| ၁၆။ | ဆလိုင်းအောင်ကြီး၊ တလုပွင်ချင်းကျေးရွာ | ၅၁ နှစ် |
| ၁၇။ | ဦးလှအေး၊ စီမံရေးဌာန၊ က.စ.လ (၄) | ၄၉ နှစ် |
| ၁၈။ | ဥူးအာလောက၊ ရေလယ်ကြီးကျောင်း (သရက်တော) | ၄၇ နှစ် |
| ၁၉။ | မိုင်စိန်မြိုင်၊ တလုပွင်ချင်းရွာ | ၄၅ နှစ် |
| ၂၀။ | မိုင်သန်းအေး၊ ပြည်မြို့ | ၄၅ နှစ် |
| ၂၁။ | မိုင်သန်းကြွယ်၊ ပြည်မြို့ | ၄၅ နှစ် |
| ၂၂။ | ဒေါ်ခင်ဝင်း၊ ပဲကြီးချင်းရွာ | ၄၅ နှစ် |
| ၂၃။ | ဆလိုင်းစိန်ထွေး၊ ဂုံညှင်းတန်းချင်းရွာ | ၄၄ နှစ် |
| ၂၄။ | ဆလိုင်းတင်ရှိန်၊ ပစ္စည်းစီမံရေးဌာန၊ က.စ.လ (၄) | ၄၄ နှစ် |


| | | |
|---|---|---|
| ၂၅။ | ဆလိုင်းရီယန်ဗဲလ်၊ ဥက္ကဋ္ဌ၊ ချင်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ကော်မတီ၊ ရန်ကုန်တက္ကသိုလ် | ၄၀ နှစ် |
| ၂၆။ | ဆလိုင်းအောင်ကျော်၊ ဂုံညှင်းတန်း ရ.ဝ.တ | ၃၂ နှစ် |
| ၂၇။ | ဆလိုင်းအောင်မင်းလှိုင်၊ ရန်ကုန် | ၃၂ နှစ် |
| ၂၈။ | ဒေါ်လှကြည်၊ က.စ.လ (၄) | ၃၀ နှစ် |
| ၂၉။ | ဆလိုင်းအုန်းရွှေ၊ ရန်ကုန် | ၂၈ နှစ် |
| ၃၀။ | မိုင်အေးရွှေ၊ သံလယ်ကြီး | ၂၆ နှစ် |
| ၃၁။ | ဆလိုင်းမြတ်လင်း၊ သံလယ်ကြီး | ၂၅ နှစ် |
| ၃၂။ | ဆလိုင်းဝင်းသူရိန်၊ သံလယ်ကြီး | ၂၄ နှစ် |
| ၃၃။ | ဒေါ်တင်နွယ်လှိုင်၊ အ.ထ.က ဂုံညှင်းတန်း | ၂၃ နှစ် |
| ၃၄။ | ဆလိုင်းသန်းမောင်၊ ဂုံညှင်းတန်းချင်းရွာ | ၂၀ နှစ် |
| ၃၅။ | မိုင်ဒွေးဒွေးရီ၊ သံလယ်ကြီး | ၁၉ နှစ် |
| ၃၆။ | ဆလိုင်းအောင်နိုင်ဦး၊ သံလယ်ကြီး | ၁၈ နှစ် |
| ၃၇။ | ဆလိုင်းအောင်နိုင်ဝင်း၊ သံလယ်ကြီး | ၁၆ နှစ် |
| ၃၈။ | ဆလိုင်းတင်မြင့်၊ သံလယ်ကြီး | ၁၅ နှစ် |
| ၃၉။ | မိုင်လှလှ၊ သံလယ်ကြီး | ၁၅ နှစ် |
| ၄၀။ | မိုင်ခင်မာချို၊ သံလယ်ကြီး | ၁၅ နှစ် |
| ၄၁။ | မိုင်နန်းမူ၊ သံလယ်ကြီး | ၁၅ နှစ် |
| ၄၂။ | မိုင်နွယ်နီဝင်း၊ က.စ.လ (၄) | ၁၅ နှစ် |
| ၄၃။ | မိုင်လှတေဇာဝင်း၊ က.စ.လ (၄) | ၁၃ နှစ် |
| ၄၄။ | ဆလိုင်းဟန်ဝင်း၊ က.စ.လ (၄) | ၇ နှစ် |


N
S
လယ်မြေများ
ဘုန်းကြီးကျောင်း
ဂုံညင်းတန်းချင်းရွာ
ဂုံညင်းတန်းမြို့မ ရွာ
လယ်မြေများ
ရှုံး နွယ် ချောင်း
ဂုံညင်းတန်းချင်းရွာ
ပန်းတောင်းမြို့နယ်
စကေး၁လက်မ = ၃၃၀.ပေ


N
S
လယ်ကွင်း များ
လယ်ကွင်း များ
ပဲကြီးရွာ
တွဲဘက်အလယ်တန်း
ကျောင်း
ပဲကြီး မြန်မာရွာ
ဘူ ရဲ တန်း ချောင်း
သရက်ပင်
ကျွင်း
ကျောင်း
အလယ်ပဲကြီးရွာ
ပဲကြီးချင်းရွာ
ပန်းတောင်းမြို့နယ်
စကေး(၁)လက်မ=၃၃၀ ပေ



သံလယ်ကြီးရွာပြမြေပုံ
မ
ကိုင်းမြေ
လယ်ကွင်း
အခြေခံပညာ
မူလတန်း
ကျောင်း
ဗုဒ္ဓဘာသာ
ဘုန်းတော်ကြီး
ကျောင်း
ကိုင်းမြေ
ဥယျာဉ်ခြံမြေ
ကက်သလစ်ခရစ်ယာန်
ဘုရားရှိခိုးကျောင်း
လယ်ကွင်း
ကိုင်းမြေ
ကိုင်းမြေ
စကေး (၁)လက်မ = ၄၄၀ ပေ


မကွေးတိုင်း
ကံမမြို့နယ်
ပန်းတောင်းမြို့နယ်
ပြည်ခရိုင်
ပဲခူးတိုင်း
ပြည်မြို့နယ်
သနိချောင်းကြိုးဝိုင်း
သံလယ်ကြီးကြိုးဝိုင်း
ဘူးဂိုးကြိုးဝိုင်း
သူရဲတန်းကြိုးဝိုင်း
ရခိုင်ပြည်နယ်
တောင်ကုတ်မြို့နယ်
ရွှေတောင်မြို့နယ်
ကြံခင်းမြို့နယ်
ထိပ်ပေါက်
သူရဲတန်း
ရည်ညွှန်းချက်
၁။ မြို့နယ်နယ်နိမိတ် -
၂။ ကျေးရွာအုပ်စုနယ်နိမိတ် -
၃။ မော်တော်ကားလမ်း -
၄။ မီးရထားလမ်း -
၅။ မြို့ -
၆။ ကျေးရွာအုပ်စု -
၇။ မြစ်/ချောင်း -